# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## ချမ်းသာကို ဆောင်ရွက်တတ်၏

အလွန့်အလွန် မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော အလိုရှိရာအာရုံ၌ ကျလေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သောစိတ်သည် ချမ်းသာကို ဆောင်ရွက်တတ်၏။

**စိတ္တဝဂ်(ဓမ္မပဒ-၃၆)**


၁၃၇၉ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၉ ရက် | ၂၀၁၇ ခုနှစ်၊ အောက်တိုဘာ ၂၈ ရက်၊ စနေနေ့၊ | အတွဲ (၅၇)၊ အမှတ် (၀၂၈)


# နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံး၊ စစ်သံရုံးဝန်ထမ်းများနှင့် တွေ့ဆုံ

စာ ၃



# ကုန်စည်ဒိုင်များမှလည်း သီးနှံများရောင်းဝယ်ရာတွင် စည်းမျဉ်း၊ စည်းကမ်းအတိုင်း စနစ်တကျထိန်းကျောင်းပေးရန်လိုကြောင်း ဒုတိယသမ္မတ ဦးမြင့်ဆွေ ပြောကြား




ဒုတိယသမ္မတ ဦးမြင့်ဆွေ မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များနှင့် (၁၁)ကြိမ်မြောက် ပုံမှန်တွေ့ဆုံပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ် (သတင်းစဉ်)

**ရန်ကုန် အောက်တိုဘာ ၂၇**

ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီသည် မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များနှင့် (၁၁)ကြိမ်မြောက် ပုံမှန်တွေ့ဆုံပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကားပြောကြားသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ဒုတိယဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ လုပ်ငန်းကော်မတီ(၅) ရပ်မှ တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဘဏ်များအသင်းဥက္ကဋ္ဌ၊ ကချင်ပြည်နယ် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ တနင်္သာရီတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကလေး-တမူးနယ်စပ် ကုန်သွယ်ရေးကုန်သည်များအသင်း၊ မြန်မာ့စီးပွားရေးဖိုရမ် (မြေယာလုပ်ငန်းအဖွဲ့-မြို့ပြ)၊ မြန်မာ့မော်တော်ယာဉ်ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းရှင်များအသင်း၊

*စာမျက်နှာ ၄ ကော်လံ ၁* ❄

## e-Banking စနစ်များ ပိုမိုအောင်မြင်ရန်နှင့် အီလက်ထရွန်နစ်ငွေပေးချေမှုများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် ဆက်လက်ဆောင်ရွက်သွားမည်

ပြည်သူ့လွှတ်တော်အစည်းအဝေး စာ ၇

## ၁၉၄၈ ခုနှစ် ဆိပ်ကမ်းအလုပ်သမားများ အလုပ်စီစဉ်ရေးအက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း လွှတ်တော်သို့တင်သွင်း

အမျိုးသားလွှတ်တော်အစည်းအဝေး စာ ၈

## မောင်တောမြို့နယ်အတွင်းရှိ မိုးစပါးစိုက်ခင်းများ အောက်တိုဘာ ၂၈ ရက်တွင် စတင်ရိတ်သိမ်းပေးမည်

ပြည်တွင်းသတင်း စာ ၁၁

## မြောက်ကိုရီးယားရေပိုင်နက်ထဲဝင်လာသော တောင်ကိုရီးယားငါးဖမ်းသင်္ဘောကို ပြန်လွှတ်ပေးမည်ဟု မြောက်ကိုရီးယားပြော

နိုင်ငံတကာသတင်း စာ ၁၄




မြန်မာ့အလင်း

# ရောဝတီမြစ်ဝှမ်း ဘက်စုံစီမံခန့်ခွဲမှု စီမံကိန်း

ရောဝတီတည်တံ့မှသာ မြန်မာနိုင်ငံ တည်တံ့မည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ရောဝတီမြစ်ကို အမိရောဝတီဟု တင်စားကြခြင်းဖြစ်ပါသည်။ အမိရောဝတီ တည်တံ့ရေးသည် သဘာဝအလျောက် ပြုပြင်ထိန်းသိမ်းမှု မရှိ၊ လက်လွှတ်ထားပါက ဖြစ်ပေါ်လာမည် မဟုတ်ပါ။ ပြောင်းလဲလာသော သဘာဝရာသီဥတုအခြေအနေနှင့် နိုင်ငံသူ၊ နိုင်ငံသားတို့၏ စီးပွားရေးဆိုင်ရာ လုပ်ဆောင်ချက်တို့ကြောင့် ရောဝတီမြစ်၏ ထာဝရတည်တံ့ရေးသည် ခြိမ်းခြောက်စိန်ခေါ်ခံရမည်ဖြစ်ပါသည်။

ထာဝရတည်တံ့ရေးအတွက် ရောဝတီမြစ်ဝှမ်း ဘက်စုံစီမံခန့်ခွဲမှု စီမံကိန်းဆိုင်ရာ အစီရင်ခံစာတစ်ရပ်ထုတ်ပြန်နိုင်ရန် ကမ္ဘာ့ဘဏ်၏ချေးငွေ ဒေါ်လာသန်းတစ်ရာဖြင့် နိုင်ငံတော်က အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။ ပြီးခဲ့သောနှစ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။ အဆိုပါ အစီရင်ခံစာအပေါ်မူတည်၍ ရောဝတီမြစ်ဝှမ်း ဘက်စုံစီမံခန့်ခွဲမှု ပင်မစီမံချက်ကို ၂၀၂၀ ပြည့်နှစ်တွင် အပြီးသတ် ရေးဆွဲသွားမည်ဖြစ်ပါသည်။ သတင်းထုတ်ပြန်ချက်အရ ရောဝတီမြစ် ဘက်စုံစီမံခန့်ခွဲမှု စီမံကိန်းကို အစိုးရမဟုတ်သော ပြည်တွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်း ၂၅ ခုနှင့် ကျွမ်းကျင်ပညာရှင် ၇၀ ဦးအပါအဝင် ဒေသခံအဖွဲ့အစည်း ၈၀ ကျော်တို့က လက်တွဲ ဆောင်ရွက်ကြမည်ဖြစ်ပါသည်။ ဤစီမံကိန်း၏ တွေ့ရှိချက်များကိုလည်း ကျွမ်းကျင်ပညာရှင် ၃၃ ဦးက သုံးသပ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

ပြောင်းလဲနေသော ရာသီဥတုအပေါ်မူတည်၍ ရောဝတီမြစ်ကြောင်းသည် နှစ်စဉ်ပြောင်းလဲလျက်ရှိပါသည်။ ရောဝတီမြစ်သည် မြန်မာနိုင်ငံသူနိုင်ငံသားတို့၏ သက်ရှင်ရပ်တည်ရေးအတွက် သဘာဝရင်းမြစ်ဖြစ်သကဲ့သို့ သယ်ယူပို့ဆောင်ရေးအတွက် မှီခိုရာလည်း ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ရောဝတီမြစ်ကြောင်းကို နိုင်ငံတော် ရေကြောင်းသယ်ယူပို့ဆောင်ရေးကဏ္ဍ ထိထိရောက်ရောက်အသုံးပြုနိုင်ရေးအတွက် လိုအပ်သလို ပြုပြင်ထိန်းသိမ်းရမည်ဖြစ်ပါသည်။ ရောဝတီမြစ်၏ သဘာဝအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ထိန်းသိမ်းမှုနှင့်အတူ ဆောင်ရွက်နိုင်ရန် နိုင်ငံတော်က ရင်းနှီးမြှုပ်နှံမှုတို့ကို ဦးစားပေးအဆင့် သတ်မှတ်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။

စက်မှုလုပ်ငန်းတို့၏ ရေဆိုးအပါအဝင် စွန့်ပစ်ပစ္စည်းတို့သည် ရောဝတီမြစ်၏ သဘာဝရင်းမြစ်တို့ကို ထိခိုက်ပျက်စီးစေပါသည်။ သို့ဖြစ်ပါ၍ ရောဝတီမြစ်၏သဘာဝရင်းမြစ် ထိခိုက်မှုတို့ကို ပြည်သူတို့၏ လူမှုဝန်းကျင်ထိခိုက်မှုများနှင့် ယှဉ်တွဲ၍ စနစ်တကျ လေ့လာသုံးသပ်ရမည်ဖြစ်ပါသည်။ ရောဝတီမြစ်ဝှမ်း ဘက်စုံစီမံခန့်ခွဲမှုစီမံကိန်းသည် ဤလိုအပ်ချက်အားလုံးကို ဘက်ပေါင်းစုံမှ လေ့လာသုံးသပ်သွားမည်ဖြစ်၍ မြန်မာနိုင်ငံတော်ထာဝရတည်တံ့ရေးအတွက် အားပြုရမည့် စီမံကိန်းတစ်ရပ်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ရောဝတီမြစ်ဝှမ်းဘက်စုံစီမံခန့်ခွဲမှုစီမံကိန်းကို ကြိုဆိုဂုဏ်ပြုပါကြောင်း လေးစားစွာတင်ပြအပ်ပါသည်။ ။

## သတင်းနှင့်မှတ်ချက်

# ပုံ နှင့် အလုပ်

မမြင်ဝံ့မမြင်ရက်စရာများ၊ မကြားဝံ့မနာသာများ စသည့်လူမှုအနိဋ္ဌာရုံများ၊ အမင်္ဂလာသတင်းဆိုးများကို မိမိတို့ မမြင်လို၊ မကြားလို၊ မသိလိုကြသည့်တိုင်အောင် မကြာခဏဆိုသလို မြင်ရ၊ ကြားရ၊ သိရလေ့ရှိသည်။ ပင်မ မီဒီယာကြီးများမှသည် အင်တာနက်လူမှုကွန်ရက်များပေါ်အထိ(မမှန်သတင်းများမှလွဲ၍)တွေ့မြင်သိရှိကြရသော သတင်းများက လူမှုအဖွဲ့အစည်းအတွင်းမှ ကမောက်ကမ၊ ဖရိုဖရဲဖြစ်ရပ်များကို ဖော်ပြနေကြသည်။ သားအဖချင်း၊ ညီအစ်ကိုချင်း၊ သမီးယောက်ဖချင်း၊ ဖခင်နှင့်သမီးအရင်း၊ ဘကြီးဦးလေးနှင့် တူမအရင်း စသည့် သွေးရင်းသားရင်းမိသားစုဝင်များကြားမှ မကြားဝံ့မနာသာ အမှုအခင်းများ၊ ဥပဒေဝန်ထမ်းက ဥပဒေကို ချိုးဖောက်မှု၊ ပြည်သူကို ကာကွယ်စောင့်ရှောက်ရမည့်သူက ပြည်သူကို ဖိစီးနှိပ်စက်မှု၊ သာသနာ့ဝန်ထမ်းက ရာဇဝတ်ပြစ်မှုကျူးလွန်မှု၊ သစ်တောဝန်ထမ်းက သစ်ခိုးသူများနှင့် ပူးပေါင်းမှု ကဲ့သို့သော (အမှန်တကယ်ပြုရမည့် တာဝန်ဝတ္တရား ကျင့်ဝတ်ဝိနည်းတို့ကို မျက်ကွယ်ပြုကာ) အဂတိတရားနောက်သို့ လိုက်ပါ၍ ဖောက်လွဲဖောက်ပြန် ပြုကြမှုများ စသည်တို့က မိမိတို့လူမှုအဖွဲ့အစည်းကို စည်းကမ်းပြည့်ဝအောင်၊ ယဉ်ကျေးမှုမြင့်မားအောင်၊ လောကပါလတရားတို့ ထွန်းကားအောင် ဆက်လက်ဆောင်ရွက်ကြရဦးမည်ကို ညွှန်ပြနေခြင်းဖြစ်သည်ဟု ယူဆမိသည်။

၁၉၉၀ ပြည့်လွန်နှစ်များအတွင်း အရှေ့အာရှနိုင်ငံများနှင့် အရှေ့တောင်အာရှနိုင်ငံများမှ အာရှကျားများဟု တင်စားကြရသည့် စီးပွားရေးထွန်းသစ်စနိုင်ငံများပေါ်ထွက်လာခဲ့ခြင်းနှင့်အတူ တစ်ချိန်က အိပ်ပျော်နေသည့် လူမမာကြီးအဖြစ် ရှုမြင်ခဲ့ကြသော အာရှကို အနောက်ကမ္ဘာက စိတ်ဝင်တစားဖြစ်လာကြပြီး အာရှ၏ ပွင့်ထွန်းမှုသည် "အာရှတန်ဖိုး"ကြောင့်ဟူ၍လည်း ကောက်ချက်ဆွဲခဲ့ကြသည်။ "အာရှတန်ဖိုး(**Asia Value**)" ဆိုသော စကားရပ်၏ အနက်အဓိပ္ပာယ်ကိုမူ အမျိုးမျိုးဖွင့်ဆိုခဲ့ကြရာတွင် အဓိကအားဖြင့် ကွန်ဖျူးရှပ်အတွေးအခေါ်၏ ဩဇာသက်ရောက်မှုဆိုသောအချက်လည်း ပါဝင်ခဲ့သည်။

ကွန်ဖျူးရှပ်နိုင်ငံရေးအတွေးအခေါ်၏ အဓိကအချက်မှာ "အမည်မှန်ပြုခြင်း" သို့မဟုတ် အမည်နှင့်လိုက်အောင် နေထိုင်ပြုမူခြင်း (**The Rectification of Names**) ဖြစ်သည်။ "မင်းသည် မင်းမည်စေ၊ မှူးမတ်သည် မှူးမတ်မည်စေ၊ အဘသည် အဘမည်စေ၊ သားသည် သားမည်စေ" ဟု ကွန်ဖျူးရှပ်က ဆိုခဲ့သည်။ ဝေ့တိုင်းပြည်၏ ဘုရင်က ကွန်ဖျူးရှပ်အား အကယ်၍ တိုင်းပြည်ကို အုပ်ချုပ်ရမည်ဆိုပါက မည်သည်ကို ဦးစွာလုပ်မည်နည်းဟု မေးခဲ့ရာတွင်လည်း အမည်မှန်ပြုခြင်းကို ရှေးဦးစွာလုပ်မည်ဖြစ်သည်ဟု ကွန်ဖျူးရှပ်က ဖြေခဲ့သည်။ အမည်မှန်ပြုခြင်း၏ ရည်ရွယ်ချက်မှာ စည်းကမ်းပြည့်ဝသည့် လူ့ဘောင်တစ်ရပ်တည်တံ့ရေးအတွက် ထိန်းသိမ်းစောင့်ရှောက်ရန်ပင်ဖြစ်သည်။

စည်းကမ်းပြည့်ဝသည့် လူ့ဘောင်တွင် မင်းသည် မင်းပီသပြီး မှူးမတ်သည် မှူးမတ်ပီသသူ၊ ဖခင်သည် ဖခင်ပီသပြီး သားသည် သားပီသသူများ ဖြစ်ကြသည်။ ဖြန့်ကြက်စဉ်းစားမည်ဆိုပါက မိမိတို့သည် အမှုထမ်း၊ အရာထမ်းများဖြစ်ကြပြီး တစ်ပြိုင်တည်းတွင် အမိ အဘလည်းဖြစ်၊ သားသမီးလည်းဖြစ်၊ နိုင်ငံသူနိုင်ငံသားလည်း ဖြစ်နေသည်ဟုဆိုပါက နိုင်ငံ့တာဝန်ကျေပွန်ခြင်းဖြင့် အမှုထမ်း၊ အရာထမ်းဟူသော အမည်မှန်ပီသရမည်ဖြစ်ပြီး မိဘဝတ်၊ သားသမီးဝတ်များ ကျေပွန်အောင်ဖြည့်ကျင့်ခြင်းဖြင့် မိဘဟူသော အမည်မှန်၊ သားသမီးဟူသော အမည်မှန်တို့လည်း ပီသကြရမည်ဖြစ်သည်။ ဥပဒေနှင့်အညီ နေထိုင်ခြင်းဖြင့် နိုင်ငံသူ နိုင်ငံသားလည်း ပီသကြရမည်ဖြစ်သည်။

မိမိတို့ရယူထားသည့်နေရာ၊ ဝတ်ဆင်ထားသည့် ဝတ်စုံအဆင်တန်ဆာနှင့် မိမိတို့၏ ကျင့်သုံးပြုမူပုံ တစ်နည်းအားဖြင့် ပုံ(**form**) နှင့် အလုပ် (**Function**) တို့ တလွဲစီဖြစ်နေခြင်းသည် စည်းဘောင်လွတ်ခြင်း၊ ကမောက်ကမ၊ တလွဲတချော်ဖြစ်ခြင်းပင်ဖြစ်ပြီး လူ့ဘောင်၏ အနိဋ္ဌာရုံများကို ဖြစ်ပေါ်စေသည့်အလျောက် အမည်မှန်ပြုနိုင် (ဝါ) ပုံနှင့် အလုပ်တို့ ညီညွတ်နိုင်ကြပါစေကြောင်း။ ။

# ဂျပန်-မြန်မာ နှစ်နိုင်ငံ ပို့ဆောင်ရေးဒုတိယဝန်ကြီးများအဆင့်စည်းဝေး



**နေပြည်တော် အောက်တိုဘာ ၂၇**

စတုတ္ထအကြိမ်မြောက် ဂျပန်-မြန်မာ နှစ်နိုင်ငံ ပို့ဆောင်ရေးဒုတိယဝန်ကြီးများအဆင့် အစည်းအဝေးကို အောက်တိုဘာ ၂၆ ရက်က ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ဂျပန်နိုင်ငံ မြေယာအခြေခံအဆောက်အအုံ၊ ပို့ဆောင်ရေးနှင့် ခရီးသွားလာရေးဝန်ကြီးဌာန (MLIT) မှ ဒုတိယဝန်ကြီး Mr. Hiroshi Narahira ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ ဂျပန်သံရုံးနှင့် JICAမြန်မာရုံးမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ အရာရှိကြီးများ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် လေကြောင်းကဏ္ဍအနေဖြင့် ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ် တည်ဆောက်ရေးအတွက် ညှိနှိုင်းဆောင်ရွက်နေမှု၊ ညောင်ဦးလေဆိပ်သို့ လေယာဉ်များ ပိုမိုဘေးကင်းလုံခြုံချောမွေ့စွာ ဆင်းသက်ပျံသန်းနိုင်ရေးအတွက် အဆင့်မြှင့်တင်ရန် ဆောင်ရွက်နေမှု၊ ရထားပို့ဆောင်ရေးကဏ္ဍအနေဖြင့် ရန်ကုန်-မန္တလေး ရထားလမ်းနှင့် ရန်ကုန်မြို့ပတ်ရထားလမ်းအဆင့်မြှင့်တင်ရေး၊ ရေကြောင်းကဏ္ဍအနေဖြင့် ရခိုင်ပြည်နယ်တွင် ရေကြောင်းဖြင့် ခရီးသည်များ ဘေးအန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် ဂျပန်နိုင်ငံမှ ထောက်ပံ့ခဲ့သည့် ရေယာဉ်နှစ်စင်းအား ရေကြောင်းခရီးစဉ်များတွင် အသုံးပြုနေမှုစသည့်ကိစ္စရပ်များဆွေးနွေးခဲ့ကြသည်။

ထို့ပြင် ကုန်းလမ်းပို့ဆောင်ရေးကဏ္ဍတွင် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းစေရေးအတွက် မော်တော်ယာဉ်စစ်ဆေးခြင်းနှင့် မှတ်ပုံတင်ခြင်းလုပ်ငန်းများတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| စာတည်းမှူး | - ဝင်းရွှေ |
| စာတည်းမှူး | - မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

၂၇-၁၀-၂၀၁၇

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၁၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၆၇၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၁၀၀၀ |

စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)

| | | |
|---|---|---|
| ဒီဇယ် | ၇၃၀/၇၅၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၇၄၅/၇၅၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၈၅/၇၉၀ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၇၅၀/၇၇၀ ကျပ် | (လက်လီဈေး) |

နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၃ | ・၀ |
| ဥရောပ | တစ်ယူရို | ၁၆၀၆ | ・၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၀၁ | ・၄ |
| ထိုင်းဘတ် | တစ်ဘတ် | ၄၁ | ・၀၆ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ | ・၉၅ |
| တရုတ် | တစ်ယွမ် | ၂၀၅ | ・၈၈ |
| မလေးရှား | တစ်ရင်းဂစ် | ၃၂၂ | ・၆၀ |

# နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံး၊ စစ်သံရုံးဝန်ထမ်းများနှင့် တွေ့ဆုံ

**ဗန်ကောက် အောက်တိုဘာ ၂၇**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့သည် ယနေ့ ဒေသစံတော်ချိန် နံနက် ၁၁ နာရီ ၃၅ မိနစ်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ မြန်မာသံရုံးသို့ ရောက်ရှိပြီး သံအမတ်ကြီး ဦးမျိုးမြင့်သန်း၊ စစ်သံမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ် ခင်ဇော်၊ မြန်မာသံရုံးဝန်ထမ်းများ၊ စစ်သံရုံးဝန်ထမ်းများ၊ မိသားစုဝင်များနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် နိုင်ငံတော်သမ္မတအား သံအမတ်ကြီးက သံရုံးလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် သံအမတ်ကြီး၊ စစ်သံမှူး၊ မြန်မာသံရုံးဝန်ထမ်းများ၊ စစ်သံရုံးဝန်ထမ်းများ၊ မိသားစုဝင်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး သံရုံးအတွင်း လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့်အဖွဲ့ဝင်များအား သံအမတ်ကြီးက နေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် သံရုံးဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် မြန်မာသံရုံးမှ ခေတ္တတည်းခိုသည့် Okura Prestige Hotel သို့ ပြန်လည်ရောက်ရှိကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်နှင့် အဖွဲ့ဝင်များသည် ခေတ္တတည်းခိုသည့် Okura Prestige Hotel မှ မော်တော်ယာဉ်များဖြင့် ဒွန်မောင်းအပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ ထိုင်းဘုရင့်လေတပ် Wing-6 သို့ ရောက်ရှိပြီး ထိုမှတစ်ဆင့် အထူးလေယာဉ်ဖြင့် ထွက်ခွာခဲ့ကြရာ ညနေ ၄ နာရီ ၄၅ မိနစ်တွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့် အဖွဲ့ဝင်များအား ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့် ဇနီး၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မြင့်မော်၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Jukr Boon-Long နှင့် ဇနီးနှင့် တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**(သတင်းစဉ်)**



နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့အား နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တို့က ကြိုဆိုနှုတ်ဆက်စဉ် (သတင်းစဉ်)

# ဒေသဖွံ့ဖြိုးရေးနှင့် ဒေသခံများအကြား မှန်ကန်သောခံယူချက်၊ ယုံကြည်ချက်များ ပြန့်ပွားလာအောင် ပြုစုပျိုးထောင်ပေးရမည်

**နေပြည်တော် အောက်တိုဘာ ၂၇**

နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(စစ်ကိုင်း)၏ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်၊ နည်းပညာဘွဲ့ (B.Tech)နှင့် A.G.T.I ဒီပလိုမာသင်တန်းတို့၏ ဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် အဆိုပါဒီဂရီကောလိပ် ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပရာ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင် တက်ရောက်အမှာစကားပြောကြားသည်။ **(ယာပုံ)**

ပြည်ထောင်စုဝန်ကြီးက တိုင်းရင်းသားများအားလုံး၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန်၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဒီဂရီကောလိပ်(မန္တလေး)ကို ၂၀၀၀ ပြည့်နှစ် ဇူလိုင် ၁၂ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ၂၀၁၄ ခုနှစ် ဧပြီ ၂၈ ရက်တွင် စစ်ကိုင်းသို့ ပြောင်းရွှေ့ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း၊ ယနေ့အထိ ဝိဇ္ဇာဘွဲ့ ၂၆၃ ဦး၊ သိပ္ပံဘွဲ့ ၅၁၆ ဦး၊ A.G.T.I ဒီပလိုမာ ၃၆၃ ဦး စုစုပေါင်း ၁၁၄၂ ဦးတို့အား ဝန်ကြီးဌာန ၁၅ ခု၌ ဝန်ထမ်းကောင်းများအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိကြပါကြောင်း၊ သင်တန်းဆင်းပြီးသူများထဲမှ မဟာဘွဲ့ ၁၀၇ ဦး၊ မဟာသုတေသနဘွဲ့ ၂၈ ဦး၊ B.E ဘွဲ့ ၈၃ ဦး၊ M.E ဘွဲ့ ၁၅ ဦး၊ Ph.D ဘွဲ့ ၁၅ ဦးကိုအောင်မြင်စွာ မွေးထုတ်ပေးနိုင်ခဲ့သလို တိုင်းရင်းသားမျိုးနွယ်စုပေါင်း ၆၂ မျိုး သင်တန်းဆင်းခဲ့ကြပြီး ဖြစ်ကြောင်း၊ သင်တန်းဆင်းများအနေဖြင့် ဝန်ကြီးဌာနအသီးသီးတွင် နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်နေကြပြီဖြစ်သည့်အတွက် အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းပြီး နိုင်ငံတော်၏ ပညာရေးရည်မှန်းချက်နှင့်အညီ လေ့လာသင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းအတွင်းမှ Long Life Learning အနေဖြင့် ယခုထက် ပိုမိုမြင့်မားသည့် မဟာဘွဲ့သင်တန်း၊ ပါရဂူဘွဲ့သင်တန်းများကို နိုင်ငံ့တာဝန်များ ထမ်းဆောင်ရင်း ဆက်လက်ဆည်းပူးကြိုးစားစေလိုကြောင်း၊ နယ်စပ်ဒေသမှ တိုင်းရင်းသားလူမျိုးများ၏ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကို နိုင်ငံတော်အစိုးရအဆက်ဆက် အားကြိုးမာန်တက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြကြောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့်လည်း နိုင်ငံတော်အကြီးအကဲတို့၏ လမ်းညွှန်မှုကို ခံယူကာ ဝေးလံခေါင်သီပြီး ဆက်သွယ်သွားလာရန် ခက်ခဲသည့် နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်(၃၀) နှစ်ရှည်စီမံကိန်းကို မူဝါဒ (၄)ရပ်၊ ရည်မှန်းချက် (၇)ရပ်၊ လုပ်ငန်းစဉ် (၁၈)ရပ်တို့ဖြင့် ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။





နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ၏ ဘဝတိုးတက်မြင့်မားစေလိုသည့် ရည်ရွယ်ချက်ဖြင့် ပညာသင်ယူခဲ့သည့် ကာလအတွင်း နိုင်ငံတော်က ၁၀၀ ရာခိုင်နှုန်းပြည့်နီးပါး ထောက်ပံ့ခဲ့ပါကြောင်း၊ ဝန်ထမ်းကောင်းတစ်ယောက်ဖြစ်ရန်အတွက် လိုအပ်သည့် အသိပညာ၊ အတတ်ပညာအရည်အချင်းများ ပြည့်ဝအောင် ခံယူရမည့် သဘောတရားများကိုလည်း သိရှိအောင် သင်ကြားပို့ချပေးခဲ့ပြီးဖြစ်ကြောင်း။

သင်တန်းပြီးဆုံး၍ မိမိတို့တာဝန်ကျရာဒေသများ၌ တာဝန်ထမ်းဆောင်ကြသည့်အခါ ဌာနတာဝန်များအပြင် ဒေသဖွံ့ဖြိုးရေးနှင့် ဒေသခံပြည်သူများအကြား မှန်ကန်သောခံယူချက်၊ ယုံကြည်ချက်များ ပြန့်ပွားလာအောင် ပြုစုပျိုးထောင်ပေးသွားရမည်ဖြစ်ကြောင်း၊ "ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး"ဆိုသည့် ဒို့တာဝန်အရေး (၃)ပါးသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အမြဲမှန်ကန်ပြီး မရှိမဖြစ်အရေးကြီးသော လုပ်ငန်းစဉ်တစ်ခုဖြစ်သဖြင့် တိုင်းရင်းသားလူမျိုးများ၌ မှန်ကန်သော ပြည်ထောင်စုစိတ်ဓာတ်၊ အတွေးအခေါ်ခံယူချက်များဖြစ်လာအောင် ကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သင်တန်းအလိုက် ထူးချွန်ဆုရ ကျောင်းသားများအား ဂုဏ်ပြုဆုများချီးမြှင့်ပေးအပ်ခဲ့ပြီး ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(စစ်ကိုင်း)မှ ကျောင်းဆင်းကျောင်းသားများဖြစ်သော B.Tech ဘွဲ့ရ ကျောင်းသား ၁၃၉ ဦး၊ A.G.T.I ဒီပလိုမာ ၇၃ ဦး စုစုပေါင်း ၂၁၂ ဦးတို့အား ယခင်နှစ်များနည်းတူ ဝန်ကြီးဌာန ၁၀ ဌာနသို့ တာဝန်ပေးအလုပ်ခန့်အပ်လွှာပေးအပ်ပွဲ ဆက်လက်ကျင်းပရာ တက်ရောက်လာသော ဝန်ကြီးဌာနကိုယ်စားလှယ်များက ပေးအပ်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် ကျောင်းသားကိုယ်စားလှယ်တစ်ဦးစီကလက်ခံရယူသည်။ အခမ်းအနားအပြီးတွင် တက်ရောက်လာကြသော ဌာနဆိုင်ရာအကြီးအကဲများ၊ ကျောင်းသားများနှင့် မိဘများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ခဲ့ပြီး စုပေါင်း မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးခဲ့ကြသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် ဇနီးတို့က သင်တန်းဆင်း ကျောင်းသားများအား ညနေစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ဆီမီး ၉၉၉၉ ထွန်းညှိ၍ မဲဇလီဖူးသုပ်များ လှူဒါန်းမည်

**ရန်ကုန် အောက်တိုဘာ ၂၇**

စမ်းချောင်းမြို့နယ် အတုလာဓိပတိမဟာမုနိသကျ ကိုးထပ်ကြီးဘုရား ဂေါပကအဖွဲ့ကကြီးမှူး၍ ဘုရားကြီး၏ အရိပ်တော်အောက်ရှိ ဘာသာရေးအသင်းအဖွဲ့များက ဗားကရာကျောင်းတိုက်အတွင်းမှ သံဃာတော်အပါး ၅၀၀ ကျော်တို့အား နိုဝင်ဘာ ၃ ရက် (တန်ဆောင်မုန်းလပြည့်နေ့)မွန်းတည့် ၁၂ နာရီတွင် ဘုံကထိန်ပစ္စည်း ဆက်ကပ်လှူဒါန်းမည်ဖြစ်သည်။

လပြည့်နေ့ ညနေ ၆ နာရီတွင် ဘုရားကြီးဂန္ဓကုဋိတိုက်အတွင်းနှင့် ရင်ပြင်တော်ပေါ်၌ ဆီမီးအလင်းတိုင် ၉၉၉၉ တိုင်ကို ထွန်းညှိပူဇော်ပြီး ဘုရားဖူးလာပရိသတ်များအား မဲဇလီဖူး တင်း ၄၀ ကို သုပ်၍ လှူဒါန်းဝေငှသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**



ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း ရှင်းလင်းတင်ပြစဉ်



ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို ရှင်းလင်းတင်ပြစဉ်



ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း ရှင်းလင်းတင်ပြစဉ်



မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်း ရှင်းလင်းတင်ပြစဉ်

*❇ရှေ့ဖုံးမှ*

မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်(ကြက်မွေးမြူရေးကဏ္ဍ)၊ မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ဒုတိယသမ္မတက ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အားပေးမြှင့်တင်ရာတွင် မူဘောင်တစ်ရပ်ချမှတ်၍ လုပ်ငန်းစီမံချက်ဖော်ဆောင်နိုင်ရန် "မြန်မာနိုင်ငံပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေးမူဘောင်နှင့် လုပ်ငန်းစီမံချက်ပဏာမ ဖော်ပြချက်စာတမ်း"ကို ၂၀၁၆ ခုနှစ် မတ်လတွင် ပြုစုထုတ်ပြန်နိုင်ခဲ့ပါကြောင်း၊ ထိုမူဘောင်ကို အခြေခံ၍ နိုင်ငံတော်မှ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ၂၀၁၆ ခုနှစ် အောက်တိုဘာ ၂၄ရက် ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် ၇၉/၂၀၁၆ဖြင့် အဖွဲ့ဝင် ၁၉ ဦးနှင့် ဖွဲ့စည်းခဲ့ပြီး လုပ်ငန်းတာဝန်(၅)ရပ်ချမှတ်ကာ ၎င်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် လုပ်ငန်းကော်မတီ(၅)ရပ် ဖွဲ့စည်းခဲ့ပါကြောင်း၊ ကော်မတီအစည်းအဝေးကို နှစ်လလျှင် (၁)ကြိမ်ဖြင့် (၅)ကြိမ်ကျင်းပခဲ့ပြီး လုပ်ငန်းကော်မတီ(၅)ရပ်၏ အစည်းအဝေးများကို အနည်းဆုံး တစ်လ(၁)ကြိမ် ကျင်းပလျက်ရှိရာ (၄၆)ကြိမ် ကျင်းပခဲ့ပြီးဖြစ်ပါကြောင်း။

ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များ၏ အခက်အခဲများကို ဖြေရှင်းပေးနိုင်ရန် ရည်ရွယ်၍ လုပ်ငန်းရှင်များနှင့် လစဉ်ပုံမှန်တွေ့ဆုံဆွေးနွေးပွဲများကို ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိရာ ၂၀၁၇ ခုနှစ် စက်တင်ဘာလအထိ (၁၀)ကြိမ် တွေ့ဆုံခဲ့ပြီး လုပ်ငန်းရှင်များ၏ တင်ပြချက် စုစုပေါင်း ၁၅၇ ချက်အပေါ်တွင် ဖြေရှင်းပြန်ကြားချက် ၁၅၆ ချက်အား မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှတစ်ဆင့် သက်ဆိုင်ရာစီးပွားရေးလုပ်ငန်းရှင်များထံသို့ ပြန်ကြားခဲ့ပြီး ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ၏ စီးပွားရေးတွင် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးသည် အလွန်အရေးကြီးသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ ကုန်သွယ်မှုကဏ္ဍတွင်လည်း ပုဂ္ဂလိကကဏ္ဍပါဝင်မှုမှာ တိုးတက်လျက်ရှိပြီး ၂၀၁၇ ခုနှစ် စက်တင်ဘာ ၃၀ ရက်အထိ ပုဂ္ဂလိကကဏ္ဍအနေဖြင့် ပို့ကုန်မှာ ၆၅ ရာခိုင်နှုန်းနှင့် သွင်းကုန်မှာ ၉၄ ရာခိုင်နှုန်းရှိပြီး စုစုပေါင်းကုန်သွယ်မှုတွင် ပုဂ္ဂလိက ကဏ္ဍအနေဖြင့် ၈၃ရာခိုင်နှုန်းအထိ ပါဝင်သည်ကို တွေ့ရှိရပါကြောင်း။

လက်ရှိအခြေအနေတွင် ဆန်ဝယ်လိုအားတက်လာမှုကြောင့် အတွေ့အကြုံနုနယ်သေးသည့် ပို့ကုန်လုပ်ငန်းရှင်တချို့အနေဖြင့် ယခင်ကဖြစ်ပေါ်ခဲ့ဖူးခြင်း မရှိသည့် ရောင်းဝယ်မှုတွင် အားနည်းချက်များဖြစ်ပွားခဲ့သည်ကို သိရှိရပါကြောင်း၊ လယ်ယာထွက်ကုန်သီးနှံများနှင့် အရောင်းအဝယ်လုပ်ငန်းများ စနစ်တကျရှိစေရေး၊ တောင်သူများပစ္စည်းမှန်၊ ဈေးနှုန်းမှန်၊ အရည်အသွေးမှန်၊ အရောင်းအဝယ်မှန် စသည့် မှန်(၄)မှန် ဖြစ်ပေါ်စေရေးအတွက် မြို့ကြီးများတွင် သီးနှံကုန်စည်ဒိုင်များ ဖွဲ့စည်းထားခဲ့ပြီး ကုန်စည်ဒိုင်များ စနစ်တကျဖွံ့ဖြိုးတိုးတက်မှုမှာ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံအုတ်မြစ်တစ်ရပ်ဖြစ်၍ အလွန်အရေးကြီးပါကြောင်း၊ ပြည်တွင်းကူးသန်းရောင်းဝယ်မှု မှန်မှန်ကန်ကန်ဖြစ်စေရေးအတွက် ဈေးနှုန်းများသတ်မှတ်ရာတွင် မှန်ကန်မျှတမှုရှိသည့် ဈေးကွက်ပေါက်ဈေးအတိုင်း လုပ်ဆောင်သွားကြရန် လိုအပ်ပြီး အဆိုပါလုပ်ငန်းများအား ကုန်စည်ဒိုင်များက ဖော်ဆောင်ပေးနိုင်မည် ဖြစ်ပါကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့် ပြည်တွင်းရောင်းဝယ်မှုလုပ်ငန်းများတွင် ဥပဒေနှင့်အညီ ဆောင်ရွက်ကြရန် လိုအပ်သကဲ့သို့၊ ပြည်ပသို့ တင်ပို့ရောင်းချရာတွင်လည်း နိုင်ငံ၏ ကောင်းသောဂုဏ်သတင်းကို မထိခိုက်စေရန် ကိုယ်စီတာဝန်ယူ ထိန်းသိမ်းကြရန် လိုအပ်ပါကြောင်း၊ ကုန်စည်ဒိုင်များမှလည်း သီးနှံများရောင်းဝယ်ရာတွင် ချမှတ်ထားသည့် စည်းမျဉ်း၊ စည်းကမ်းအတိုင်း စနစ်တကျထိန်းကျောင်းပေးရန် လိုအပ်သကဲ့သို့ UMFCCI နှင့် သီးနှံဆိုင်ရာ အသင်းအဖွဲ့အစည်းများကလည်း ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးရေးကို အထောက်အကူပြုစေမည့် ဥပဒေနှစ်ခု ပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ပထမဥပဒေဖြစ်သည့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြဋ္ဌာန်းနိုင်ခဲ့သကဲ့သို့ နည်းဥပဒေနှင့် အမိန့်ကြော်ငြာစာများကိုလည်း ထုတ်ပြန်နိုင်ခဲ့ပြီး ယခုဆိုလျှင် လက်တွေ့အသုံးချ အကောင်အထည်ဖော်နေပြီဖြစ်ပါကြောင်း၊ တိုင်းပြည်၏ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများကို အထောက်အကူဖြစ်စေရန် နောက်ထပ်ဥပဒေတစ်ခုဖြစ်သည့် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေကိုလည်း ယခုနှစ်အတွင်း ပြဋ္ဌာန်းနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည့်သူတိုင်းသည် ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် ကုမ္ပဏီဥပဒေများကို စောင့်ကြည့်လေ့လာသုံးသပ်ပြီးမှ ရင်းနှီးမြှုပ်နှံမှုများကို ဆုံးဖြတ်လုပ်ကိုင်ကြမည်ဖြစ်ရာ ယင်းသို့ အရေးကြီးသည့် ဥပဒေနှစ်ခုကို အစိုးရက တာဝန်ယူသည့် သက်တမ်းကာလ နှစ်နှစ်အတွင်း ပြဋ္ဌာန်းနိုင်ရန် ကြိုးစားဆောင်ရွက်ခဲ့ပါကြောင်း။

ယခုဆိုလျှင် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများအနေဖြင့် ရင်းနှီးမြှုပ်နှံမှုအတည်ပြုအမိန့်များကို မိမိတိုင်းဒေသကြီး ဥပဒေအရ လုပ်ပိုင်ခွင့်ရရှိသည့် ဘောင်အတွင်းမှ စိစစ်ခွင့်ပြုပေးနေပြီဖြစ်ပါကြောင်း၊ ထို့အပြင် တည်ငြိမ်အေးချမ်းမှုမရှိသည့် ဒေသများမှ ပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပြီး ပုံမှန်ဝင်ငွေရရှိအောင် ဆောင်ရွက်ရန်လိုအပ်သည့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုဆိုင်ရာ အစီအမံများကိုလည်း နိုင်ငံတော်က ဦးဆောင်၍ လုပ်ဆောင်နေသည်မှာ အားလုံးအသိပင်ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ ဦးဆောင်မှုအောက်တွင် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဦးဆောင်သည့် ညီနောင်အသင်းအဖွဲ့များက အင်တိုက်အားတိုက် ပူးပေါင်းဆောင်ရွက်ကြပါရန် တိုက်တွန်းလိုပါကြောင်း။

ကော်မတီအနေဖြင့် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အထူးဂရုပြုလုပ်ဆောင်နေသည့် နောက်ထပ်နယ်ပယ်တစ်ရပ်မှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ အထူးစိတ်ဝင်စားစောင့်ကြည့်သည့် ကမ္ဘာ့ဘဏ်၏ Ease of Doing Business in Myanmar အညွှန်းကိန်းတိုးတက်ရေး ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၌ စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ရာတွင် ပိုမိုလွယ်ကူလျင်မြန်စေရေးကို ကမ္ဘာ့ဘဏ်နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၁၄ ခုနှစ်ကတည်းက စတင်ပါဝင်လုပ်ဆောင်ခဲ့ရာ နိုင်ငံပေါင်း ၁၈၉ နိုင်ငံအနက် မြန်မာနိုင်ငံ၏ ပျမ်းမျှအဆင့်မှာ ၁၈၂ ရှိခဲ့ပါကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ဆက်စပ်နေသည့် အစိုးရဌာနများမှ လုပ်ဆောင်ပေးရသည့် ဝန်ဆောင်မှုလုပ်ငန်းများကို အညွှန်းကိန်း ၁၀ ခုနှင့် သတ်မှတ်တိုင်းတာခြင်းဖြစ်ပါကြောင်း၊ ယခုဆိုလျှင် မြန်မာနိုင်ငံ၏အဆင့်မှာ ၂၀၁၇ ခုနှစ်တွင် နိုင်ငံပေါင်း ၁၉၀ ပါဝင်ရာ အဆင့် ၁၇၀ အထိရောက်ရှိလာပါကြောင်း၊ ဥပဒေများ၊ ဌာနများ မည်မျှပင်ရှိစေကာမူ လက်တွေ့လုပ်ကိုင်ရာတွင် ခက်ခဲနေလျှင် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးရန် မဖြစ်နိုင်သကဲ့သို့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုလည်း မျှော်မှန်းသလောက် ရရှိနိုင်မည်မဟုတ်ကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရန် လွယ်ကူမှုအဆင့်တိုးတက်လာစေရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကဦးဆောင်ပြီး သက်ဆိုင်ရာဌာနများပူးပေါင်းပါဝင်ကာ အထောက်အကူပြုအဖွဲ့တစ်ရပ် ဖွဲ့စည်းတာဝန်ပေးအပ်ထားပါကြောင်း၊ အဆိုပါအဖွဲ့သည် ကမ္ဘာ့ဘဏ်မှ ပညာရှင်များနှင့် နီးနီးကပ်ကပ်ပူးပေါင်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ အညွှန်းကိန်းတစ်ခုချင်းတိုးတက်လာရန်အတွက် လုပ်ငန်းအဖွဲ့တစ်ခုစီကို သက်ဆိုင်ရာဌာနများ၏ ညွှန်ကြားရေးမှူးချုပ်များကိုယ်တိုင် ဦးဆောင်ပြီး ထိထိရောက်ရောက် ဆောင်ရွက်ရန် ညွှန်ကြားထားပြီး ဖြစ်ပါကြောင်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့်လည်း မိမိတို့ကြုံတွေ့ရသည့် လက်တွေ့အခက်အခဲများကို ပွင့်ပွင့်လင်းလင်းတင်ပြပြီး ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

ယခုတွေ့ဆုံပွဲတွင်လည်း ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ လိုအပ်ချက်များကို ဖော်ထုတ်ရယူပြီး ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်း စည်းကမ်းများနှင့်အညီ ကူညီဖြေရှင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် လုပ်ငန်းရှင်များအား ချေးငွေများ ထုတ်ချေးပေးသွားမည့်အခြေအနေ၊ လယ်ယာထွက်ကုန်ပစ္စည်းများ ပြည်ပသို့ အရည်အသွေးမီတင်ပို့နိုင်ရန်အတွက် လယ်ယာထွက်ကုန်ပစ္စည်းများ စနစ်တကျသိုလှောင်နိုင်ရန် သိုလှောင်ရုံများ(Silos) ဆောက်လုပ်သွားမည့် အခြေအနေ၊ သားငါးကဏ္ဍ ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်သွားမည့် အခြေအနေများ၊ ပြည်ပမှလာရောက်ရင်းနှီးမြှုပ်နှံသူများ၊ ရင်းနှီးမြှုပ်နှံရာတွင် လျင်မြန်လွယ်ကူချောမွေ့စွာဆောင်ရွက်နိုင်ရန် One Stop Service ဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုက နိုင်ငံပိုင်စက်ရုံများကို ပုဂ္ဂလိကကဏ္ဍနှင့် ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေ၊ ပြည်တွင်း၌ မော်တော်ယာဉ်ထုတ်လုပ်နိုင်ရေးနှင့် နိုင်ငံပိုင်စက်ရုံများမှ အရည်အသွေးမီပစ္စည်းများ ထုတ်လုပ်နေမှုအခြေအနေများကို လည်းကောင်း၊ ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ရန်ကုန်တိုင်းဒေသကြီးအတွင်း ပဲအစားစီးပွားရေး တွက်ခြေကိုက်မည့် အခြားသီးနှံများစိုက်ပျိုးနိုင်မှု အခြေအနေ၊ ပြည်သူများ သားငါးစားသုံးမှု ဖူလုံသက်သာစေရန်အတွက် ကြက်မွေးမြူရေးအခြေအနေနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ယာဉ်ကြောပိတ်ဆို့မှုအခြေအနေများကို တစ်ဖက်တစ်လမ်းမှ ဖြေရှင်းဆောင်ရွက်နိုင်ရန် ကားတင်သွင်းမှုမူဝါဒ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း လုပ်ငန်းများ လျင်မြန်ချောမွေ့စွာဆောင်ရွက်နိုင်ရန်အတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေသစ် ရေးဆွဲနေမှုအခြေအနေများကို လည်းကောင်း ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို လည်းကောင်း အသီးသီးရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ကချင်ပြည်နယ် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ တနင်္သာရီတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကလေး-တမူးနယ်စပ်ကုန်သွယ်ရေးကုန်သည်များအသင်း၊ မြန်မာ့မော်တော်ယာဉ်ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်(ကြက်မွေးမြူရေးကဏ္ဍ)၊ မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းနှင့် မြန်မာ့စီးပွားရေးဖိုရမ် (မြေယာလုပ်ငန်းအဖွဲ့-မြို့ပြ)တို့မှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြရာ ဒုတိယသမ္မတ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းဖြေရှင်းပေးသည်။

ယင်းနောက် ဒုတိယသမ္မတက နိဂုံးချုပ်အမှာစကားပြောကြားပြီး တွေ့ဆုံပွဲအခမ်းအနားကို ရုပ်သိမ်းခဲ့သည်။ **(သတင်းစဉ်)**

## ပြင်ဦးလွင်တိုးလ်ဂိတ် (ပွဲကောက်တိုးလ်ဂိတ်)အား ဖျက်သိမ်း

**နေပြည်တော် အောက်တိုဘာ ၂၇**

မန္တလေး-ပြင်ဦးလွင်-ဝက်ဝံ-နောင်ချိုလမ်းအပိုင်း ၇၁ မိုင်အတွင်း တိုးလ်ဂိတ် သုံးဂိတ် ဖွင့်လှစ်၍ လမ်းအသုံးပြုခ ကောက်ခံလျက်ရှိရာ ပြင်ဦးလွင်တိုးလ်ဂိတ် (ပွဲကောက်တိုးလ်ဂိတ်)သည် ယာဉ်ဖြတ်သန်းသွားလာမှု ပိတ်ဆို့ခြင်းမရှိစေရန် ယာဉ်ငယ်လေးလမ်းသွားနှင့် ကတ္တားလေးလမ်းသွား တိုးလ်ဂိတ်တိုးချဲ့ဖောက်လုပ်ရန် မြေနေရာအခက်အခဲရှိခြင်း၊ တိုးလ်ဂိတ်အနီးတွင် တည်ထားသည့် မဟာအံ့ထူးကံသာဘုရားသို့ ဘုရားဖူးလာယာဉ်များဖြင့် ကားတန်းရှည်ကြာ ပြည့်ကျပ်မှုရှိခြင်း၊ ပြင်ဦးလွင်မြို့တွင်းမှ နေ့စဉ်နာရေးယာဉ်တန်းပို့ဆောင်ရာတွင် တိုးလ်ဂိတ်အားဖြတ်သန်းသွားရသည့်အတွက် ခရီးသည်ယာဉ်များမှ စောင့်ဆိုင်းပေးနေရခြင်း စသည့်အခက်အခဲများရှိခြင်းတို့ကြောင့် ပြင်ဦးလွင်တိုးလ်ဂိတ် (ပွဲကောက်တိုးလ်ဂိတ်)အား နိုဝင်ဘာ ၁ ရက်မှစတင်၍ လမ်းအသုံးပြုခကောက်ခံခြင်းကို ပိတ်သိမ်း၍ မန္တလေး-ပြင်ဦးလွင်-ဝက်ဝံ-နောင်ချိုလမ်းအပိုင်း ၇၁ မိုင်အတွင်း ယခင်တိုးလ်ဂိတ် သုံးဂိတ် ကောက်ခံရာမှ ယခုတိုးလ်ဂိတ် နှစ်ဂိတ်ဖြင့် လမ်းအသုံးပြုခကောက်ခံခြင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ ပြင်ဦးလွင်တိုးလ်ဂိတ် (ပွဲကောက်တိုးလ်ဂိတ်)အား ပိတ်သိမ်းခဲ့သဖြင့် ကျောက်ချောတိုးလ်ဂိတ်တွင် ယခင် ၂၄ မိုင် ကောက်ခံရာမှ ယခု ၃၉ မိုင်ဖြင့် လည်းကောင်း၊ ဝက်ဝံတိုးလ်ဂိတ်တွင် ယခင် ၂၃ မိုင် ကောက်ခံရာမှ ယခု ၃၂ မိုင်ဖြင့် လည်းကောင်း အစားထိုးပြင်ဆင်၍ နိုဝင်ဘာ ၁ ရက်မှ စတင်ပြီး လမ်းအသုံးပြုခ ကောက်ခံဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနမှ သိရသည်။
**(သတင်းစဉ်)**

**ချက်သမ္မတနိုင်ငံ၏ အမျိုးသားနေ့ အထိမ်းအမှတ် ညစာစားပွဲအခမ်းအနားကို အောက်တိုဘာ ၂၇ ရက်က ရန်ကုန်မြို့ ဆူးလေရှန်ဂရီလာဟိုတယ်၌ ကျင်းပရာ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်နှင့် ဇနီး ဒေါ်ခင်သန်းနွဲ့တို့အား မြန်မာနိုင်ငံဆိုင်ရာ ချက်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Jaroslav Dolecek နှင့် ဇနီးတို့က ကြိုဆိုနှုတ်ဆက်စဉ်**
(သတင်းစဉ်)



# ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ မဟာဘုံကထိန် အလှူတော်မင်္ဂလာအခမ်းအနား ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၇**

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ သတ္တမအကြိမ် မဟာဘုံကထိန် အလှူတော်မင်္ဂလာအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) အနော်ရထာခန်းမ၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်၍ ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဦးစွာ ဇေယျာသီရိမြို့နယ် ရေဆင်း ကန်ဦးပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် သာသနဓဇဓမ္မာစရိယ မဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တဝိလာသထံမှ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် အမှူးပြုသော ပရိသတ်အပေါင်းတို့က ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး သံဃာတော်အရှင်သူမြတ်တို့ ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူကြသည့် မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က ရေဆင်း ကန်ဦးပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော်ကြီးထံ ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်တို့က ပျဉ်းမနား ဈေးကုန်းကျောင်းတိုက်ဆရာတော်ထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဇနီး၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် ဇနီးတို့က ဆရာတော်များထံ ကထိန်သင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ အသီးသီး ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ)မှ အရာရှိကြီးများက သံဃာတော်အရှင်သူမြတ်တို့ထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ပျဉ်းမနားမြို့ မဟာဝိသုတာရာမဈေးကုန်းကျောင်းတိုက် ဆရာတော် နိုင်ငံတော်သြဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရထံမှ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် အမှူးပြုသော ဧည့်ပရိသတ်များက ကထိန်အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။ အခမ်းအနား အပြီးတွင် သံဃာတော်အရှင်သူမြတ်တို့အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဧည့်ပရိသတ်များက နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ယနေ့ကျင်းပသော ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ သတ္တမအကြိမ် မိသားစုမဟာဘုံကထိန်တွင် တန်ဖိုးငွေကျပ်သိန်း ၁၀၀၀ ကျော် လှူဒါန်းခဲ့ကြသည်။ **(သတင်းစဉ်)**



ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ သတ္တမအကြိမ် မဟာဘုံကထိန် အလှူတော်မင်္ဂလာအခမ်းအနား ကျင်းပစဉ် (သတင်းစဉ်)

# ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေလေ) မိသားစုများ မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုး



ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးစဉ် (သတင်းစဉ်)

**နေပြည်တော် အောက်တိုဘာ ၂၇**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းဆည်အနီး၌ ကျင်းပသည့် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အထိမ်းအမှတ်အဖြစ် ကျွန်းပင်များအား အသီးသီးစိုက်ပျိုးပေးကြသည်။

ဆက်လက်၍ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ သင်တန်းသား အရာရှိကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးရှိ ရုံး/ဌာနများမှ အရာရှိ၊ စစ်သည်၊ မိသားစုများက စိုက်ပျိုးပင်များအား သတ်မှတ်နေရာ အသီးသီးတွင် စိုက်ပျိုးကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အရာရှိ၊ စစ်သည်၊ မိသားစုများ၏ စိုက်ပျိုးပင်များ စုပေါင်းစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။ ယနေ့ကျင်းပသော ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေလေ) မိသားစုများ၏ ၂၀၁၇ ခုနှစ် တတိယအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်းပင် ၇၅၀၀ အား စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရှိရသည်။

အလားတူ တိုင်းစစ်ဌာနချုပ် နယ်မြေများတွင်လည်း တတိယအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲများကို ယနေ့နံနက်ပိုင်းတွင် တစ်ချိန်တည်း တစ်ပြိုင်တည်းကျင်းပရာ တပ်မတော်တစ်ရပ်လုံးအနေဖြင့် ယနေ့စိုက်ပျိုးသည့် စိုက်ပျိုးပင် စုစုပေါင်းမှာ ၄၇၈၇၉၂ ပင်ဖြစ်ပြီး ယခုအကြိမ်အပါအဝင် စက်မှုကုန်ကြမ်း သီးနှံပင်၊ ရတနာတန်းဝင်ပင်၊ နှစ်ရှည်သီးနှံပင်နှင့် အရိပ်ရ လေကာပင်များ စုစုပေါင်း ၁၃၇၁၂၇၃ ပင်အား စိုက်ပျိုးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

❊ *ကျော်ဖုံးမှ*

အပန်းဖြေ အားကစားနည်းသစ်တစ်ရပ်အနေနဲ့ လေထဲမှာဝဲပျံရတဲ့ အရသာကို ရင်ခုန်စိတ်လှုပ်ရှားဖွယ်ရာ ခံစားနိုင်ဖို့ ရည်ရွယ်ပါတယ်” ဟု Indoor Skydiving တာဝန်ခံ ဦးဟန်ထွန်းက ပြောသည်။

အဆိုပါ Indoor Skydiving ကို ပြီးခဲ့သည့် အောက်တိုဘာ ၂၁ ရက်က မရမ်းကုန်းမြို့နယ် ၉ မိုင်ရှိ တော်ဝင်လမ်း၌ ဖွင့်လှစ်ထားသည်။“ကျွန်တော်တို့ရဲ့ Indoor Skydiving ကို နေ့စဉ် နံနက် ၉ နာရီမှ ည ၉ နာရီ အထိ ဖွင့်လှစ်ပေးထားပါတယ်။ ကျောင်းဆင်းချိန်၊ ရုံးဆင်းချိန်တွေမှာတော့ လာရောက်ကစားတဲ့သူတွေ များပြားပါတယ်။ စနေ၊ တနင်္ဂနွေနဲ့ ရုံးအားလပ်ရက်တွေမှာ ပိုမိုများပြားလာလိမ့်မယ်လို့ ခန့်မှန်းထားပါတယ်” ဟု ဦးဟန်ထွန်းက ရှင်းပြသည်။

Indoor Skydiving ဆိုသည်မှာ အဆောက်အအုံကြီးတစ်ခုအတွင်း ပေ ၃၀ ခန့်အမြင့်ရှိ ဖန်ပေါင်းချောင်ကြီးတစ်ခုထားရှိကာ ယင်းဖန်ပေါင်းချောင်ကြီးအတွင်းသို့ လူဝင်၍ အောက်မှ လေ၏မှုတ်တင်အားဖြင့် လေထဲတွင် ဝဲပျံကစားနိုင်အောင် ဖန်တီးထားခြင်းဖြစ်သည်။“ ဒီ Indoor Skydiving အတွင်း အသက်လေးနှစ်အထက် ကျန်းမာရေးကောင်းမွန်သူတွေ မည်သူမဆို ဝင်ရောက်ကစားနိုင်ပါတယ်။ ပေါင် ၂၀၀ အောက် ဖြစ်ရပါမယ်။ လောလောဆယ် Promotion ကာလကို ၂၁ -၁၀-၂၀၁၇ မှ ၂၁-၁-၂၀၁၈ အထိ သတ်မှတ်ထားပါတယ်။ တစ်ကြိမ်လျှင် နှစ်မိနစ်နှုန်းဖြင့် ပျံသန်းခ လူကြီးငွေကျပ် ၃၀၀၀၀၊ ကလေး ငွေကျပ် ၁၅၀၀၀ ဖြစ်ပါတယ်။ ပုံမှန်ပျံသန်းခကတော့ လူကြီး ငွေကျပ် ၅၀၀၀၀၊ ကလေး ငွေကျပ် ၂၀၀၀၀ ဖြစ်ပါတယ်။ နိုင်ငံခြားသားတွေအတွက်ကတော့ Promotion ကာလမှာ ဒေါ်လာ ၃၀ သတ်မှတ်ပြီး ပုံမှန်ပျံသန်းခကတော့ ဒေါ်လာ ၅၀ ဖြစ်ပါတယ်” ဟုလည်း ဦးဟန်ထွန်းက ပြောသည်။

Indoor Skydiving ကို စင်ကာပူနိုင်ငံတွင် i- Fly အမည်ဖြင့် ဖွင့်လှစ်ထားရှိကြောင်း၊ စင်ကာပူပြီးလျှင် မြန်မာနိုင်ငံ၌ ပထမဆုံးဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ အိမ်နီးချင်း တရုတ်နှင့် ဥရောပနိုင်ငံအချို့တွင် ဖွင့်လှစ်ထားရှိကြောင်း သိရသည်။ Indoor Skydiving သည် အလွတ်ခုန်လေထီးအဖွဲ့ကို ရဟတ်ယာဉ်ပေါ်မှ မခုန်ချမီ Indoor Skydiving အတွင်း လေ့ကျင့်ကြရကြောင်း၊ ရဟတ်ယာဉ်ပေါ်မှ ခုန်ချသည့်အခါ ခန္ဓာကိုယ်အနေအထား ထိန်းသိမ်းတတ်သွားရန်ဖြစ်ပါကြောင်း သိရသည်။

Indoor Skydiving ပြိုင်ပွဲများကို အရှေ့တောင်အာရှအဆင့်၊ အာရှအဆင့်နှင့် ကမ္ဘာ့အဆင့်ပြိုင်ပွဲများကို ကျင်းပလေ့ရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ လေထီးခုန်အဖွဲ့ချုပ်နှင့်ပူးပေါင်းကာ အားကစားသမားများကို Indoor Skydiving အတွင်း လေ့ကျင့်ပေးသွားပြီး အရှေ့တောင်အာရှပြိုင်ပွဲများသို့ စတင်စေလွှတ်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။Indoor Skydiving ပြိုင်ပွဲဝင်နိုင်ရန်နှင့် ပြည်သူများ အပန်းဖြေကစားနိုင်ရန်အတွက် နိုင်ငံတကာအတွေ့အကြုံရှိသော နိုင်ငံခြားသား Trainer များဖြစ်ကြသည့် Mr. Pali, Mr.Renis, Mr.Eriks, Mr. Ho Kian Soon, Mr. Danny, Mr. Tom တို့က လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

ထို့အပြင် ပြည်တွင်းလေထီးခုန် အားကစားမယ်များဖြစ်ကြသည့် နန်းဦးခင်၊ မူယာစိုး၊ နွေးပြည့်စုံလင်းနှင့် သဲဇာနည်အောင် အစရှိသော လေထီးခုန်အားကစားမယ်များဖြင့်လည်း လေ့ကျင့်ပေးလျက်ရှိကြောင်း သိရသည်။ Indoor Skydiving အတွင်း သရုပ်ပြကစားနေမှုများမှာလည်း စိတ်လှုပ်ရှားဖွယ်ကောင်းလှသည့်အပြင် ကြည့်၍ပင် အလွန်ကောင်းလှသည်။ ဝေဟင်မှ မြေပြင်သို့ ဦးခေါင်းအောက်သို့စိုက်၍ဆင်းသော Head Down ပြကွက်၊ လေးယောက်တွဲဝင်ကစားရသည့် 4 Way Formation၊ နှစ်ယောက်တွဲ 2 Way Formation နှင့် နှစ်ယောက်တွဲဦးခေါင်းအောက်ဆင့်ပြကွက် 2 Way Head Down ပြကွက်တို့ရှိကြောင်း သိရသည်။ ဖန်ပေါင်းချောင်အတွင်း လေမှုတ်တင်အားဖြင့် စကြာကဲ့သို့ ကစားသမားတစ်ဦးတည်း လည်နေသော ပြကွက်ကတော့ အထူးကျွမ်းကျင်သောသူများ၏ ပျံသန်းမှု ပြကွက်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ပထမဆုံးဖွင့်လှစ်ခဲ့သည့် Indoor Skydiving သည် အားကစားနည်းတစ်မျိုးဖြစ်သကဲ့သို့ ပြည်သူများ အပန်းဖြေအနားယူနိုင်သော နေရာတစ်ခုလည်းဖြစ်သည်။ တစ်ချိန်တည်းမှာပင် လေထီးစစ်သည်ကောင်းများ မွေးထုတ်ပေးနိုင်သော နေရာလည်းဖြစ်ပေသည်။ သို့အတွက်Indoor Skydiving ထူထောင်ဖွင့်လှစ်နိုင်မှုသည် မြန်မာနိုင်ငံအတွက် များစွာအကျိုးဖြစ်ထွန်းမှုများ ရရှိလာနိုင်သည်။ လေထီးခုန် အားကစားသမားများလည်း ပေါ်ထွက်လာနိုင်သည်။ လေထီးစစ်သည်ကောင်းများလည်း ပေါ်ထွန်းနိုင်သည်။ ထို့အပြင် ပြည်သူများအနေဖြင့် လေထဲတွင် ပျံသန်းရသော စိတ်လှုပ်ရှားဖွယ်ရာခံစားမှုများလည်း ပျော်ရွှင်စွာခံစားနိုင်မည်ဖြစ်သည်။

အတွေ့အကြုံသစ်၊ ဗဟုသုတအသစ်များကို စူးစမ်းလေ့လာတတ်သော ခေတ်လူငယ်တစ်ဦးအနေဖြင့် Indoor Skydiving သည် ကိုယ်တိုင်ထိတွေ့ခံစားပြီး အတွေ့အကြုံကောင်းတစ်ခုကို လေ့လာသိရှိထားသင့်သော အားကစားနည်းတစ်မျိုးလည်းဖြစ်သည်။ မြန်မာနိုင်ငံတွင် ငွေကြေးအရင်းအနှီးမြောက်မြားစွာ အကုန်အကျခံ တည်ဆောက်ထားသော Indoor Skydiving တွင် ငှက်တစ်ကောင် ဝေဟင်ထဲ ပျံသန်းသွားသော ခံစားမှုမျိုးကို လူတိုင်းပျော်ရွှင်စွာ အပန်းဖြေကစားနိုင်ကြပြီဖြစ်သည်။ **သတင်းဆောင်းပါး-မြင့်မောင်စိုး၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

❊ *ကျော်ဖုံးမှ*

ကုမ္ပဏီ၏ ကော်ဖီတံဆိပ်နှင့် မီးဆိုင်းတွဲများ ချိတ်ဆင်ထားသည်။ အတွင်းပုံဖော်ရုပ်လုံးပန်းပင်များ၌ပါ ရောင်စုံမီးအလှများဖြင့် ပြင်ဆင်နေသည်ကိုတွေ့ရသည်။ ထပ်၍ မြန်မာမှုမီးပုံအလှများဖြင့်ပါ အလှဆင်သွားမည်ဟု သိရသည်။

ပရီးမီးယားကော်ဖီမစ်မှ တာဝန်ရှိသူတစ်ဦးက ရန်ကုန်မြို့၏ တန်ဆောင်တိုင်ပွဲတော်ကို မြန်မာ့ယဉ်ကျေးမှုအငွေ့အသက်များဖြင့် ဖုံးလွှမ်းသွားစေရန် စီစဉ်ထားကြောင်း၊ မြန်မာ့အက၊ အလှများဖြစ်သည့် ဆီမီးခွက်အက၊ အိုးစည်ဒိုးပတ်အက၊ မြေဝိုင်းအက၊ ရုပ်သေးအက၊ ကျောက်ဆည်ဆင်အကများဖြင့် ပွဲလာပရိသတ်များကို ဖျော်ဖြေမည်ဟု ဆိုခဲ့သည်။

ထို့အပြင် ည ၇ နာရီမှ ၁၁ နာရီအထိ ကျင်းပမည်ဖြစ်ပြီး မြန်မာပြည်သိန်းတန်၊ ဇော်ဝင်းထွဋ် အစရှိသော နိုင်ငံကျော်တေးသံရှင်များ၊ နာမည်ကြီးအငြိမ့်အဖွဲ့တို့မှ လူရွှင်တော်များက ပူးပေါင်းဖျော်ဖြေသွားမည့်အပြင်၊ နိဗ္ဗာန်ဈေးအပြင် မြန်မာမုန့်များဖြင့် လှူဒါန်းကျွေးမွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-တင်ဝင်းလေး(ကြည့်မြင်တိုင်)**



**မဟာဗန္ဓုလပန်းခြံ၌ တန်ဆောင်တိုင်မီးထွန်းပွဲတော်အတွက် ပြင်ဆင်နေစဉ်**
ဓာတ်ပုံ-ကိုကြီးတင်

# နေရောင်ခြည်နှင့် ဗီတာမင် D

ဒေါက်တာမြင့်သန်း(ညောင်လေးပင်)

**ဗီတာမင် D ဓာတ်ဟာ လူ့ခန္ဓာကိုယ်အတွက် အရေးကြီးတဲ့ သက်စောင့်ဓာတ်တစ်မျိုးဖြစ်ပါတယ်။ ဗီတာမင် D ချို့တဲ့ရင် အရိုးပွခြင်း၊ ကိုယ်ခံအားလျော့နည်းခြင်း၊ နှလုံးရောဂါ၊ ကင်ဆာရောဂါများဖြစ်လွယ်ခြင်းများအပါအဝင် အခြားအာရုံကြောဆိုင်ရာ ရောဂါများ၊ ဖွံ့ဖြိုးမှုထိခိုက်ခြင်းစတဲ့ ကျန်းမာရေးပြဿနာများဖြစ်ပွားလာစေနိုင်ပါတယ်။**



ဗီတာမင် D ကို အဓိကအားဖြင့် နေရောင်ခြည်မှ ရရှိနိုင်ပါတယ်။ လူသားများဟာ လိုအပ်တဲ့ ဗီတာမင် D ပမာဏရဲ့ ၉၀ ရာခိုင်နှုန်းခန့်ကို နေရောင်နဲ့ ထိတွေ့ခြင်းဖြင့် ရရှိနိုင်ပါတယ်။ နေရောင်ခြည်မှာမြင်ရတဲ့အလင်းရောင် visible light(40%)၊ အနီအောက်ရောင်ခြည် Infrared radiation (50%)၊ ခရမ်းလွန်ရောင်ခြည် Ultraviolet radiation(70%) စသည်တို့ပါဝင်ပါတယ်။ခရမ်းလွန်ရောင်ခြည်ရဲ့ UVC ခေါ် C အမျိုးအစားရောင်ခြည်ကို အိုဇုန်းလွှာကစုပ်ယူထားပါတယ်။ UVA နဲ့UVB အမျိုးအစားတွေကသာ အရေပြားနဲ့ ထိတွေ့ပါတယ်။ UVA က အရေပြားရဲ့အတွင်းပိုင်းအထိ ဝင်ရောက်နိုင်ပြီး အရွယ်မတိုင်မီ အိုမင်းစေနိုင်ပါတယ်။UVB ကတော့ လူ့အရေပြားနဲ့ထိတွေ့တာနဲ့၊ အရေပြားထဲရှိ ကိုလက်စထရောခေါ် အဆီဓာတ်တွေကနေ သဘာဝဗီတာမင် D3 ဓာတ်ကို ထုတ်ပေးနိုင်ပါတယ်။ လူသားများစားသုံးတဲ့ အစားအစာများမှာဖြစ်စေ၊ ဆေးပြားမျိုးစုံမှာဖြစ်စေ ဗီတာမင် D ပါဝင်ပါတယ်။ နွားနို့ရှစ်အောင်စတစ်ခွက်မှာ ဗီတာမင် D ၁၀၀ IU (International Unit)ပါဝင်ပါ တယ်။ တစ်နေ့တာလိုအပ်တဲ့ ပမာဏရဲ့ ၁၀ ရာခိုင်နှုန်းခန့်ကိုသာ ရရှိနိုင်ဖြစ်ပါတယ်။ အစားအစာနဲ့ အားဖြည့်ဆေးအမျိုးမျိုးတွေ သုံးဆောင်ရုံနဲ့ လူသားအများစုအတွက် လိုအပ်တဲ့ဗီတာမင် D မရနိုင်ပါဘူး။ ဒါကြောင့် ယနေ့ ကမ္ဘာတစ်ဝန်း လူပေါင်းတစ်ဘီလီယံလောက်ဟာ ဗီတာမင် ချို့တဲ့မှုပြဿနာများနဲ့ ရင်ဆိုင်နေရပါတယ်။ နေ့စဉ် နေရောင်ခြည်နဲ့ သင့်တင့်စွာထိတွေ့ခြင်းဖြင့် ဗီတာမင် D ပမာဏ ၁၀၀၀မှ ၂၀၀၀ IU အထိရရှိစေနိုင်ကြောင်း သိရပါတယ်။

ယခင်လေ့လာခဲ့မှုများထက် အဆပေါင်းငါးဆမှ ဆယ်ဆခန့်ရရှိနိုင်ကြောင်း၊ လတ်တလော လေ့လာမှုများအရ သိရတာဖြစ်ပါတယ်။ ဗီတာမင် D အားဖြည့်ဆေးတို့ကို စားသုံးခြင်းက calcium ထုံးဓာတ်အဆင့်ကနေတစ်ဆင့် ကျော်ဖြတ်ထုတ်လုပ်ရတာဖြစ်ပေမယ့် နေရောင်ခြည်ကတော့ အရေပြားနဲ့ထိတွေ့တာနဲ့ အချိန်တိုအတွင်း ဗီတာမင် Dကို ထုတ်ပေးနိုင်ဖြစ်ပါတယ်။

ဗီတာမင် D ကြွယ်ဝတဲ့ ဆော်လမွန်ငါး၊ နွားနို့၊ အားဖြည့်ဆေးစသည်တို့ထက် နေရောင်ခြည်နဲ့ ထိတွေ့ခြင်းက အဆပေါင်း များစွာလိုအပ်တဲ့ဗီတာမင် D များကို ရရှိစေနိုင်ကြောင်း တွေ့နိုင်ပါတယ်။ ဒါကြောင့် နေရောင်ခြည်ကို သင့်တင့်စွာ ခံယူခြင်းဟာ ကျန်းမာရေးအတွက် အထူးအရေးကြီးကြောင်း တင်ပြလိုပါတယ်။ နံနက် ၉ နာရီ မတိုင်မီ ညနေ ၄ နာရီ နောက်ပိုင်းတို့မှာ နေရောင်နဲ့ ထိတွေ့သင့်ပါတယ်။ နေ့စဉ် ၅ မိနစ်မှ ၁၀ မိနစ်ခန့်၊ အသားမည်းသူများကတော့ ၁၅ မိနစ်ခန့် ထိတွေ့သင့်ပါတယ်။ ခြေလက်များကို ထိတွေ့စေသင့်ပါတယ်။ နွေ ၁၀၊ မိုး ၂၀၊ ဆောင်း ၃၀ စသည်ဖြင့် အချိန်မိနစ်အလိုက် ထိတွေ့စေသင့်ပါတယ်။ ရက်သတ္တတစ်ပတ်ကို အနည်းဆုံးငါးကြိမ်မျှ ထိတွေ့စေသင့်ပါတယ်။ နေရောင်ခြည်နဲ့ ထိတွေ့မှုနည်းသူတွေအနေနဲ့ နေ့စဉ် ၁၀ မိနစ်မှ ၁၅ မိနစ်ခန့် ခန္ဓာကိုယ်ရဲ့ ၄၀ ရာခိုင်နှုန်းလောက် နေရောင်ခြည်နဲ့ ထိတွေ့သင့်ပါတယ်။ အဝလွန်နေသူတွေ၊ ကိုယ်ဝန်ဆောင်မိခင်တွေ၊ သက်ကြီးရွယ်အိုတွေ၊ အသားမည်း သူတွေ၊ ကလေးငယ်တွေ နေရောင်နဲ့ထိတွေ့ဖို့ လိုပါတယ်။ အဝလွန်နေသူတွေရဲ့အဆီထဲမှာ ဗီတာမင် D ပျော်ဝင်နိုင်တာမို့ အဆီကျစေနိုင်ပါတယ်။ ကိုယ်ဝန်ဆောင်တွေမှာ ဗီတာမင် D နည်းနေရင် သွေးတိုးတတ်ပါတယ်။ သက်ကြီးရွယ်အိုတွေရဲ့ အရေပြားတွေဟာ ပါးလွှာတွန့်ခေါက်နေတာမို့ အရေပြား ကနေ ဗီတာမင် D ကောင်းကောင်းထုတ်နိုင်ဖို့ နေရောင်လိုပါတယ်။ အသားမည်းသူတွေကတော့ အရေပြားရောင်ခြယ်တွေက ကာရံထားလို့ UVB ကို စုပ်ယူနိုင်မှုနည်းပါတယ်။ ကလေးငယ်တွေမှာလည်း မိခင်နို့မှာ ဗီတာမင် D ဓာတ်ပါဝင်မှုနည်း နေတတ်တာမို့ သူတို့အတွက်လည်း နေရောင်သင့်တင့်စွာ ထိတွေ့ဖို့ လိုအပ်ပါတယ်။

ယနေ့ ကျောင်းသားသူငယ်များဟာ နေရောင်ခြည်နဲ့ ထိတွေ့မှု အလွန်နည်းပါးနေပါတယ်။ နံနက်လင်းတာနဲ့ အိမ်ပေါ်ကနေ ကားပေါ်၊ ကားပေါ်ကနေ ကျောင်း၊ ညနေရောက်တော့ ကားပေါ်ကနေ အိမ်ပေါ်ကိုပြန်ရောက်လာကြရပါတယ်။ နေ့စဉ် ဒီစက်ဝန်းမှာပဲ လည်ပတ်နေကြရပါတယ်။ “နေ့မှာ သဲကန္တာရထဲကို ဝန်အပြည့်တင်ပြီး ထွက်သွားတဲ့ ကုလားအုတ်လို၊ ညကျတော့ ကုန်ထမ်းပြီးပြန်လာတဲ့ နွမ်းနယ်နေတဲ့ ကာယလုပ်သားကြီးလို၊ ဒီနေ့ကျောင်းသားတွေကို တွေ့ရတယ်”လို့ ဆိုကြပါတယ်။ ဒီလို ကိုယ်စိတ်ပင်ပန်းနေကြတဲ့ ကလေး အများစုကို လေ့လာရင် ထစ်ခနဲဆိုနှာစေး၊ ချောင်းဆိုးတယ်၊ ဖျားတယ်၊ တခြား ကျန်းမာရေးပြဿနာတွေ ကြုံလွယ်နေကြတာ တွေ့နိုင်ပါတယ်။ ကလေးတွေဟာ ခံနိုင်ရည်မရှိကြပါဘူး။ ပညာသင်ကြားတယ်ဆိုတာ စာတစ်ခုတည်းကိုသာ သင်ကြားရတာ မဟုတ်ပါဘူး။ ပညာနဲ့အတူ ကျန်းမာရေး၊ စိတ်ဓာတ်ရေးဆိုတဲ့ ဒေါက်တိုင်ကြီးသုံးခုပြည့်စုံမှ တကယ်တော်တဲ့ လူ့အရင်းအမြစ်ရနိုင်မှာဖြစ်ပါတယ်။ စာတစ်ခုတည်း တော်ပြီး ကျန်းမာရေးကချူချာ၊ ဒီနှစ်ခုပြည့်စုံပေမယ့်၊ စိတ်ဓာတ်ကမဖွံ့ဖြိုး၊ မရင့်ကျက်ပြန်ရင်လည်း တန်ဖိုးရှိသူ တစ်ယောက်မဖြစ်လာနိုင်ပါဘူး။ ဒါကြောင့် ပညာ၊ ကျန်းမာ၊ စိတ်ဓာတ်တွေဖွံ့ဖြိုးရအောင် ဆောင်ရွက်ပေးသင့်တာဖြစ်ပါတယ်။ ကျန်းမာရေးအတွက် အဓိကအထောက်အကူပြုတဲ့ ခုခံအားစနစ် တောင့်တင်းကြံ့ခိုင်စေဖို့ သဘာဝကပေးတဲ့ နေရောင်ခြည်မှတစ်ဆင့် ဗီတာမင် D ရရှိအောင် ဆောင်ရွက်သင့်ပါတယ်။ ကလေးတွေကို ဖြစ်နိုင်သရွေ့ လမ်းလျှောက်သွားစေတာ၊ နေရောင်ခြည်မှာ နေပူစာလှုံတာ၊ မိသားစုနဲ့ အတူ နေရောင်အောက်မှာ လမ်းလျှောက်ထွက်တာမျိုးလေးတွေ လုပ်နိုင်ကြရင် မိသားစုအတွက်ရော၊ ကလေးတွေအတွက်ပါ ပျော်ရွှင်ကြည်နူးစရာ၊ ကိုယ်စိတ်ပင်ပန်းမှုတွေ လွင့်ပျောက် စေရာမကဘဲ ကျန်းမာကြံ့ခိုင်ရေးအတွက်ပါ များစွာအထောက် အကူပေးနိုင်မယ်လို့ ယုံကြည်ပါတယ်ခင်ဗျား။ ။

| | |
|---|---|
| Sunlight Exposure (full Body exposure)* | 3,000-20,000 IU |
| Salmon (3.5 oz.of fresh, wild salmon) | 600-1,000 IU |
| Salmon (3.5 oz. of fresh, farmed salmon) | 100-250 IU |
| Fortified Whole Milk, 8-oz. glass ** | 100 IU |
| Fortified Multi-vitamin | 400 IU |

- **ဗီတာမင် D ကြွယ်ဝတဲ့ ဆော်လမွန်ငါး၊ နွားနို့၊ အားဖြည့်ဆေးစသည်တို့ထက် နေရောင်ခြည်နဲ့ထိတွေ့ခြင်းက အဆပေါင်းများစွာလိုအပ်တဲ့ဗီတာမင် D များကို ရရှိစေနိုင်ကြောင်း တွေ့နိုင်**
- **နေရောင်ခြည်နဲ့ ထိတွေ့မှုနည်းသူတွေအနေနဲ့ နေ့စဉ် ၁၀ မိနစ်မှ ၁၅ မိနစ်ခန့် ခန္ဓာကိုယ်ရဲ့ ၄၀ ရာခိုင်နှုန်းလောက် နေရောင်ခြည်နဲ့ ထိတွေ့သင့်**
- **အဝလွန်နေသူတွေ၊ ကိုယ်ဝန်ဆောင်မိခင်တွေ၊ သက်ကြီးရွယ်အိုတွေ၊ အသားမည်းသူတွေ၊ ကလေးငယ်တွေ နေရောင်နဲ့ထိတွေ့ဖို့ လိုပါတယ်။ အဝလွန်နေသူတွေရဲ့အဆီထဲမှာ ဗီတာမင် D ပျော်ဝင်နိုင်တာမို့ အဆီကျစေနိုင်**

# ဂျာမနီနိုင်ငံ ဂိုတင်ဂန်တက္ကသိုလ်မှ ပါမောက္ခ၊ ကြီးကြပ်သူဆရာများနှင့် မဟာသိပ္ပံသင်တန်းသားများ ပဲခူးတိုင်းဒေသကြီး ခပေါင်းသစ်တောကြိုးဝိုင်းအတွင်းသို့ ကွင်းဆင်းလေ့လာ

**နေပြည်တော် အောက်တိုဘာ ၂၇**

ဂျာမနီနိုင်ငံ ဂိုတင်ဂန်တက္ကသိုလ်မှ ပါမောက္ခ Dr. Ralph Mitloehnerနှင့် ကြီးကြပ်သူ ဆရာနှစ်ဦးခေါင်းဆောင်၍ နိုင်ငံပေါင်း ၁၅နိုင်ငံမှ မဟာသိပ္ပံသင်တန်းသား ၂၈ ဦး စုစုပေါင်း ၃၁ ဦးသည် ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ်ရှိ သစ်တောဦးစီးဌာန သစ်တောသုတေသနဌာန လက်ပံခုံသုတေသနစခန်းတွင် စခန်းချနေထိုင်၍ တောင်ငူမြို့နယ် ခပေါင်းကြိုးဝိုင်းတွင် သုတေသနလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံတွင် အောက်တိုဘာ ၂၄ ရက်မှ နိုဝင်ဘာ ၂၀ ရက်အထိ စုစုပေါင်း ၂၈ ရက်ကြာ နေထိုင် ဆောင်ရွက်မည်ဖြစ်သည်။



အဆိုပါဖွဲ့မှ ကျောင်းသားများသည် အဖွဲ့များခွဲ၍ သစ်တောသယံဇာတစာရင်းကောက်ယူခြင်း (Forest Inventory)၊ သစ်တောစိုက်ပျိုးပြုစု ထိန်းသိမ်းခြင်း (Silviculture)၊ သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်း (Agroforestry)၊ မြေဆီလွှာသိပ္ပံ (Soil Science)၊ ဇီဝရာသီဥတု (Bioclimatology)၊ သစ်တောမျိုးရိုးဗီဇ (Forest Genetics)၊ သစ်တောသတ္တဗေဒနှင့် ကာကွယ်ခြင်း (Forest Zoology and Protection)၊ အပင်မျိုးစုံမျိုးကွဲ (Plant Diversity)၊ သဘာဝကာကွယ်ထိန်းသိမ်းခြင်း (Nature Conservation)၊ သစ်ဇီဝဗေဒ (Wood Biology)၊ သစ်တောစီးပွားရေး (Forest Economy)၊ သစ်တောမူဝါဒ (Forest Policy)၊ သစ်တောလုပ်ငန်းများ (Forest Operations) နယ်ပယ် ၁၃ မျိုးနှင့် ဆက်နွှယ်သော သုတေသနများကိုကွင်းဆင်းလေ့လာ စာရင်းကောက်ယူ၍ ရရှိလာသည့် သုတေသနရလဒ်များကို သစ်တောဦးစီးဌာန ဦးစီးရုံးချုပ်တွင် ပြန်လည်တင်ပြ ဆွေးနွေးဖလှယ်သွားမည်ဖြစ်ကြောင်း သိရသည်။

အပြည်ပြည်ဆိုင်ရာ အပူပိုင်းသစ်တောပညာ (Tropical International Forestry) ဆိုင်ရာမဟာသိပ္ပံသင်တန်းအစီအစဉ်သည် ဂျာမနီနိုင်ငံ Georg-August University Gottingen တွင် ၂၀၀၂-၂၀၀၃ ခုနှစ်မှ စတင်ခဲ့ပြီးအင်္ဂလိပ်ဘာသာသင်ရိုးဖြင့် နှစ်နှစ်တာသင်ကြားသည့် အစီအစဉ်ဖြစ်သည်။ အဓိကဦးစားပေးသည့် ဘာသာရပ်များမှာ ကမ္ဘာတစ်ဝန်းရှိ သစ်တောဂေဟစနစ်များထိန်းသိမ်းခြင်းနှင့် ထာဝစဉ်ညီသစ်တော စီမံအုပ်ချုပ်လုပ်ကိုင်ခြင်း၊ ဂျာမန်သစ်တောပညာရပ်ကျွမ်းကျင်မှုများကို နိုင်ငံတကာသစ်တောပညာရပ်နှင့် ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများတွင် အသုံးချခြင်းတို့ဖြစ်သည်။ ထိုအစီအစဉ်တွင် တက်ရောက်လျက်ရှိသော သင်တန်းသားများအနေဖြင့် သုတေသနစီမံကိန်း (Student Project) များ ကွင်းဆင်း ဆောင်ရွက်ရန်မှာ မဖြစ်မနေ ဆောင်ရွက်ရမည့် သင်ရိုးတစ်ခုဖြစ်သည့်အတွက် မြန်မာနိုင်ငံသို့ လာရောက်၍ ကွင်းဆင်းကောက်ယူခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# e-Banking စနစ်များ ပိုမိုအောင်မြင်ရန်နှင့် အီလက်ထရွန်နစ်ငွေပေးချေမှုများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် ဆက်လက်ဆောင်ရွက်သွားမည်




ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ကျင်းပစဉ်

**နေပြည်တော် အောက်တိုဘာ ၂၇**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ကောလင်းမဲဆန္ဒနယ်မှ ဦးမျိုးဇော်အောင်၏ **ဘဏ်များအားလုံး တစ်ပြေးညီ အခွင့်အရေးရှိသည့် e-Banking စနစ်အားကောင်းစေရန် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဘိုဘိုငယ်က e-Banking စနစ်တွင် Internet Banking နှင့် Mobile Banking စနစ်များ အဓိက ပါဝင်ပါကြောင်း၊ e-Banking စနစ် အကောင်အထည်ဖော်ဆောင်နိုင်ရန်အတွက် ဘဏ်များတွင် Core Banking စနစ်များရှိရန် လိုအပ်ပြီး Core Banking စနစ်ကို ဘဏ်ခွဲများအားလုံးနှင့် ချိတ်ဆက်ထားရန် လိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံရှိဘဏ် ၂၆ ဘဏ်တွင် Core Banking စနစ်များကို တပ်ဆင်ပြီးဖြစ်သည့်အတွက် Internet Banking နှင့် Mobile Banking ဝန်ဆောင်မှုများကို စတင်ပေးနိုင်နေပြီဖြစ်ပါကြောင်း၊ အခြားကျန်ရှိသည့် ဘဏ်များအနေဖြင့်လည်း Core Banking စနစ်များတပ်ဆင်ရန် ပြင်ဆင်လျက်ရှိပါကြောင်း။

Internet Banking နှင့် Mobile Banking တို့အပြင် ဘဏ်များအား နိုင်ငံတကာ Credit card များဖြစ်သည့် Visa, Master, UPI, JCB စသည့် Credit card များ ထုတ်ဝေခွင့်ကိုလည်း ခွင့်ပြုထားပြီး ဖြစ်ပါကြောင်း၊ ၎င်းကတ်များသည် ယခင်ထုတ်ဝေထားသည့် Prepaid card နှင့် Debit card များကဲ့သို့ ကြိုတင်ဒေါ်လာဝယ်ထည့်ထားခြင်းနှင့် မိမိဘဏ်စာရင်း၌ ငွေဖြည့်ထားခြင်းဖြင့် နိုင်ငံတကာတွင် ငွေပေးချေမှုများကို ပြုလုပ်နိုင်ပါကြောင်း၊ ၎င်းနိုင်ငံတကာ Credit card များဖြင့် ပြည်ပနိုင်ငံများတွင် ငွေပေးချေခြင်း၊ Internet e-Commerce စနစ်များမှတစ်ဆင့် ပစ္စည်းမှာယူခြင်းတို့ကို ဆောင်ရွက်နိုင်ပါကြောင်း၊ Mobile Banking များချိတ်ဆက်ပြီး ဘဏ်နှင့်ဝေးကွာသောသူများနှင့် ဘဏ်စာရင်းမရှိသူများအနေဖြင့် ဘဏ်ဝန်ဆောင်မှုများကို မိုဘိုင်းဖုန်းမှတစ်ဆင့် ၂၄ နာရီပတ်လုံး ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် e-Banking စနစ်များ ပိုမိုအောင်မြင်စေရန်အတွက် အားပေးဆောင်ရွက်လျက်ရှိပါကြောင်းနှင့် အီလက်ထရွန်နစ် ငွေပေးချေမှုများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို၏ **ပုဂ္ဂလိကဘဏ်နှင့် ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ၏ ငွေဖြစ်လွယ်မှု** (Liquidity)၊ **မတည်ရင်းနှီးငွေ** (Capital)၊ **ငွေသားစီးထွက်မှု** (Cash out flow)၊ **ငွေသားစီးဝင်မှု**(Cash in flow) **များကို CBM ဗဟိုဘဏ်က စောင့်ကြည့်ကြီးကြပ်မှု၊ နိုင်ငံသားများ၏ စုဆောင်းငွေ၊ လွှဲပို့ငွေများ ဆုံးရှုံးမှုမဖြစ်ပေါ်အောင် ကြိုတင်ကာကွယ်ထားမှုများအခြေအနေ**နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ ဦးဘိုဘိုငယ်က မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ငွေကြေးလွယ်ကူမှု (Liquidity) အချိုးကို ၂၀ ရာခိုင်နှုန်းနှင့် မတည်ငွေရင်း လုံလောက်မှုအချိုး ( Capital Adequacy) အချိုးကို ၁၀ ရာခိုင်နှုန်းထားရှိရန် ညွှန်ကြားချက်ဖြင့် သတ်မှတ်ထားပါကြောင်း၊ ပုဂ္ဂလိကဘဏ်များ၏ စုစုပေါင်းငွေကြေးလွယ်ကူမှုအချိုးမှာ ၃၉ ဒသမ ၇၂ ရာခိုင်နှုန်းနှင့် မတည်ငွေရင်းလုံလောက်မှုအချိုးမှာ ၁၈ ဒသမ ၀၂ ရာခိုင်နှုန်းရှိသည်ကို တွေ့ရှိရသောကြောင့် ဘဏ်များ၏ ငွေကြေးလွယ်ကူမှု၏ မတည်ငွေရင်း လုံလောက်မှု အားကောင်းခိုင်မာနေသည်ကို တွေ့ရပါကြောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က သတ်မှတ်ခဲ့သည့် ငွေကြေးလွယ်ကူမှုအချိုးနှင့် မတည်ငွေရင်းလုံလောက်မှု အချိုးတွက်ချက်မှုနည်းလမ်းများသည် နိုင်ငံတကာတွင် တွက်ချက်သည့် နည်းလမ်းများနှင့် ကွာခြားသောကြောင့် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့နှင့် ကမ္ဘာ့ဘဏ်၏ နည်းပညာအကူအညီ ရယူပြီး ထုတ်ပြန်ခဲ့သည့် ညွှန်ကြားချက်များကို စိစစ်သုံးသပ်မှုများ ဆောင်ရွက်ခဲ့ပါကြောင်း။

**ပုဂ္ဂလိကဘဏ်များ၏ စုစုပေါင်း ငွေကြေးလွယ်ကူမှု အချိုးမှာ ၃၉ ဒသမ ၇၂ ရာခိုင်နှုန်းနှင့် မတည်ငွေရင်း လုံလောက်မှုအချိုးမှာ ၁၈ ဒသမ ၀၂ ရာခိုင်နှုန်းရှိသည်ကို တွေ့ရှိရသောကြောင့် ဘဏ်များ၏ ငွေကြေးလွယ်ကူမှု၏ မတည်ငွေရင်း လုံလောက်မှု အားကောင်းခိုင်မာနေသည်ကို တွေ့ရပါကြောင်း**

မတည်ရင်းနှီးငွေ လုံလောက်မှုနှင့်ပတ်သက်၍ ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေအရ စုစုပေါင်း မတည်ငွေရင်းလုံလောက်မှုအချိုး ရှစ်ရာခိုင်နှုန်း၊ အနည်းဆုံး အလွှာ(၁) မတည်ငွေရင်း လုံလောက်မှုအချိုး လေးရာခိုင်နှုန်းထားရှိရန်နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က မတည်ငွေရင်း လုံလောက်မှုဆိုင်ရာ စည်းမျဉ်းကို ထုတ်ပြန်ထားပါကြောင်း၊ သတ်မှတ်ထားသည့် မတည်ငွေရင်း လုံလောင်မှုအချိုးမပြည့်မီလျှင် လျော့နည်းသည့်ရက်မှ ရက်ပေါင်း ၃၀ အတွင်း မတည်ငွေရင်းတိုးမြှင့်မှုအစီအစဉ်ကို ဗဟိုဘဏ်သို့ တင်ပြရမည်ဖြစ်ကြောင်း၊ တင်ပြထားစဉ်ကာလအတွင်း ငွေထုတ်ချေးခြင်း၊ ဘဏ်ခွဲအသစ် ဖွင့်လှစ်ခြင်းများဖြင့် မတည်ငွေရင်းကို ထိခိုက်စေမည့် ဆောင်ရွက်ချက်တစ်ရပ်ရပ်ကို ဗဟိုဘဏ်မှ ဆောင်ရွက်ခွင့်မပြုပါကြောင်း၊ ဗဟိုဘဏ်မှ သတ်မှတ်ထားသည့် မတည်ငွေရင်း လုံလောက်မှုအချိုးကို သတ်မှတ်ကာလအတွင်း ပြည့်မီစေရန်နှင့် ဆောင်ရွက်မှုပျက်ကွက်ခဲ့လျှင် ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေအရ စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်ချမှတ်ပြီး အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်တွင် ပြည်တွင်းဈေးနှုန်းတည်ငြိမ်မှုရရှိရန်နှင့် ထိန်းသိမ်းရန်ဆိုသည့် အဓိကရည်မှန်းချက်နှင့်အညီ ငွေကြေးတည်ငြိမ်ရေး၊ ငွေရေးကြေးရေးစနစ် တည်ငြိမ်ရေး၊ ထိရောက်သည့် ငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှုစနစ်များ ခိုင်မာတိုးတက်စေရေး ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် သတ်မှတ်ပြဋ္ဌာန်းထားပြီး ဖြစ်ပါကြောင်း၊ စုဆောင်းငွေများ၊ ငွေပေးချေမှုများ၊ ငွေလွှဲပို့မှုများနှင့် ပတ်သက်၍ လုံခြုံစိတ်ချစွာဖြင့် ဆောင်ရွက်ရန်အတွက် ဘဏ်များကို ညွှန်ကြားထားပါကြောင်း၊ ဗဟိုဘဏ်အနေဖြင့် ပုဂ္ဂလိကဘဏ်များတွင် အပ်နှံထားသည့် နိုင်ငံသားများ၏ စုဆောင်းငွေနှင့် လွှဲပို့ငွေများဆုံးရှုံးမှု မဖြစ်ပေါ်စေရန် ကြိုတင်ကာကွယ်ထားမှု အခြေအနေများကို ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ လောင်းလုံး မဲဆန္ဒနယ်မှ ဒေါ်ခင်စန္ဒီ၊ လှည်းကူးမဲဆန္ဒနယ်မှ ဦးသိန်းတန်၊ ရေဦးမဲဆန္ဒနယ်မှ ဒေါက်တာ ဦးမင်းသိန်း၊ အင်ဂျန်းယန် မဲဆန္ဒနယ်မှ ဦးလမာနော်အောင်တို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

မြိုင်မဲဆန္ဒနယ်မှ ဦးအောင်ခင်ဝင်းက **ရှေ့အနာဂတ်ကာလတွင် ရိုက်နှိပ်ထုတ်ဝေရန်ရှိလာမည့် ငွေစက္ကူများပေါ်တွင် ဗိုလ်ချုပ်အောင်ဆန်းရုပ်ပုံများဖြင့် ရိုက်နှိပ်ထုတ်ဝေရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုကို တင်သွင်းရာတွင် ငွေစက္ကူအသစ်ရိုက်နှိပ်ထုတ်ဝေမည်ဆိုလျှင် လှည့်လည်သုံးစွဲလျက်ရှိသော ငွေပမာဏကို လဲပေးနိုင်ရန်အတွက် လှည့်လည်သုံးစွဲလျက်ရှိသည့် ငွေပမာဏနီးပါးကို မှာကြားရိုက်နှိပ် သိုလှောင်ထားရမည်ဖြစ်ကြောင်း၊ လက်ရှိ လှည့်လည်သုံးစွဲလျက်ရှိသည့် ငွေစက္ကူများကိုလည်း ဖျက်ဆီးရမည်ဖြစ်ကြောင်း၊ ကုန်ကျငွေ ၁၀၀ ဘီလီယံမှ ၃၀၀ ဘီလီယံအထိ ရှိပါကြောင်း၊ ငွေစက္ကူပုံစံ အမျိုးမျိုးရှိနေလျှင် ပြည်သူများက ငွေစက္ကူအပေါ်တွင် ယုံကြည်မှု အားနည်းလာနိုင်ကြောင်းကို မြန်မာနိုင်ငံဗဟိုဘဏ်မှ ဖြေကြားထားပါကြောင်း။

ဗိုလ်ချုပ်ရုပ်ပုံပါ ငွေစက္ကူများကို မကိုင်တွယ်ရသည်မှာ ဆယ်စုနှစ် ၃ ပြန်ခန့် ရှိခဲ့ပြီဖြစ်ပါကြောင်း၊ ယခင်ထုတ်ဝေထားသော ဆင်နှင့် ခြင်္သေ့ပုံပါ ငွေစက္ကူများကို ကိုင်တွယ်လိုသူ နည်းပါးပြီး ဗိုလ်ချုပ်ပုံပါ ငွေစက္ကူများကိုသာ ကိုင်တွယ်ချင်လာကြမည်ကို အထူးတလည် ပြောစရာလိုမည် မထင်ပါကြောင်း၊ မြန်မာနိုင်ငံ ဗဟိုဘဏ်မှ ငွေစက္ကူများ ရိုက်နှိပ်ထုတ်ဝေမှုကို ရှေ့လာမည့် အနာဂတ်ကာလတွင် ဗိုလ်ချုပ်အောင်ဆန်းရုပ်ပုံများဖြင့် ရိုက်နှိပ်ထုတ်ဝေရန် တိုက်တွန်းပါကြောင်း ဆွေးနွေးသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ သရက်မဲဆန္ဒနယ်မှ ဦးကံမြင့်က ထောက်ခံဆွေးနွေးသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုနှင့်စပ်လျဉ်း၍ လက်ခံဆွေးနွေးရန်ဆုံးဖြတ်ပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ လွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **လယ်ယာမြေဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးပြီး ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် မတူပီမဲဆန္ဒနယ်မှ ဦးပါထန်းက အစီရင်ခံစာ ဖတ်ကြားတင်သွင်းသည်။

ထို့နောက်ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် ကိုယ်စားလှယ်များ ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။ **အေးအေးသန့်(သတင်းစဉ်)**

## နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်/မန္တလေး) (၂၃)ကြိမ်မြောက် သာသနတက္ကသီလမဟာဘွဲ့နှင်းသဘင်ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၇**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်/မန္တလေး)တို့မှ ၁၃၇၆-၁၃၇၇ ပညာသင်နှစ်တွင် **သာသနတက္ကသီလဓမ္မပါရဂူ** (Ph.D)**ဘွဲ့ တစ်ပါး၊ သာသနာတက္ကသီလမဟာဓမ္မာစရိယ** (M.A)**ဘွဲ့ ၁၁ ပါးနှင့် သာသနတက္ကသီလ ဓမ္မာစရိယ** (B.A) **ဘွဲ့ ၁၁၆ ပါးရရှိတော်မူသော သံဃာတော်အရှင်သူမြတ် ၁၂၈ ပါးတို့အား** ဘွဲ့ဆက်ကပ်မည့် (၂၃)ကြိမ်မြောက် သာသနတက္ကသီလမဟာဘွဲ့နှင်းသဘင်အခမ်းအနားကို ၁၃၇၉ ခုနှစ် နတ်တော်လပြည့်နေ့ ၂၀၁၇ခုနှစ် ဒီဇင်ဘာ ၃ ရက်တနင်္ဂနွေနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) မဟာဘွဲ့နှင်းသဘင်ခန်းမကြီး၌ ကျင်းပပြုလုပ်မည်ဖြစ်ရာ ဘွဲ့ခံယူတော်မူမည့် သံဃာတော်များထံသို့ ပင့်လျှောက်လွှာများကို စာတိုက်မှတစ်ဆင့် ပေးပို့ဆက်ကပ်ထားပြီးဖြစ်ပါသည်။

ပင့်လျှောက်လွှာ လက်ခံရရှိခြင်းမရှိပါကလည်း ဘွဲ့နှင်းသိမ်ဓမ္မာရုံသို့ ဒီဇင်ဘာ ၁ ရက်နေ့အရောက် အချိန်မီကြွရောက်တော်မူပါရန် ဘွဲ့ခံသံဃာတော်များအား သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနက နိုးဆော်ပင့်လျှောက်ထားကြောင်းနှင့် မဟာဘွဲ့နှင်း သဘင်အခမ်းအနားတွင် **မြတ်စွာဘုရားတစ်ဆူအပါအဝင် ပင့်သံဃာတော် ၁၃၆ ပါး၊ ဘွဲ့ခံသံဃာတော် ၁၂၈ ပါး စုစုပေါင်း ၂၆၅ ပါးတို့ကို** ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပမည်ဖြစ်၍ ဆွမ်းဆန်စိမ်းလောင်းလှူလိုသော ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များနှင့်တစ်ဦးချင်းပုဂ္ဂလိက အလှူရှင်များအနေဖြင့် အတွင်းရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဆွမ်းဆန်စိမ်းလောင်းလှူရေးကော်မတီ ဖုန်း-၀၁-၂၃၀၁၉၇၉၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ဖုန်း- ၀၉-၂၃၀၀၀၇၃၊ ၀၁-၆၆၁၂၇၅၊ ၀၁-၆၆၄၃၉၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများအား နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)၊ သမဝါယမတန်ဆောင်း(အောက်ထပ်) ကမ္ဘာအေးကုန်းမြေသို့ နိုဝင်ဘာ ၂၇ ရက်နေ့ နောက်ဆုံးထား ပေးပို့လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ပြန်ကြားရေးဝန်ကြီးဌာန
ကလေးစာပေပွဲတော်
ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ
၂၀၁၇-ခုနှစ်၊ အောက်တိုဘာလ (၂၉)ရက်၊ တနင်္ဂနွေနေ့၊ နံနက် (၉း၃၀)နာရီမှ ညနေ (၅)နာရီအထိ
အ.ထ.က (၁)၊ ပြည်မြို့


## ရှမ်းပြည်နယ်အရှေ့ပိုင်းနှင့် တောင်ပိုင်းတို့တွင် မိုးဆက်လက်ရွာမည်

**နေပြည်တော် အောက်တိုဘာ ၂၇-** နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ ရှမ်းပြည်နယ်အရှေ့ပိုင်းနှင့် တောင်ပိုင်းတို့တွင် မိုးဆက်လက်ရွာမည်။ မြန်မာ့ပင်လယ်ပြင်မှာ လှိုင်းအနည်းငယ်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်တွင် နှစ်ပေမှ လေးပေခန့် ရှိနိုင်သည်။ ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။ **(မိုး/ဇလ)**

# ၁၉၄၈ ခုနှစ် ဆိပ်ကမ်းအလုပ်သမားများ အလုပ်စီစဉ်ရေးအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်း လွှတ်တော်သို့တင်သွင်း

နေပြည်တော် အောက်တိုဘာ ၂၇

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။**




အစည်းအဝေးတွင် လမ်းတံတား တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း လေးခု မေးမြန်း ဖြေကြားခြင်း၊ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသည့် ဥပဒေကြမ်းအား အသိပေးတင်ပြခြင်း၊ ဆိပ်ကမ်းအလုပ်သမားများ အလုပ်စီစဉ်ရေး အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား လွှတ်တော်သို့ တင်သွင်းခြင်း၊ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်းတို့ ဆောင်ရွက်ကြသည်။

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၁) မှ ဦးကျော်နီနိုင်၏ **ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လောက်ကိုင်ခရိုင်အတွင်းရှိ မန်ချင်-နန်ကျောက်ဖား-ရှော်မိုနှိုက်-တာဝမ်တီး-တာမူနိုင်ကျေးရွာချင်းဆက် မြေသားလမ်းကို ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်က အဆိုပါကျေးရွာချင်းဆက်လမ်းအား ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ပေးနိုင်ရေးနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ စိစစ်ထောက်ခံတင်ပြလာပါက နယ်စပ်ဒေသဖွံ့ဖြိုးရေး ငါးနှစ်စီမံကိန်းလျာထားချက်တွင် ဦးစားပေးအပိုင်းလိုက်လျာထားတင်ပြဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

**အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော စာရင်းအင်းဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို လွှတ်တော်ဥက္ကဋ္ဌက အသိပေးတင်ပြပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာ**

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၈) မှ ဦးမာန်လောမောင်း၏ **ချင်းပြည်နယ်ရှိ မြို့နယ်များတွင် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ကျေးလက်ဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့တို့မှ လမ်းများ၊ တံတားများ၊ ရေသွယ်ယူခြင်း၊ မီးတပ်ဆင်ခြင်းများအတွက် တင်ဒါခေါ်ယူခြင်း၊ တင်ဒါများပေးခြင်းတို့ကို ပွင့်လင်းမြင်သာမှုရှိပြီး လွှတ်တော်ကိုယ်စားလှယ်များ သိရှိအောင်ပြုလုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်က တင်ဒါလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် လမ်းညွှန်ချက်များနှင့်အညီ တင်ဒါကော်မတီ၊ ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ၊ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၊ အရည်အသွေး စစ်ဆေးရေးကော်မတီများဖြင့် သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ပြီး တင်ဒါဝင်ရောက်ယှဉ်ပြိုင်သည့် ကုမ္ပဏီမှ တာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ရပ်မိရပ်ဖများအား ဖိတ်ကြား၍ တင်ဒါရှင်းလင်းပွဲများ ပြုလုပ်ခြင်းနှင့် အိတ်ဖွင့်တင်ဒါ စိစစ်ရွေးချယ်ခြင်းများကို စုပေါင်းခန်းမ၌ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ခဲ့ပါကြောင်း၊ ထို့အပြင် တင်ဒါလုပ်ငန်း စာချုပ်ချုပ်ဆိုရာတွင်လည်း လုပ်ထုံးလုပ်နည်းလမ်းညွှန်ချက်များနှင့်အညီ တင်ဒါအောင်ကုမ္ပဏီများဖြင့် စာချုပ်ချုပ်ဆိုပြီး လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းခွင်များတွင်လည်း လုပ်ငန်း အမည်၊ စံချိန်စံညွှန်းနှင့်အတိုင်းအတာ၊ လုပ်ငန်းဆောင်ရွက်သည့် ဘဏ္ဍာရေးနှစ်၊ လုပ်ငန်းဆောင်ရွက်သည့် ကုမ္ပဏီအမည်၊ ခွင့်ပြုငွေ၊ လုပ်ငန်းနှင့်ပတ်သက်ဆက်သွယ် ပြောကြားနိုင်သည့် တယ်လီဖုန်းနံပါတ်များ စသည့်အချက်များ ပါဝင်သည့်ဆိုင်းဘုတ်စိုက်ထူ၍ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ထို့ပြင် ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၃)မှ ဦးစောချစ်ဦး၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၀) မှ ဦးလားလ်မင်းထန်တို့၏ တံတားတည်ဆောက်ရေးဆိုင်ရာ မေးခွန်းများနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်က ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ထို့နောက် အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော **စာရင်းအင်းဥပဒေကြမ်း**ကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို လွှတ်တော်ဥက္ကဋ္ဌက အသိပေးတင်ပြပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက **၁၉၄၈ ခုနှစ် ဆိပ်ကမ်းအလုပ်သမားများ အလုပ်စီစဉ်ရေးအက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း**အား လွှတ်တော်သို့ တင်သွင်းပြီး ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဗိုလ်မှူးချုပ် ခင်မောင်အေးက ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။

ယင်းဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

**မီမီဖြိုး(သတင်းစဉ်)**

# ကျောင်းသားလူငယ်များ အတွေးအခေါ်မြင့်မားစေမည့် သိပ္ပံရုပ်ရှင်ပွဲတော်ကြီး နိုင်ငံတစ်ဝန်း ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၇**

ပညာရေးဝန်ကြီးဌာန ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာန၏ ဦးဆောင်ကြီးကြပ်မှုဖြင့် မျိုးဆက်သစ် ကျောင်းသားလူငယ်များ သိပ္ပံပိုင်းဆိုင်ရာ အတွေးအခေါ်မြင့်မားစေရန် ရည်ရွယ်ကျင်းပသော သိပ္ပံရုပ်ရှင်ပွဲတော်ကြီးကို နိုင်ငံတစ်ဝန်းရှိကျောင်းများ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ သိပ္ပံရုပ်ရှင်ပွဲတော်ကြီးကို ရန်ကုန်မြို့နှင့် တောင်ကြီးမြို့များရှိ Brain works ကျောင်းများမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ Maker 36၊ 360 ed၊ Metta ဖောင်ဒေးရှင်း၊ YMCA မြန်မာ၊ SaLang Gabar Education၊ စေတနာ ကိုယ်ပိုင်အလယ်တန်းကျောင်း၊ ဓမ္မနန္ဒီဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှင့် ပညာ့တံခွန် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် ကျင်းပခြင်းဖြစ်သည်။ ရုပ်ရှင်ပွဲတော်ကို နိုင်ငံတစ်ဝန်းရှိ ပညာရေးဝန်ကြီးဌာနလက်အောက်မှ ကျောင်းများ၌ တစ်လကြာ ကျင်းပမည်ဖြစ်ပြီး ယခုအကြိမ်သည် မြန်မာနိုင်ငံအနေဖြင့် ဆဋ္ဌမအကြိမ်မြောက် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

"မြန်မာနိုင်ငံမှာ အခုလို သိပ္ပံရုပ်ရှင်ပွဲတော်ကြီးကို ကျင်းပပေးရတဲ့ ရည်ရွယ်ချက်က အနာဂတ် မျိုးဆက်သစ်ကျောင်းသားလေးတွေရဲ့လက်တွေ့ဘဝမှာ မြင်နေ၊ တွေ့နေရတာတွေနဲ့ သိပ္ပံပညာက တစ်နည်းမဟုတ်တစ်နည်း ဆက်စပ်နေတယ်။ နေ့ရက်တိုင်းမှာ အသစ်အသစ်တွေ လေ့လာသင်ယူလို့ရတယ်ဆိုတာ ကလေးတွေသိအောင်၊ သိပ္ပံပညာမှာ ကလေးတွေ ပိုပြီးစိတ်ဝင်စားလာအောင် အခုလို သိပ္ပံရုပ်ရှင်ကားလေးတွေ ပြသခြင်းဖြစ်ပါတယ်။ သူတို့ရဲ့ အနာဂတ်ဘဝ ရပ်တည်မှုမှာ သိပ္ပံပညာရပ်တွေဟာ တစ်ထောင့်တစ်နေရာက အထောက်အကူပြုစေချင်တာဖြစ်ပါတယ်"ဟု အဆိုပါသိပ္ပံရုပ်ရှင်ပွဲတော်ဖြစ်မြောက်ရေးတွင် ဦးဆောင်ပါဝင်သော Brainworks total Group of School မှ သိပ္ပံဌာနမှူး ဒေါက်တာမြသိန်းက ပြောသည်။

သိပ္ပံရုပ်ရှင်ပွဲတော်ကြီးကို ကမ္ဘာ့နိုင်ငံအများစုတွင် ၂၀၀၅ ခုနှစ်မှ စတင်ခဲ့ပြီး မြန်မာနိုင်ငံအနေဖြင့် ပြီးခဲ့သော ၂၀၁၂ ခုနှစ်မှ စတင်အကောင်အထည်ဖော်ပြသခဲ့ခြင်းဖြစ်သည်။ ယခု ဆဋ္ဌမအကြိမ်မြောက်တွင် နိုင်ငံပေါင်း ၂၀၀ ကျော်မှ ရွေးချယ်ထားသော သိပ္ပံရုပ်ရှင်ကား ၆၇ ကားကို နိုင်ငံပေါင်း ၂၃ နိုင်ငံတွင် ပြသသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံတွင်လည်း နိုင်ငံအနေအထားနှင့် ကိုက်ညီစေမည့် သိပ္ပံရုပ်ရှင်ကား ၁၅ ကားကို ထပ်မံရွေးချယ်ပြသသွားမည်ဖြစ်သည်။ နိုင်ငံတစ်ဝန်း လိုက်လံပြသပေးမည့် သိပ္ပံရုပ်ရှင်ကား ၁၅ ကားတွင် မြန်မာနိုင်ငံမှ ရုပ်ရှင်ကားတစ်ကားပါဝင်ကြောင်း သိရသည်။

ယင်းသိပ္ပံရုပ်ရှင်ကား ၁၅ ကားကို ရန်ကုန်၊ ပဲခူး၊ မန္တလေး၊ စစ်ကိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်၊ မွန်၊ ကရင်ပြည်နယ်တို့အတွင်းရှိ ပညာရေးဝန်ကြီးဌာနအောက်မှ ကျောင်းများဖြစ်သော ကျောင်းပေါင်း ၄၀ ကျော်တွင် အခမဲ့ လိုက်လံပြသမည်ဖြစ်သည်။ ယင်းသို့ လိုက်လံပြသရာတွင် အစိုးရပညာသင်ကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ မိဘမဲ့ဂေဟာများနှင့် ဘုရားကျောင်းတို့၌ ပညာဆည်းပူးလေ့လာလျက်ရှိသော မျိုးဆက်သစ် ကျောင်းသား ကျောင်းသူများအား ယခုလာမည့် အောက်တိုဘာ ၂၉ ရက်မှ စတင်ကာ နိုဝင်ဘာ၃၀ ရက်အထိ တစ်လကြာ လိုက်လံပြသခြင်းဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့ ရေရှည်ကြည့်မယ်ဆိုရင် အနာဂတ်လူငယ်တွေဟာ သိပ္ပံပဲဖြစ်ဖြစ်၊ သင်္ချာပဲဖြစ်ဖြစ် လေ့လာချင်တဲ့၊ စူးစမ်းချင်တဲ့စိတ်တွေ ရှိရမယ်။ အထူးသဖြင့် အဲဒီကဏ္ဍတွေကို မျိုးဆက်သစ်ကျောင်းသားတွေ စိတ်ဝင်စားမှုရှိရင် တိုင်းပြည်ဖွံ့ဖြိုးဖို့အတွက် အများကြီး အရေးပါတယ်။ လိုလိုလားလားစိတ်မျိုးရှိရင် တိုင်းပြည်အတွက် အများကြီးအကျိုးရှိပါတယ်။ ဒီရုပ်ရှင်တွေထဲမှာ သိပ္ပံတွေးခေါ်မှုဆိုင်ရာတွေ အများကြီးပါတယ်။ ပြောရရင် သာမန်ရုပ်ရှင်နဲ့မတူဘူး။ ဒီထဲမှာပဲ သိပ္ပံနဲ့ဆိုင်တဲ့ ကွင်းဆက်အတွေးအယူအဆတွေ ပါတယ်။ ဒါတွေကိုကြည့်ပြီး သူတို့လေးတွေကို လုပ်ခိုင်းတဲ့အခါ သိပ္ပံဆိုတာ ဒီလိုတွေရှိပါလား။ နေ့စဉ်သဘာဝတရားထဲမှာ သိပ္ပံတွေက အများကြီးရှိနေပါလားစတဲ့ လေ့လာချင်၊ စူးစမ်းချင်၊ သင်ယူချင်တဲ့စိတ်တွေ ကလေးမှာ ရရှိသွားမှာဖြစ်ပါတယ်"ဟု ဒေါက်တာမြသိန်းက ထပ်မံရှင်းပြသည်။


အဆိုပါ သိပ္ပံရုပ်ရှင်ပွဲတော်ကြီးကို အိမ်နီးချင်းနိုင်ငံများဖြစ်သော ထိုင်းနိုင်ငံ၊ အင်ဒိုနီးရှား၊ လာအိုနှင့် ကမ္ဘောဒီးယားစသော ကမ္ဘာ့နိုင်ငံပေါင်း ၂၃ နိုင်ငံတွင်လည်း ကျင်းပလျက်ရှိပြီး မြန်မာနိုင်ငံ၌ အောက်တိုဘာ ၂၈ ရက် ညနေ ၄ နာရီတွင် ရန်ကုန်မြို့ အလုံ အထက(၄)ကျောင်း၌ ဖွင့်ပွဲစတင်ကျင်းပရန်စီစဉ်ထားကြောင်း သိရသည်။

**မောင်စိန်လွင်(မြန်မာ့အလင်း)**

# နှစ်ပေါင်း ၁၅၀၀ ခန့်က ပျူခေတ်အသုံးအဆောင်ပစ္စည်းများ စနစ်တကျစာရင်းပြု

**ကသာ အောက်တိုဘာ ၂၇**





နှစ်ပေါင်း ၁၅၀၀ ခန့်က ပျူခေတ်လူမျိုးစုများ အသုံးအဆောင်ပစ္စည်းများအား ဝန်းသိုမြို့နယ်နှင့် ၂၂ မိုင်ကွာဝေးသော မိုင်းသုံကျေးရွာ အနောက်ဘက် ခြောက်ဖာလုံခန့်တွင် အမျိုးအစားကွဲပြားသည့် ပျူခေတ်ရှေးဟောင်းလက်ရာ မြေအိုးကွဲ ၊ မြားတံ ၊ မိုန်း ၊ ဆူး၊ ဆောက် ၊ ရိုးရာအလှဆင် ပုတီးစေ့အရွယ်စုံများ၊ ဓားမ၊ ဓားရှည်၊ ဓားတို အမျိုးမျိုးနှင့် နှစ်ဖက်သွား၊ တစ်ဖက်သွားဓားများ အရွယ်အစားအမျိုးမျိုး ၁၀၀ ကျော်ခန့်ကို သက်ဆိုင်ရာက အောက်တိုဘာ ၂၆ ရက်တွင် စာရင်းပြုစု မှတ်တမ်းတင်ခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဟန်လင်း ၊ ဗိဿနိုး ၊ သရေခေတ္တရာခေတ်အလိုက် အသုံးအဆောင်များကို မှတ်တမ်းများထားရှိခဲ့ရာ ဝန်းသိုမြို့နယ် မိုင်းသုံကျေးရွာတွင်းမှ ရှေးဟောင်းပစ္စည်းများမှာ ပျူခေတ်ရှေးဟောင်းပစ္စည်းလက်ရာ မှတ်တမ်းများနှင့်တူညီနေသဖြင့် ပျူသမိုင်းကို ဆန်းသစ်လာမည်လားဟု တွေးစရာဖြစ်ပေါ်လာခဲ့ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာနမှ ဦးဝင်းကိုက ပြောသည်။

အဆိုပါလက်ရာများရှိရာ ဝန်းသိုမြို့နယ် မိုင်းသုံကျေးရွာရှိ အိမ်ခြေ ၈၁ အိမ် ၊ လူဦးရေ ၅၂၄ ဦး၊ အမြင့်ပေ ၂၀၀၀ တောင်ရှိ ကျေးရွာသို့ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ကိုယ်ရေးအရာရှိ ဦးသန်းဌေးနှင့် ဦးဇင်မောင် ဦးစီး၍ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်မှ ဦးဝင်းကို၊ ဦးရာဇာအောင်နှင့် ဌာနဆိုင်ရာများ၊ မီဒီယာသမားများပါဝင်သောအဖွဲ့သည် ရှေးဟောင်းပစ္စည်းများရှိရာ မိုင်းသုံရွာနှင့် ခြောက်ဖာလုံခန့်ရှိ ဦးရဲဝင်း လယ်ကွင်းတွင် တူးဖော်တွေ့ရှိနေရာအား လေ့လာကြည့်ရှုခဲ့ကြသည်။

ထို့နောက် မိုင်းသုံရွာနှင့် ခြောက်မိုင်ခန့်ရှိသော အိမ်ခြေတစ်သောင်း၊ ဘုန်းကြီးကျောင်း တစ်ထောင်ရှိခဲ့သည်ဟု ရှေးလူကြီးများ အဆိုရှိခဲ့သည့် တောင် အမြင့် ပေ ၃၄၀၀ ရှိ ကျောက်မြို့တော်ဟောင်းသို့ရောက်၍ လေ့လာပြီး အပြန်တွင် စုဆောင်းထားရှိသော ပျူခေတ်လက်ရာများဖြစ်သည့် အသုံးအဆောင် ဓားအမျိုးမျိုး ၁၁၂ လက်၊ ပုတီးစေ့သဏ္ဌာန် အစေ့ ၁၉၈၀ ၊ အဝါရောင်အစေ့ ၄၈ စေ့၊ အပြာရောင်အစေ့ ၄၅ စေ့တို့ကို ရေတွက်၍ စာရင်းပြုစုခြင်းကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ငွေအိုး(ကသာ)**

# တိုင်းပြည်ဖွံ့ဖြိုးတိုးတက်စေချင်တယ်ဆိုရင် လူတိုင်းစာဖတ်စေချင်တယ်

မြန်မာစာပေအကျိုးထူးချွန်ပြောင်မြောက်စွာ တစ်သက်တာလုံး အားထုတ်ကြိုးပမ်း ရေးသားပြုစုခဲ့သော စာရေးဆရာကြီးများကို နိုင်ငံတော်ကအသိအမှတ်ပြုသောအားဖြင့် ၂၀၁၆ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုရရှိသော ဆရာကြီးများအား အောက်တို ဘာ ၂၆ ရက်က ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်သည်။ ယင်းဆုများကို ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီက ရွေးချယ်ထုတ်ပြန်ပေးခဲ့ခြင်း ဖြစ်ပြီး ယခုနှစ်တွင်မူ ယခင်နှစ်များထက် ဆုများပိုမိုရွေးချယ် ချီးမြှင့်ပေးနိုင်ခဲ့သည်။ အမျိုးသားစာပေတစ်သက်တာဆုရရှိသူများအား မြန်မာ့အလင်းသတင်းအဖွဲ့မှ မျိုးဆက်သစ်လူငယ်များ အသိပညာတိုးပွားစေရန် သွားရောက် မေးမြန်းခဲ့မှုများကို ပြန်လည်ရေးသား ဖော်ပြလိုက်ပါသည်။

**စာရေးဆရာကြီးဦးသာနိုး(မောင်သာနိုး)**
**(အမျိုးသားစာပေတစ်သက်တာဆုရှင်)**

ငယ်စဉ် အထက်တန်းကျောင်းသား ဘဝကတည်းက ရုန်းကန်ကြိုးစားရေးလာရင်း ခုလို အမျိုးသားစာပေတစ်သက်တာဆုကိုရရှိတယ်ဆိုတော့ ဆရာကြီးအနေနဲ့ အတိုင်းမသိဝမ်းသာပါတယ်။ ခုဆိုရင် ဆရာကြီး စာရေးသက်က နှစ်ပေါင်း ၆၀ ကျော်ခဲ့ပြီ။ ဆရာကြီးတို့ငယ်စဉ်က စာပေမျိုးစုံဖတ်ခဲ့တယ်။ မရွေးဘူး။ အကျိုးပြုစာပေတိုင်းကိုဖတ်၊ မှတ်၊ လေ့လာခဲ့တယ်။ ယနေ့ခေတ် လူငယ်၊ လူလတ်၊ လူကြီးတွေကအဆုံး စာမဖတ်ကြတော့ဘူး။ ဘယ်တိုင်းပြည်ပဲ ကြည့်ကြည့် စာဖတ်တဲ့သူမှ ကြီးပွားတာပဲ။ သူများတိုင်းပြည်တွေမှာ တိုးတက်တာလည်း မပြောနဲ့ စာဖတ်တဲ့သူက ယနေ့တိုင် ကျမသွားဘူး။ ပိုတောင် တိုးလာနေသေးတယ်။ တကယ်တော့ စာဖတ်တဲ့သူမှ အသိပညာကအစကဏ္ဍပေါင်းစုံကြီးပွားတိုးတက်တာ။ ဒါကြောင့် မြန်မာနိုင်ငံ မျိုးဆက် သစ်လူငယ်တွေအနေနဲ့ ကိုယ့် အကျိုး၊ တိုင်းပြည်အကျိုးပြုစေမယ့် စာပေတွေကို ရွေးချယ်ဖတ်စေချင်တယ်။ အခုဆို စာပေလောကဖွံ့ဖြိုးမှုက ဖြည်းဖြည်းချင်း ကျဆင်းလာတယ်။ ဒီလို ကျဆင်းမသွားအောင် စာပေသမားတွေ ကြိုးစားရမယ်။ တကယ်တော့ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်စေချင်တယ်ဆိုရင် လူတိုင်းစာဖတ်စေချင်တယ်။

စာရေးဆရာကြီး ဦးသာနိုး (မောင်သာနိုး)သည် ငယ်စဉ် အထက်တန်းကျောင်းသားဘဝကတည်းက ကျောင်းမဂ္ဂဇင်းများတွင် စတင်ရေးသားရင်း စာပေပေါင်းစုံကို လေ့လာဆည်းပူးကာ ကဗျာ၊ မဂ္ဂဇင်း၊ ဝတ္ထုတို၊ ဝတ္ထုရှည်၊ လုံးချင်းဝတ္ထုများနှင့် ဘာသာပြန်လုံးချင်း ဝတ္ထုရှည်များကို ဘဝတစ်လျှောက် ရေးသားပြုစုခဲ့သူဖြစ်သည်။ စုစုပေါင်း စာအုပ်မျိုးစုံပေါင်း ၁၀၀ ကျော်ကို ရေးသားထုတ်ဝေခဲ့ပြီး ယနေ့တိုင် ပြည်သူများကြား အကြိမ်ကြိမ် ထပ်မံထုတ်ဝေမှုများ ပြုလုပ်လျက်ရှိပြီး အသစ်ထပ်မံထွက်ရှိမှုများလည်း ရှိနေသေးကြောင်း သိရသည်။ ဆရာကြီးသည် ၁၉၃၂ ခုနှစ် တွင် စစ်ကိုင်းတိုင်းဒေသကြီး၌ မွေးဖွားခဲ့ပြီး မန္တလေးတက္ကသိုလ်မှ B.A၊ ရန်ကုန် တက္ကသိုလ်မှ M.A ဘွဲ့တို့ကို ရရှိခဲ့သည်။ ၁၉၅၆ ခုနှစ်တွင် လူထုသတင်းစာ၌ အယ်ဒီတာ၊ ၁၉၆၃ ခုနှစ်တွင် မန်းခေတ်သတင်းစာ၌ အယ်ဒီတာအဖြစ် ထမ်းဆောင်ခဲ့သည်။ ဆရာကြီးသည်အသက် ၂၀ ကျော် အရွယ်ကတည်းက အင်္ဂလိပ်စာကို သင်ကြားပြသလာခဲ့သူ တစ်ဦးဖြစ်ပြီး ငယ်စဉ်ကတည်းက ပါဠိဘာသာနှင့် အင်္ဂလိပ်ဘာသာတို့ကို အကျွမ်းတဝင် တတ်မြောက်သင်ယူခဲ့သူ တစ်ဦးဖြစ်ကြောင်း သိရသည်။



စာရေးဆရာကြီး ဦးသာနိုး(မောင်သာနိုး)
(အမျိုးသားစာပေတစ်သက်တာဆုရှင်)



စာရေးဆရာကြီး ဦးကျော်ဝင်း(ညိုဝင်း)
(အမျိုးသားစာပေ တစ်သက်တာဆုရှင်)

**စာရေးဆရာကြီး ဦးကျော်ဝင်း(ညိုဝင်း)**
**(အမျိုးသားစာပေ တစ်သက်တာဆုရှင်)**

စာရေးဆရာဘဝဟာ ဘာရလဒ်မှ မျှော်လင့်ခဲ့တာမရှိပါဘူး။ ဝါသနာကိုအရင်းခံပြီး ပြည်သူအတွက် အကျိုးပြုစေမယ့်၊ စာဖတ်သူတွေအကျိုးဖြစ်စေမယ့် စာပေမျိုးကို ပတ်ဝန်းကျင်က အတွေ့အကြုံကောင်းတွေ၊ အဖြစ်အပျက်တွေကိုစူးစမ်းရှာဖွေစုဆောင်းပြီး တန်ဆာဆင်ရေးသားရတာပါ။ စာပေကောင်းမွန်ပြီး ပြည်သူစိတ်ဝင်စားကာ အကျိုးပြုမယ့် စာပေမျိုးတွေကိုလည်းရေးခဲ့သလို စာဖတ်ပရိသတ်တွေကလည်း စာကောင်းပေမွန်တွေကိုဖတ်မှတ်လေ့လာဖို့ လိုပါတယ်။ ဆရာကြီးအနေနဲ့ အခုလို အမျိုးသားစာပေ တစ်သက်တာဆုရတာ အတိုင်းမသိဝမ်းသာပါတယ်။ ဆရာကြီးက ကျောင်းသားဘဝကတည်းက အတွေးအမြင်ရနိုင်တဲ့၊ ဘဝပေးသင်ခန်းစာရနိုင်တဲ့ စာပေမျိုးတွေကို လေ့လာဖတ်ဖြစ်ခဲ့တယ်။ ရေးသားတဲ့အခါမှာလည်း အဲဒီလိုစာပေမျိုးတွေကိုပဲ ရေးသားခဲ့ပါတယ်။ ယနေ့တိုးတက်နေတဲ့ကမ္ဘာမှာ လမ်းပြနေတာစာပေပါ။ လောကမှာစာပေ ဖတ်မှတ်လေ့လာတဲ့သူမှ တိုးတက်တဲ့ဘဝတစ်ခုကို လှလှပပ ဖန်တီးနိုင်မှာပါ။ ဒါကြောင့် ယနေ့ခေတ်လူငယ်တွေကို သကာရည်လောင်းကာ နို့မလိုင်နဲ့တူတဲ့ စာပေမျိုးတွေကို ဖတ်စေချင်တယ်။ ယနေ့ အွန်လိုင်းတွေပေါ်မှာတွေ့မြင်နေရတဲ့ အဆိပ်အတောက်စာတွေ ကို တကယ်ရှောင်ရှားဖို့ လိုပါတယ်။ မျိုးဆက်သစ်တွေ အတွေးအခေါ်ဆန်းသစ်ပြီး အဆိပ်မမိဖို့ လိုပါတယ်။

**ယနေ့တိုးတက်နေတဲ့ကမ္ဘာမှာ လမ်းပြနေတာ စာပေပါ။ လောကမှာစာပေဖတ်မှတ်လေ့လာတဲ့သူမှ တိုးတက်တဲ့ဘဝတစ်ခုကို လှလှပပဖန်တီးနိုင်မှာပါ။ ဒါကြောင့် ယနေ့ခေတ် လူငယ်တွေကို သကာရည်လောင်းကာ နို့မလိုင်နဲ့တူတဲ့ စာပေမျိုးတွေကို ဖတ်စေချင်တယ်။ ယနေ့ အွန်လိုင်းတွေပေါ်မှာ တွေ့မြင်နေရတဲ့ အဆိပ်အတောက်စာတွေကို တကယ်ရှောင်ရှားဖို့လိုပါတယ်။**

စာရေးဆရာကြီး ဦးကျော်ဝင်း (ညိုဝင်း)သည် သခင်ကိုယ်တော်မှိုင်းကိုယ်တိုင်ချီးမြှင့်ခဲ့သော ကဗျာရွှေတံဆိပ်ဆု၊ ၁၉၆၇ ခုနှစ်တွင် မှောင်လွန်းသောညများ ဝတ္ထုရှည်ဖြင့် အမျိုးသားစာပေဆု၊ ၁၉၉၉ ခုနှစ်တွင် တပ်မတော်ကဗျာပြိုင်ပွဲမှ ပထမဆုနှင့် ပခုက္ကူဦးအုံးဖေစာပေဆုတို့ကိုယခင်က ရရှိထားပြီး ယခု အမျိုးသားစာပေတစ်သက်တာဆုအပါအဝင် စာရေးဆရာဘဝတစ်လျှောက်တွင် ငါးဆုမြောက်ရရှိခြင်းဖြစ်သည်။ ဆရာကြီးသည် လုံးချင်းဝတ္ထု ၁၀၀ ကျော်၊ ဝတ္ထု တို၊ ရှည် ၁၀၀ ကျော်နှင့် ကဗျာပေါင်း ၃၀၀ ဝန်းကျင်ကို ရေးသား ခဲ့သည်။ ဆရာကြီး ဦးကျော်ဝင်း(ညိုဝင်း)ကို ရန်ကုန်တိုင်းဒေသ ကြီး တိုက်ကြီးမြို့နယ် ဥက္ကံရှမ်းစုကျေးရွာ၌ ဦးဘိုးရှင်- ဒေါ်ရွှေရည်တို့က ၁၉၂၄ ခုနှစ်တွင် ဖွားမြင်ခဲ့ပြီး ယခုဆိုလျှင် အသက် ၉၄ နှစ်ထဲသို့ ရောက်ရှိပြီဖြစ်သည်။

**တွေ့ဆုံမေးမြန်း- စိန်လွင်အောင်**
**ဓာတ်ပုံ-မင်းထက်**

*(ဆက်လက်ဖော်ပြပါမည်)*

# ခေါင်းလောင်းစာတွေက ခေတ်ရဲ့နိုင်ငံရေး၊ စီးပွားရေးကိုဖော်ပြပါတယ်



ဒေါက်တာခင်မောင်ညွန့်
အင်္ဂလိပ်ဘာသာ(သုတ)စာပေဆု



စာရေးဆရာ ဒေါက်တာကျော်ဝင်း
(နိုင်ငံရေးစာပေဆု)



ဆရာ ဦးစိုးဝင်း (ကိုရွှေး-အလုံ)
(ကဗျာပေါင်းချုပ်စာပေဆု)

ပြန်ကြားရေးဝန်ကြီးဌာနက ၂၀၁၆ ခုနှစ် အတွက် အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုများကို ထုတ်ပြန်ကြေညာ လိုက်ပြီဖြစ်ရာ ဆုရစာရေးဆရာများနှင့်တွေ့ဆုံမေးမြန်းခဲ့သည်များအား စာပေ ချစ်သူပြည်သူများအတွက် စုစည်းဖော်ပြလိုက်ပါသည်။

ရှေးဦးစွာ အမျိုးသားစာပေဆုတွင် The Historic Bells of Yangon စာအုပ်ဖြင့် အင်္ဂလိပ်ဘာသာ(သုတ) စာပေဆု ဆွတ်ခူးနိုင်ခဲ့သော ဆရာကြီး ဒေါက်တာ ခင်မောင်ညွန့်နှင့် တွေ့ဆုံမေးမြန်းခဲ့ပါသည်။

“ ဒီစာအုပ်က ဒီလိုပါ။ ကျွန်တော်က သမိုင်းဌာနမှာ တာဝန်ထမ်းဆောင်နေတဲ့အချိန် ရွှေတိဂုံဘုရားပေါ်ရောက်တဲ့အခါ ကျိုက္ကလို့၊ ကျိုက္ကလဲ့ဘုရား တွေကို ရောက်တဲ့အခါ လျှောက်ပြီး ကြည့်တယ်။ ကျောက်စာတွေဖတ်တယ်။ ခေါင်းလောင်းစာတွေဖတ်တယ်။ ခေါင်းလောင်းစာတွေထဲမှာ အလှူအတန်းတွေ အကြောင်းတွေ့ရတယ်။ အဲဒီခေတ်က နိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုတွေကိုပါ တွေ့ရတယ်။ အထူးသဖြင့် အင်္ဂလိပ်-မြန်မာစစ်ပွဲတွေအကြောင်းလည်းတွေ့ရတယ်။ အင်္ဂလိပ်နဲ့မြန်မာ စစ်မဖြစ်မီက မြန်မာရဲ့ အင်ပါယာဟာ အကြီးကြီး ဆိုတာသိရတယ်။ ခေါင်းလောင်းစာတွေမှာ လှူဒါန်းတဲ့အလှူရှင်တွေရဲ့ ရည်ရွယ်ချက်အမျိုးမျိုး တွေ့ရတယ်။ ဆုတောင်းစာတွေလည်းပါတယ်။ လှူဒါန်းတဲ့ကြေးစျေးနှုန်းက ဘယ်လောက်ရှိတယ်၊ ပိဿာချိန်က ဘယ်လောက်ရှိတယ်ဆိုတာ တွေ့ရတယ်။ ပန်းတဉ်းပညာရှင်က ဘယ်သူဆိုတာတွေလည်း ပါတယ်။ ပန်းတဉ်းပညာရှင်၊ ကြေးပညာရှင်တွေကတော့ မန္တလေးကများတယ်။ ဒါတွေဟာ စီးပွားရေးစစ်တမ်းကောက်လို့ရတဲ့အထိ အရေးပါတာတွေ့ရတယ်။ ခေါင်းလောင်းတွေမှာ အလှူရှင်တွေရဲ့ နတ်လူသာခုခေါ်ပါစေသော်၊ နိဗ္ဗာန်ရောက်ရပါလို၏ ဆိုတာလောက်မဟုတ်တော့ဘဲ ခေတ်ရဲ့ နိုင်ငံရေး၊ စီးပွားရေးတွေကိုဖော်ပြနေတာဖြစ်ပါတယ်။ ခေါင်းလောင်းတွေမှာ ပါဠိလိုရေးတာရှိတယ်။ သက္ကတဘာသာနဲ့ ရေးတာရှိတယ်။ သင်္ကေတတွေနဲ့ ထိုးထားတာလည်း ရှိတယ်။ သုတေသနပြုလုပ်ရတာ အတော်လေး ကြာခဲ့ပါတယ်။ စဉ့်ကူးမင်းခေါင်းလောင်းကြီးကတော့ အထင်ရှားဆုံးဖြစ်ပါတယ်။ အင်္ဂလိပ်က စစ်အောင်တဲ့ အထိမ်းအမှတ်နဲ့ အင်္ဂလန်ကိုယူသွားဖို့ ကြိုးစားခဲ့ပေမယ့် ဒေါပုံမြစ်ထဲ ပြုတ်ကျသွားခဲ့ပါတယ်။ အင်္ဂလိပ်တွေ မဆယ်နိုင်တဲ့ ဒီခေါင်းလောင်းကြီးကို မြန်မာ့နည်း၊ မြန်မာ့ဟန်နဲ့ ဆယ်ယူပြီး ရွှေတိဂုံဘုရားမှာ ပြန်လည်ချိတ်ဆွဲထားခဲ့ပါတယ်” ဟု ပြောကြားသည်။

ဆရာကြီးဒေါက်တာ ခင်မောင်ညွန့်သည် ရွှေတိဂုံ၊ ဆူးလေ၊ ကိုးထပ်ကြီးဘုရား၊ ငါးထပ်ကြီး၊ ခြောက်ထပ်ကြီးဘုရား၊ ကျိုက္ကလို့၊ ကျိုက္ကလဲ့ ဘုရားများအပါအဝင် ရန်ကုန်မြို့ရှိ တန်ခိုးကြီးဘုရားများရှိ ခေါင်းလောင်းများကို သုတေသနပြုလုပ်ခဲ့ကြောင်းသိရသည်။ ဆရာကြီးသည် အနုပညာဦးစီးဌာန၊ သမိုင်းသုတေသနဌာန၊ ရှေးဟောင်းသုတေသနဌာနတို့တွင် ညွှန်ကြားရေးမှူးချုပ် တာဝန်များထမ်းဆောင်ခဲ့သည့်အပြင် သမိုင်းကော်မရှင်တွင်လည်း ဥက္ကဋ္ဌတာဝန်ထမ်းဆောင်ခဲ့ကြောင်း၊ ၂၀၁၀ ခုနှစ်က အမျိုးသားစာပေ တစ်သက်တာဆုကို ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ အမျိုးသားစာပေဆုတွင် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတည်ဆောက်ခြင်း စာအုပ်ဖြင့် နိုင်ငံရေးစာပေဆု ဆွတ်ခူးသွားခဲ့သော စာရေးဆရာ ဒေါက်တာကျော်ဝင်းနှင့်လည်း တွေ့ဆုံမေးမြန်းခဲ့ပါသည်။

“ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ဖက်ဒရယ်စနစ်ကို ထူထောင်ဖို့ ကြိုးစားခဲ့တာကြာပါပြီ။ ဒါပေမယ့် အောင်မြင်မှု မရခဲ့ပါဘူး။ ၁၉၆၁ ခုနှစ်လောက်မှာ ဦးနုရဲ့ ပြည်ထောင်စုအစိုးရလက်ထက် ဖက်ဒရယ်စနစ်ကို ပြောင်းလဲဖို့ တောင်းဆိုခဲ့ကြတဲ့အတွက် ညီလာခံတစ်ရပ်ကို ကျင်ပပေးခဲ့ပါတယ်။ အဲဒီမှာ ဖက်ဒရယ်စနစ်ဆိုတာ ပြည်ထောင်စုပြိုကွဲတော့မယ်လို့ အယူအဆဖြစ်ပေါ်ခဲ့ပြီးတဲ့နောက် တပ်မတော်က အာဏာသိမ်းခဲ့ပါတယ်။ တကယ်တော့ ဖက်ဒရယ်စနစ်ဆိုတာ ပြည်နယ်အစိုးရနဲ့ ပြည်ပအစိုးရတို့ဟာ အာဏာခွဲဝေအုပ်ချုပ်တာဖြစ်ပါတယ်။ အဲဒီအကြောင်းအရာတွေကို အခန်းကဏ္ဍအလိုက် ရေးသားထားပါတယ်။ မြန်မာနိုင်ငံရဲ့ ဖက်ဒရယ်စနစ်တောင်းခံမှု အဆင့်ဆင့်ကိုလည်း ဖော်ပြထားပါတယ်။ ဖက်ဒရယ်စနစ်ဆိုတိုင်း ခွဲထွက်တဲ့ စနစ်မဟုတ်ဘူးဆိုတာ သိစေချင်လို့ပါ” ဟု ဆရာကြီး ဒေါက်တာ ကျော်ဝင်းက ရှင်းပြသည်။

ဆရာကြီးဒေါက်တာကျော်ဝင်းသည် လက်ရှိမြန်မာ့သမိုင်းဌာန၏ အတွင်းရေးမှူးတာဝန်ကို ထမ်းဆောင်လျက်ရှိကြောင်း၊ ၂၀၁၅ ခုနှစ်ကလည်း နိုင်ငံရေးစာပေဆုဖြင့် အမျိုးသားစာပေဆုကို ဆွတ်ခူးခဲ့ကြောင်း၊ ယနေ့အချိန်အထိ ဆောင်းပါးပေါင်း ၄၀၀ ကျော်၊ စာအုပ်အနေဖြင့်၁၅ အုပ် ထုတ်ဝေခဲ့ပြီဖြစ်ကြောင်း သိရသည်။

ဆရာကြီးက လူငယ်၊ လူရွယ်များအပါအဝင် ပြည်သူများအနေဖြင့် နိုင်ငံရေးစာပေကို ပိုမိုဖတ်ရှုသင့်ကြောင်း၊ နိုင်ငံရေးစာပေသည် နိုင်ငံရေး နိုးကြားမှုကို ဖြစ်ပေါ်စေကြောင်း၊ နိုင်ငံရေးအသိအမြင်ကို အမှတ်ရစေကြောင်း တိုက်တွန်းထားသည်။

ထို့နောက် အမျိုးသားစာပေဆုတွင် ရန်ကုန်ကို အလစ်မပေးနဲ့ ဒေလီယာ ကဗျာများဖြင့်ကဗျာပေါင်းချုပ်စာပေဆု ဆွတ်ခူးသွားခဲ့သော ဦးစိုးဝင်း(ကိုရွှေး-အလုံ)နှင့် လည်းတွေ့ဆုံမေးမြန်းခဲ့ပါသည်။

“ကျွန်တော့် ကဗျာတွေကတော့ ဒီဘက်ခေတ် လူမှုရေးနဲ့ နိုင်ငံရေး အပြောင်းအလဲတွေဖြစ်ပါတယ်။ ကဗျာစုစည်းမှုဖြစ်ပါတယ်။ လူငယ်၊ လူရွယ်တွေ ကဗျာကို ဖတ်ကြဖို့တိုက်တွန်းချင်ပါတယ်။ ကဗျာက ခံစားမှုရသအမျိုးမျိုးကိုပေးနိုင်တဲ့စာပေအမျိုးအစားဖြစ်ပါတယ်” ဟု ကဗျာဆရာ ကိုရွှေး-အလုံက ရှင်းပြသည်။

ကဗျာဆရာကိုရွှေးသည် ကဗျာစာအုပ် လေးအုပ်ထုတ်ဝေခဲ့ပြီးဖြစ်ကြောင်း၊ လက်ရှိတွင် စာအုပ်ထုတ်ဝေရေးလုပ်ငန်းကို လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။ **တွေ့ဆုံမေးမြန်း- မြင့်မောင်စိုး**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

# ရခိုင်ပြည်နယ်သတင်းများ

## ရခိုင်ပြည်နယ်အရေးကိစ္စနှင့် ပတ်သက်၍ သက်ဆိုင်ရာကော်မတီများထူထောင်ပြီး ကြိုးပမ်းဆောင်ရွက်နေမှုများဆွေးနွေး

နေပြည်တော် အောက်တိုဘာ ၂၇

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးအား Asian Development Bank (ADB) မှ Director General of Southeast Asia Department, Mr.Ramesh Subramaniam က ယနေ့နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးရုံး မေခလာခန်းမ၌ လာရောက်တွေ့ဆုံသည်။** (ယာပုံ)

တွေ့ဆုံစဉ် ADB၏ မူဝါဒ၊ စီမံကိန်းလုပ်ငန်းများအကြောင်းရှင်းလင်းတင်ပြပြီး မြန်မာနိုင်ငံတွင် အကောင်အထည်ဖော်ဆောင်ရွက်နေသော သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေး စီမံကိန်းများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်ပူးပေါင်း၍ ဆောင်ရွက်နေသော မြို့ပြသယ်ယူပို့ဆောင်ရေး၊ ပညာရေးနှင့် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး ကိစ္စရပ်များ၊ ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများ၊ ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ အရေးကိစ္စနှင့် ပတ်သက်၍ ပဋိပက္ခအလွန် ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးကဏ္ဍများတွင် အတွေ့အကြုံရှိသော အာဆီယံနိုင်ငံအချို့၏ အကူအညီအကြံဉာဏ်များ ဖလှယ်ရယူနိုင်ရေး၊ လူထုအခြေပြု သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းများတွင် ဝန်ကြီးဌာနနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များ၊ မုန်တိုင်းဒဏ်ခံ အဆောက်အအုံများ ဆောက်လုပ်ခြင်းနှင့်အတူ ကျေးရွာချင်း ဆက်လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်တိုးတက်လာစေရေးကိစ္စများ၊ UEHRD စီမံကိန်းအတွက် လိုအပ်သော နည်းပညာနှင့် အကြံဉာဏ် အကူအညီပေးရေးကိစ္စများကို ဆွေးနွေးတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက ရခိုင်ပြည်နယ်အရေးကိစ္စနှင့်ပတ်သက်၍ သက်ဆိုင်ရာကော်မတီများထူထောင်ပြီး ကြိုးပမ်းဆောင်ရွက်နေမှုများ၊ ပြည်သူအားလုံး၏ ညီညွတ်မှုအင်အားဖြင့် တည်ထောင်ထားသော UEHRD ပြည်ထောင်စုစီမံကိန်း၏ အကောင်အထည်ဖော်ဆောင်ရွက်မည့်ကိစ္စများ၊ စေတနာ့ဝန်ထမ်းလူငယ်ထု၏ အကူအညီဖြင့် ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာကူညီမှုလုပ်ငန်းများ ဆောင်ရွက်မည့်ကိစ္စများ၊ မတူကွဲပြားသော လူ့အဖွဲ့အစည်းအတွင်း ဟန်ချက်ညီစွာ အတူတကွယှဉ်တွဲနေထိုင်နိုင်ရေး ရှေးရှုလျက် မတူကွဲပြားမှု စီမံခန့်ခွဲရေးဖိုရမ် (Diversity Management Forum) ကျင်းပမည့်ကိစ္စရပ်များ၊ ADBအနေဖြင့် မြန်မာနိုင်ငံတွင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကူအညီပေးနိုင်မည့် နည်းလမ်းများကို ဆွေးနွေးခဲ့ကြသည်။



ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) ဆောင်ရွက်ရန် UMG ကုမ္ပဏီလီမိတက် (ရုံးခွဲမိသားစုများ)က လှူဒါန်းငွေကျပ် ၂၅ သိန်းကို ယနေ့နံနက်ပိုင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနသို့ လာရောက်ပေးအပ်လှူဒါန်းရာ UEHRD ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



## နေရပ်စွန့်ခွာဒေသခံတိုင်းရင်းသားများအား Yangon Lion Club ပရဟိတအဖွဲ့က အဝတ်အထည်များထောက်ပံ့

**စစ်တွေ အောက်တိုဘာ ၂၇**

"ဝ" မင်းကုမ္ပဏီ နာယကဦးမြင့်ဝေ ဦးဆောင်သည့် "ဝ"မင်းကုမ္ပဏီဒါရိုက်တာ ဦးသိန်းဌေး စီစဉ်မှုဖြင့် Yangon Lion Club ပရဟိတအဖွဲ့သည် ယနေ့ညနေပိုင်းတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် ပြည်နယ်ဝန်ကြီးများအား ပြည်နယ်အစိုးရအဖွဲ့ရုံး ဝန်ကြီးချုပ် ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး နေရပ်စွန့်ခွာ ဒေသခံတိုင်းရင်းသားများအား ကူညီထောက်ပံ့ပေးနိုင်ရန်အတွက် အဝတ်အထည်မျိုးစုံ ၂၅ ပုံး တန်ဖိုးငွေကျပ် ၁၂၃၆၅၀၀ အား ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အလှူငွေပစ္စည်းများ လက်ခံဖြန့်ဖြူးရေးကော်မတီသို့ လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **ဝင်းမင်းစိုး(ပြန်/ဆက်)**

## ကျောက်ဖြူမြို့နယ်တွင် မိုးစပါးစံကွက်ရိတ်သိမ်း

**နေပြည်တော် အောက်တိုဘာ ၂၇**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် ရေမျက်ကျေးရွာအုပ်စု တန်ဆောင်းကျေးရွာ ဦးကျော်လှချေ၏ လယ်မြေတွင် မိုးစပါးစံကွက်ရိတ်သိမ်းခြင်းကို အောက်တိုဘာ ၂၅ ရက်က စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး၊ ကွင်းဝန်ထမ်းများနှင့် မြို့နယ် မြေစာရင်းဝန်ထမ်းများ ဦးဆောင်ကာ ဆောင်ရွက်ခဲ့ကြသည်။

ကျောက်ဖြူမြို့နယ်အတွင်း ၂၀၁၇-၂၀၁၈ ခုနှစ် မိုးရာသီတွင် မိုးစပါး ၄၅၉၇၉ ဧက စိုက်ပျိုးထားရှိပြီး စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ လိုက်နာကျင့်သုံး စိုက်ပျိုးထားသော စံပြကွက် ဧက ၃၀ အောင်မြင်ဖြစ်ထွန်းမှုကို ပညာပေးပြသလျက်ရှိပြီး ပြည်မြန်မာစိန်စပါးမျိုး တစ်ဧကကို စံကွက်ရိတ်သိမ်းရာ တစ်ဧကအစို ၇၇ ဒသမ ၇၃ တင်းနှုန်းထွက်ရှိခဲ့သည်။ ယခင်နှစ်က ဆင်းသွယ်လတ်စပါးမျိုး စိုက်ပျိုးပြီး ယခုနှစ် စိုက်ပျိုးသော ပြည်မြန်မာစိန်စပါးမျိုးသည် ဆားငန်ဒဏ်ကိုခံနိုင်ရည်ရှိပြီး အထွက်နှုန်း ကောင်းသဖြင့် တောင်သူများ ကြိုက်နှစ်သက်မှုရှိကြောင်း သိရသည်။

ထို့အတူ အောက်တိုဘာ ၂၅ ရက် နံနက် ၈ နာရီက မြောက်ဦးခရိုင် မင်းပြားမြို့နယ် နတ်ရှင်ချောင်းကျေးရွာတွင် စိုက်ပျိုးရေးဦးစီးဌာနမှ မိုးစပါးပိုးမွှားရောဂါကာကွယ်နှိမ်နင်းရေး နည်းပညာဆွေးနွေးပွဲ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မင်းပြားမြို့နယ်တွင် ၂၀၁၇- ၂၀၁၈ ခုနှစ် မိုးစပါး ၉၁၃၅၂ ဧက စိုက်ပျိုးထားရှိ စိုက်ပျိုးပြီး စပါးစိုက်ကေများတွင် ပိုးမွှားရောဂါကျရောက်ခြင်းမှ ကာကွယ်ရန်အတွက် ခရိုင်စိုက်ပျိုးရေး ဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ဝင်းဝင်းနိုင်၊ မင်းပြားမြို့နယ် ဦးစီးမှူးနှင့် ဝန်ထမ်းငါးဦးတို့က ပိုးမွှားကင်းထောက်နည်းပညာများ၊ ဘက်စုံ ပိုးမွှားရောဂါကာကွယ်မှု နည်းစနစ်များ၊ ပိုး/ရောဂါသတ်ဆေးများ၊ ပိုးသတ်ဆေးစနစ်တကျကိုင်တွယ်သုံးစွဲနည်း များအကြောင်းကို ရှင်းလင်းဆွေးနွေး ခဲ့ကြသည်။

ဆွေးနွေးပွဲသို့ နတ်ရှင်ချောင်းကျေးရွာနှင့် အနီးဝန်းကျင်ကျေးရွာမှ တောင်သူ ၂၅ ဦး တက်ရောက်ခဲ့ကြပြီး တက်ရောက်လာကြသူ တောင်သူများက မိမိစိုက်ခင်းများတွင် ကျရောက်လျက်ရှိသည့် ပိုးမွှားရောဂါအကြောင်း အပြန်အလှန် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုလွှတ်တော်ဖွံ့ဖြိုးရေးရန်ပုံငွေကျပ် သိန်း ၁၀၀၀ ပေးအပ်ပွဲကျင်းပ

**မြိတ် အောက်တိုဘာ ၂၇**

ကျေးလက်ဒေသများတွင် အဓိကလိုအပ်လျက်ရှိသည့် လမ်း၊ တံတား၊ ရေရရှိရေးနှင့် အခြားလိုအပ်သော လုပ်ငန်းများဆောင်ရွက်နိုင်စေရန် ရည်ရွယ်ချက်ဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုလွှတ်တော် ဖွံ့ဖြိုးရေးရန်ပုံငွေ ငွေကျပ်သိန်း ၁၀၀၀ ပေးအပ်ပွဲကို အောက်တိုဘာ ၂၇ ရက်က တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ဆိပ်ငယ်ရပ်ကွက် ကမ်းနားလမ်းရှိ ပုလဲရတနာခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးပိုင်ဌေးက ပြည်ထောင်စုလွှတ်တော် ဖွံ့ဖြိုးရေးရန်ပုံငွေ ငွေကျပ်သိန်း ၁၀၀၀ ကို ကျေးရွာအုပ်စုအားလုံးအတွက် ကိုယ်စား တုံးဗျောကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးအောင်မြတ်သူထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

"၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်နှင့်စာရင် ယခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ဖွံ့ဖြိုးရေးရန်ပုံငွေ ငွေကျပ်သိန်း ၁၀၀၀ ကို ကျေးရွာအုပ်စု ၂၂ အုပ်စုပဲ ပေးတဲ့အတွက် အများကြီးတိုးတက်မှုရရှိပြီး ပို၍အဆင်ပြေပါတယ်။ ယခုလို ကျေးရွာအုပ်စုတွေမှာ ဖွံ့ဖြိုးရေးရန်ပုံငွေ ပိုမိုရရှိတဲ့အတွက် အဆင်ပြေသွားပါတယ်။ ကျေးရွာအုပ်စုတွေမှာ အဓိကလိုအပ်နေတဲ့ လမ်း၊ တံတားတွေကို အဓိကထားလုပ်ဆောင်သွားမယ်။ ဒီနှစ်ကတော့ တစ်အုပ်စုကို ငွေကျပ် ၄၅ သိန်းလောက် ရနိုင်တဲ့အတွက် ကျေးရွာလူထုနဲ့ ညှိနှိုင်းတိုင်ပင်ပူးပေါင်းပြီး လိုအပ်တဲ့နေရာတွေမှာ လုပ်ငန်းများ လုပ်ဆောင်သွားပါမယ်" ဟု တုံးဗျောကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးအောင်မြတ်သူက ပြောသည်။

**မြင့်ဦး(မြိတ်)**

## English Language and Communication Skills သင်တန်းဆင်းပွဲကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၇**

English Language and Communication Skills သင်တန်းဆင်းပွဲကို ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော် ပြန်ကြားရေးဝန်ကြီးဌာနတွင် ကျင်းပသည်။

သင်တန်းဆင်းပွဲသို့ ပြန်ကြားရေး ဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်နှင့် စင်ကာပူသံရုံးမှ Deputy Chief of Mission, Mr. Koh Chee Chian တို့ တက်ရောက် အမှာစကားပြောကြားကြပြီး သင်တန်းနည်းပြ Ms. Grace Goh က သင်တန်းနှင့် ပတ်သက်၍ အားနည်းချက်၊ အားသာချက်များကို ရှင်းလင်းပြောကြားသည်။




ထို့နောက် သင်တန်းဆင်းလက်မှတ်များကို စင်ကာပူသံရုံးမှ Deputy Chief of Mission, Mr. Koh Chee Chian က သင်တန်းသား တစ်ဦးချင်းစီသို့ ပေးအပ်ချီးမြှင့်သည်။

အဆိုပါ သင်တန်းကို မြန်မာ-စင်ကာပူ နည်းပညာပိုင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်အရ ဖွင့်လှစ်ခြင်းဖြစ်ပြီး သင်တန်းသို့ ဝန်ကြီးဌာန ၂၂ ခုမှ သင်တန်းသား ၃၀ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ အောက်တိုဘာ ၉ ရက်မှ ၂၇ ရက်ထိ ၃ ပတ်ကြာ ဖွင့်လှစ်ခဲ့ကြောင်းသတင်းရရှိသည်။

**(သတင်းစဉ်)**

# မောင်တောမြို့နယ်အတွင်း နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား ထုတ်ပေးရေးနှင့် National ID စနစ်အတွက် Biometric နည်းဖြင့် မှတ်တမ်းတင်ခြင်း လုပ်ငန်းများကွင်းဆင်း



**နေပြည်တော် အောက်တိုဘာ ၂၇**

ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ရေးလုပ်ငန်းစဉ်များအနက် ဦးစားပေးလုပ်ငန်းတစ်ခုဖြစ်သည့် နိုင်ငံသားစိစစ်ရေးလုပ်ငန်းနှင့် နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား (NV Card) ထုတ်ပေးရေးလုပ်ငန်းများအား အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယပြည်နယ်ဦးစီးမှူး ဦးဆောင်၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဝန်ထမ်းများက မောင်တောမြို့နယ် ရွှေဇားကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်းဝင်းအတွင်း၌ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိပြီး ယနေ့တွင် ဒုတိယပြည်နယ်ဦးစီးမှူး ဦးစန်းဝေက ဒေသခံရွာသူ ရွာသားများအား နိုင်ငံသားစိစစ်ရေးလုပ်ငန်းနှင့် **NV Card** ကိုင်ဆောင်ခြင်းအတွက် ရရှိခံစားရမည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ယင်းလုပ်ငန်းစဉ်သည် ယခင်ကတည်းက ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသော်လည်း အကြောင်းအမျိုးမျိုးကြောင့် လုပ်ငန်းဆောင်ရွက်မှု နှောင့်နှေးကြန့်ကြာလျက်ရှိပြီး ဩဂုတ် ၂၅ ရက်က ဖြစ်ပွားခဲ့သည့် ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ် ဖြစ်ပွားပြီးနောက်ပိုင်း အောက်တိုဘာ ၁၂ ရက်မှစ၍ ရခိုင်ပြည်နယ်မြောက်ပိုင်း မောင်တောမြို့နယ် ရွှေဇားကျေးရွာအုပ်စု၌ စတင်ကွင်းဆင်း ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့အထိ National ID စနစ်အတွက် Biometric နည်းဖြင့် စိစစ်မှတ်တမ်းတင်ဆောင်ရွက်၍ နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား (NV Card) ထုတ်ပေးပြီးသူမှာ အမျိုးသား ၉၁ ဦး၊ အမျိုးသမီး ၂၉ ဦး စုစုပေါင်း ၁၂၀ ရှိပြီး National ID စနစ်အတွက် Biometric နည်းဖြင့် သီးသန့်မှတ်တမ်းတင်ပြီးသူ အမျိုးသား ၁၅ ဦး၊ အမျိုးသမီးရှစ်ဦး စုစုပေါင်း ၂၃ ဦး ဆောင်ရွက်ပြီးဖြစ်ကြောင်း သိရသည်။

ယင်းကဲ့သို့ ဒေသခံရွာသူရွာသားများအား NV Card ထုတ်ပေးခြင်းနှင့် National ID စနစ်အတွက် Biometric နည်းဖြင့် မှတ်တမ်းတင်ခြင်းလုပ်ငန်းများအား စဉ်ဆက်မပြတ် ကွင်းဆင်းဆောင်ရွက်သွားမည်ဖြစ်ပြီး ရခိုင်ပြည်နယ်အတွင်းရှိ နိုင်ငံသားအဖြစ် အသိအမှတ်ပြုသင့်သူများကို အသိအမှတ်ပြု၍ နိုင်ငံသားအခွင့်အရေးရရှိစေရေးအတွက် နိုင်ငံသားစိစစ်ရေးလုပ်ငန်းစဉ် (National Verification Process) ကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းစီမံချက်ရေးဆွဲ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မောင်တောမြို့နယ်အတွင်းရှိ မိုးစပါးစိုက်ခင်းများ အောက်တိုဘာ ၂၈ ရက်တွင် စတင်ရိတ်သိမ်းပေးမည်

**မောင်တော အောက်တိုဘာ ၂၇**

ရခိုင်ပြည်နယ် မောင်တောဒေသ၌ ယခုနှစ်တွင် မိုးစပါးစိုက်ပျိုး ဧက ၇၁၀၀၀ ကျော်ရှိပြီး အဆိုပါစပါးခင်းများအား ပြည်နယ်အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် စိုက်ပျိုးရေးဦးစီးဌာနနှင့် စက်မှုလယ်ယာဦးစီးဌာနတို့က အောက်တိုဘာ ၂၈ ရက်တွင် စတင်ရိတ်သိမ်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မောင်တောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးသိန်းဝေက "မောင်တောဒေသမှာ မိုးစပါးစိုက်ဧက ၇၁၀၀၀ ကျော် ရှိခဲ့ပေမယ့် ဧက ၄၅၀၀၀ လောက်ရိတ် မယ်ဆိုပြီး စက်မှုလယ်ယာနဲ့ ညှိနှိုင်းဆောင်ရွက်နေပါတယ်။ လက်ရှိမှာ လုပ်သားအင်အား ရှားပါးနေတဲ့အတွက် စက်မှုလယ်ယာက ရိတ်သိမ်းခြွေလှေ့စက်တွေနဲ့ အောက်တိုဘာ ၂၈ ရက်က စပြီးရိတ်မယ်လို့ အစီအစဉ်ဆွဲနေကြပါတယ်။ အခု ရိတ်သိမ်းမှုကိုတော့ စက်မှု လယ်ယာနဲ့ပူးပေါင်းပြီး ဆောင်ရွက်သွားမှာပါ။ စိုက်ပျိုးရေးပိုင်းအနေနဲ့ကတော့ အခြောက်ခံမယ်၊ အစိုဓာတ်ကို ၁၃ ရာခိုင်နှုန်း လောက်အထိကျအောင် အခြောက်ခံတဲ့အဆင့်ကနေ သိုလှောင်တဲ့အဆင့်အထိ တာဝန်ယူသွားမှာ ဖြစ်ပါတယ်"ဟု ပြောသည်။

ရိတ်သိမ်းခြွေလှေ့ပြီး စပါးများထားရှိမှုကို စုရပ်အနေဖြင့် တစ်မြို့နယ်လုံးတွင် ခုနစ်နေရာသတ်မှတ်ထားပြီး ရိတ်သိမ်းခြွေလှေ့ပြီး စပါးများကို ပြည်နယ်အစိုးရ၏ ညွှန်ကြားချက်နှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း သိရသည်။

"လောလောဆယ်တော့ ရိတ်မယ်၊ အခြောက်ခံမယ်၊ သိုလှောင်ထားမယ် ဆိုတာလောက်ပဲ တာဝန်ပေးထားပါတယ်။ မောင်တောမြို့နယ်အနေနဲ့ကတော့ မျိုးစေ့ထုတ်စိုက်ခင်းတွေ နောက်နှစ်အတွက် ရည်ရွယ်ပြီးတော့ ဧက ၃၀ ကို မြို့သူကြီးမှာ ဆောင်ရွက်ထားတာရှိပါတယ်။ ဧက ၃၀ က ထွက်လာတဲ့စပါးတွေကို မျိုးအဖြစ် စုဆောင်းပြီး နောက်နှစ်ရာသီမှာ မောင်တောမြို့နယ်မှာ စိုက်ပျိုးနိုင်ဖို့အတွက် စီစဉ်နေပါတယ်"ဟု ဦးသိန်းဝေက ဆိုသည်။

"မနက်ဖြန်ကစပြီး နယုန်တောင်၊ မြို့သူကြီး၊ အလယ်သံကျော် စတဲ့ သုံး၊ လေးနေရာခွဲပြီးတော့ ရိတ်သိမ်းခြွေလှေ့လုပ်ငန်း စတင်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ တစ်ရက်မှာ လယ်ကွက်အကျဉ်း၊ အကျယ်နဲ့ မြေအပျော့အမာပေါ်မူတည်ပြီး Combine harvester ကြီးတစ်စီး ငါးဧကနဲ့ ၁၀ ဧက ကြားထဲမှာ ပြီးနိုင်ပါတယ်။ စပါးဧက ၇၁၀၀၀ လုံးကိုတော့ ရိတ်သိမ်းပေးနိုင်မှာ မဟုတ်ပါဘူး။ ရိတ်ပေးတဲ့အခါမှာ ဒီစက်တွေကို ရခိုင်ပြည်နယ်စက်မှုလယ်ယာဦးစီးဌာန တစ်ခုတည်းက တာဝန်ယူပြီး မောင်းဖို့ လူအင်အားအခက်အခဲရှိတဲ့အတွက် နေပြည်တော်စက်မှုလယ်ယာ ဦးစီးဌာန ရုံးချုပ်ရဲ့အစီအစဉ်နဲ့ မကွေး၊ မန္တလေး၊ ပဲခူး၊ နေပြည်တော်၊ ဧရာဝတီတိုင်းဒေသကြီးတွေက ကျွမ်းကျင်တဲ့ စက်မှုဝန်ထမ်းတွေကိုပါ အကူလွှတ်ပြီး မောင်တောမှာ ရိတ်သိမ်းခြွေလှေ့ပေးမှာဖြစ်ပါတယ်"ဟု ရခိုင်ပြည်နယ်စက်မှုလယ်ယာဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးတင်မောင်ကြီးက ပြောသည်။





ဦးတင်မောင်ကြီး



ဦးသိန်းဝေ

မောင်တောမြို့နယ်ရှိ မိုးစပါးစိုက်ခင်းများကို အချိန်မီ ရိတ်သိမ်းခြွေလှေ့နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိပြီး တချို့ကျေးရွာများတွင် ယမန်နှစ်ကပေးထားသည့် လက်တွန်းစပါးရိတ်သိမ်းစက်များဖြင့် လည်း ရိတ်သိမ်းလျက်ရှိကြောင်း သိရသည်။

"မောင်တောမှာက နှစ်ပိုင်းပေါ့၊ ပထမအပိုင်းကတော့ နေရပ်စွန့်ခွာသွားတဲ့သူတွေ၊ နောက်နေရပ်မစွန့်ခွာဘဲ မိမိအရပ်မှာပဲ နေနေတဲ့သူတွေ ရှိပါတယ်။ နေရပ်မစွန့်ခွာတဲ့သူတွေကတော့ တချို့လည်း တစ်ပိုင်တစ်နိုင် ရိတ်သိမ်းကြတာတွေလည်း ရှိပါတယ်။ ခြွေလှေ့စက်တွေနဲ့လည်းခြွေဖို့ တချို့ရွာတွေမှာ လုပ်နေပါတယ်။ နောက်တစ်ပိုင်းကတော့ နေရပ်စွန့်ခွာပြီးတော့ ပြန်မလာတဲ့လူတွေရဲ့ စပါးတွေကိုတော့ အလေအလွင့်ဖြစ်သွားမှာ စိုးတဲ့အတွက် ပြည်နယ်အစိုးရရဲ့ ညွှန်ကြားမှုနဲ့ အခုလို Combine harvester ကြီးတွေနဲ့ စက်မှုလယ်ယာဦးစီးဌာနကနေ ပို့ပြီးတော့ ရိတ်သိမ်းဖို့ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်" ဟု ဦးတင်မောင်ကြီးက ဆိုသည်။

မောင်တောဒေသတွင် စိုက်ပျိုးထားသည့် မိုးစပါးစိုက်ခင်းများကို ရိတ်သိမ်းရန် မြင်းကောင်ရေ 70 DC 70 G ရှိသည့် Combine harvester ၁၄ စီး မောင်တောသို့ ရောက်ရှိနေပြီဖြစ်ပြီး နောက်ထပ် ၁၈ စီး ထပ်မံရောက်ရှိလာမည်ဖြစ်သောကြောင့် စုစုပေါင်း ၃၂ စီးဖြင့် ရိတ်သိမ်းခြွေလှေ့မှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**နိုင်လင်းကြည်၊ သန့်ဇင်ဝင်း**

# ငါး၊ ပုစွန်အများအပြားထွက်ရှိရာ မောင်တောဒေသ၌ ငါး၊ ပုစွန်လုပ်ငန်းဖွံ့ဖြိုးရန် အရင်းအနှီး၊ ရေလုပ်သားနှင့် လုံခြုံရေးကောင်းမွန်ရန် အထူးလိုအပ်လျက်ရှိ

**မောင်တော အောက်တိုဘာ ၂၇**

ရခိုင်ပြည်နယ် မောင်တောဒေသသည် ငါး၊ ပုစွန်အများအပြားထွက်ရှိရာ ဒေသဖြစ်သော်လည်း ငါး၊ ပုစွန်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန်အတွက် အလုပ်လုပ်ကိုင်နိုင်မည့် ငွေကြေးအရင်းအနှီးနှင့် ရေလုပ်သားများ လိုအပ်လျက်ရှိသည့်အပြင် လုံခြုံရေးပိုင်းလည်း အထူးကောင်းမွန်ရန်လိုအပ်ကြောင်း မောင်တောခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးထွန်းတင်က ပြောသည်။

"ဒီဒေသမှာ ရေလုပ်ငန်းတွေ၊ ပုစွန်ကန်၊ ငါးကန်တွေလာလုပ်ဖို့ စိတ်ဝင်စားနေတဲ့လူတွေရှိတယ်၊ ဒီလိုလုံခြုံရေးပြဿနာတွေရှိနေလို့ သူတို့ရဲ့ငွေအရင်းအနှီးတွေကို မထုတ်ချင်ကြဘူး။ ငါးကန်တွေ အများကြီးတူးမယ်၊ ပုစွန်ကန်တွေ စနစ်တကျ တူးမယ်ဆိုရင် ဈေးကွက်က ရှိပြီးသားပါ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနဲ့ အာရပ်နိုင်ငံတွေကို ရောင်းလို့ရပါတယ်၊ တခြားလူတွေမပြောနဲ့ စစ်တွေက လူတွေတောင် ဒီကိုလာလုပ်ဖို့ အခက်အခဲရှိတယ်။ ဖုန်းနဲ့ဆက်မေးတာတွေတော့ ရှိတယ်၊ ဒါပေမယ့် တကယ်တမ်းလာလုပ်တဲ့ လူမရှိသေးဘူး"ဟု ဦးထွန်းတင်က ဆိုသည်။

မောင်တောဒေသတွင် ငါးကန်၊ ပုစွန်ကန် ၁၅၃၅၉ ဒသမ ၄၇ ဧကကျော် ရှိသည်။ လက်ရှိတွင် တစ်ဧကလျှင် ပိဿာ ၃၀ အထွက်နှုန်းရှိပြီး အစာကျွေးနိုင်ပါက အနည်းဆုံး တစ်တန်လောက် ထွက်နိုင်ကြောင်းနှင့် တိုက်ဂါးပုစွန်မှာ တစ်ပိဿာ တစ်သောင်းဈေးဖြင့် ရောင်းချလျက်ရှိကြောင်း သိရသည်။

အလယ်သံကျော်ကျေးရွာတွင် ရေချိုပုစွန် သားဖောက်စခန်းရှိပြီး သားပေါက်များကို ပုဂ္ဂလိကသို့ရောင်းချခြင်းများရှိခဲ့ပြီး တစ်နှစ်လျှင် လေးကြိမ်ထိ သားဖောက်ရရှိနိုင်သော်လည်း လုပ်သားအင်အား၊ လုံခြုံရေးအခြေအနေနှင့် အရင်းအနှီးကြောင့် ပစ်ထားရသည်မှာ နှစ်နှစ်၊ သုံးနှစ်ရှိပြီဖြစ်ကြောင်း သိရသည်။

"ထိုင်းမှာ ငါးဖမ်းလုပ်ငန်း လုပ်ကိုင်နေကြတာ မြန်မာနိုင်ငံသား အများဆုံးပဲ၊ အဲဒီထဲမှာ ရခိုင်သားတော်တော်များတယ်၊ တစ်လကို လေး၊ ငါးသိန်းရတာ၊ ဒါပေမယ့် ကိုယ့်နိုင်ငံလာရင် အလုပ်မရှိဘူးလေ၊ မောင်တောမှာ တစ်လနှစ်သိန်းလောက်ရမယ့် အလုပ်မရှိဘူး၊ သူတို့ ပြန်လာလုပ်ဖို့ဆို အလုပ်အကိုင်အခွင့်အလမ်းတွေ ဖန်တီးပေးရမယ်၊ မောင်တောလိုနေရာမျိုးမှာ စက်ရုံ၊ အလုပ်ရုံတွေ အများကြီး ဆောက်ပေးရမယ်၊ လမ်းတွေ ဖောက်ပေးရမယ်၊ လျှပ်စစ်မီး ၂၄ နာရီရအောင် လုပ်ပေးရမယ်၊ လုံခြုံရေး တာဝန်ယူပေးရမယ်၊ အဲဒါဆိုရင် ရခိုင်ကနေ ပြည်ပရောက်နေတဲ့သူတွေ အကုန်လုံး နီးပါးပြန်ဝင်ပြီးတော့မှ အလုပ်အကိုင်ပေးထားလို့ရတယ်၊ အခုက အလုပ်အကိုင် ဘာမှ မရှိတော့ ရခိုင်သားတွေ မလေးရှား၊ ထိုင်းတို့ ရောက်နေတယ်၊ တစ်ခုခု ပြဿနာဖြစ်လာရင် လူကြီးတွေပဲကျန်တယ်၊ သန်သန်မာမာလူငယ်တွေ မရှိတော့ဘူး၊ ဝန်ထမ်းဖြစ်ရင်ဖြစ်၊ မဖြစ်ရင် ထိုင်းနဲ့မလေးရှားကိုပဲ သွားကြတယ်"ဟု ဦးထွန်းတင်က ပြောကြားခဲ့သည်။



ပင်လယ်ပြင် ငါးဖမ်းလုပ်ငန်းတွင် ကမ်းနီး၊ ကမ်းဝေးရှိပြီး ကမ်းခြေမှ ၁၀ မိုင်အတွင်းကို ကမ်းနီး ငါးဖမ်းလုပ်ငန်းအဖြစ် သတ်မှတ်ထားသည်။ မောင်တောဒေသတွင် ကမ်းနီးငါးဖမ်းခြင်းလုပ်ငန်းသာရှိပြီး လက်လှော်လှေ၊ စက်လှေ မြင်းကောင်ရေ ၂၅ ကောင်အောက်ကို မြို့နယ်မှ ခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ကမ်းဝေးငါးဖမ်းလုပ်ငန်းမှာမူ စစ်တွေ၊ ကျောက်ဖြူ၊ သံတွဲမြို့တို့တွင်ရှိကြောင်း သိရသည်။

**နိုင်လင်းကြည်**

**သန့်ဇင်ဝင်း**

# တောင်ကြီးမြို့၌ သေနတ်အတုဖြင့် ရွှေဆိုင်အတွင်း လုယက်ရန်ကြံစည်သူအား ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၂၇**

ရှမ်းပြည်နယ် တောင်ကြီးမြို့တွင် ရွှေဆိုင်တစ်ဆိုင်၌ သေနတ်အတုဖြင့် ခြိမ်းခြောက်၍ ရွှေများလုယက်ရန် ကြံစည်သူအား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၂၆ ရက် နံနက် ၁၁ နာရီခန့်က တောင်ကြီးမြို့ ကန်ရှေ့ရပ်ကွက်ရှိ လုံဝမ် ရွှေဆိုင်၌ ပိုင်ရှင် ဦးရွှေစိန်(၅၅နှစ်)နှင့် ဇနီးဖြစ်သူ ဒေါ်သီတာဦး (၅၀နှစ်)တို့ ရှိနေစဉ် အမျိုးသား တစ်ဦးသည် ဆိုင်ကယ်ဖြင့် ရောက်ရှိလာပြီး ရွှေထည်ပစ္စည်းများအား ပြသခိုင်းသဖြင့် ငွေကျပ် သိန်း ၁၉၀ ခန့်တန်ဖိုးရှိ ရွှေထည်ပစ္စည်းများအား ပြသခဲ့ကြောင်း။

အဆိုပါပစ္စည်းများအား ဝယ်ယူမည်ဖြစ်ကြောင်းနှင့် ငွေများအား လာရောက်ပို့ခိုင်းထားကြောင်း ပြောဆိုပြီး ခဏအကြာ ၎င်းက ဆိုင်ကယ်တူးဘောက်အတွင်းမှ ကြွပ်ကြွပ်အိတ်တစ်လုံးအား ယူဆောင်ကာ ဆိုင်အတွင်းသို့ ပြန်ဝင်လာ၍ 645 Performance Center စာတန်းပါ ကလေးဆော့သည့် သေနတ်အား ထုတ်၍ ဒေါ်သီတာဦးကို ချိန်ရွယ်ကာရွှေထည်ပစ္စည်းများအား ပေးရန်ပြောဆိုရာ ဦးရွှေစိန်က အဆိုပါ အမျိုးသားအား ဝင်ရောက်လုံးထွေးစဉ် ကလေးဆော့သည့် သေနတ်နှင့်ဆိုင်ကယ်သော့နှစ်ချောင်းမှာ လွတ်ကျသွားခဲ့ပြီး နှာခေါင်းစည်းမှာလည်း ကျွတ်သွားသဖြင့် ဆိုင်အပြင်သို့ ထွက်ပြေးသွားကာ ရွှေဆိုင်မှ ရွှေထည်ပစ္စည်းများ ပါဆုံးသွားခြင်းမရှိကြောင်း သိရသည်။

ထို့နောက် ရဲစခန်းသို့ အကြောင်းကြားခဲ့သဖြင့် ခရိုင်ရဲတပ်ဖွဲ့မှူး ဦးစီးသည့် တပ်ဖွဲ့ဝင်များက ဆိုင်ကယ်အရောင်းစင်တာများအား လိုက်လံစုံစမ်းခဲ့ရာ တောင်ကြီးမြို့ လွယ်ကောင်းကျေးရွာနေ ခွန်ရန်းထို (၂၀နှစ်)မှာ ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ဆိုင်ကယ်အား ဝယ်ယူခဲ့ကြောင်း သိရှိခဲ့ရသည်။

ထို့နောက် ရဲတပ်ဖွဲ့ဝင်များသည် အဖွဲ့များခွဲကာ ၎င်းအား လိုက်လံစုံစမ်းရှာဖွေရာ ယင်းနေ့မွန်းလွဲ ၂ နာရီတွင် City Square အောက်ဆုံးထပ်၊ ဆောက်လုပ်ရေးပစ္စည်းများထားသည့် မလွယ်ပေါက် အတွင်းမှ ခွန်ရန်းထိုအား ဖမ်းဆီးရမိခဲ့သဖြင့် တောင်ကြီးမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကိုရဲ**

# ဦးကိုနီလုပ်ကြံခံရမှုနှင့်ပတ်သက်၍ ဇေယျာဖြိုးကုမ္ပဏီပိုင်ခြံဝင်းအတွင်း ရှာဖွေရာတွင်ပါဝင်သည့်သက်သေနှစ်ဦးစစ်ဆေး

**ရန်ကုန် အောက်တိုဘာ ၂၇**

ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် တရားလွှတ်တော်ရှေ့နေ ဦးကိုနီ လုပ်ကြံခံရမှုနှင့်ပတ်သက်ပြီး သေနတ်သမားကြည်လင်းနှင့် ပါဝင်ပတ်သက်သူ အောင်ဝင်းဇော်၊ ဇေယျာဖြိုး၊ အောင်ဝင်းထွန်းတို့ကို ယနေ့နံနက် ၁၀ က အင်းစိန်မြို့နယ် မြောက်ပိုင်းခရိုင် အထူးတရား ခုံရုံးသို့ ရုံးထုတ်ခဲ့ပြီး ရှာဖွေ သက်သေနှစ်ဦး စစ်ဆေးမှုပြုလုပ်ခဲ့ကြောင်း သိရသည်။

ရန်ကုန်မြောက်ပိုင်းခရိုင် ဒုတိယခရိုင်တရားသူကြီး သတင်းနှင့် ပြန်ကြားရေးတာဝန်ခံအရာရှိ ဦးရဲလွင်က "ဒီကနေ့ ရန်ကုန်မြောက်ပိုင်း ခရိုင် အထူးတရားခုံရုံး ရာဇဝတ်ကြီး အမှုအမှတ် (၄၅/၂၀၁၇) တရားလို ရဲအုပ်မိုးနိုင်၊ တရားခံကြည်လင်း (ခ) ဖိုးထူးပါ-၄ ရာဇသတ်ကြီးပုဒ်မ ၃၀၂/၃၄/ ၁၂၂ တရားစွဲဆိုထားတဲ့ အမှုကနေ တရားလိုပြသက်သေနှစ်ဦး စစ်ဆေးပါတယ်။ အဲဒီသက်သေက နေပြည်တော် ပြည်ထောင်စုနယ်မြေ ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက် ပဒုမ္မာ (၂) လမ်းနဲ့ ပန္နဝတီ(၄) လမ်းထောင့်မှာရှိတဲ့ ဇေယျာဖြိုး ကုမ္ပဏီပိုင်ခြံကို ဇမ္ဗူသီရိမြို့နယ် ရဲမှူးတစ်ယောက်နဲ့အတူ သွားရောက်ရှာဖွေဆောင်ရွက်ခဲ့တဲ့ ရွှေကြာပင်ရပ်ကွက်က အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်၊ ရာအိမ်မှူး ဦးဝင်းနိုင်တို့ကို စစ်ဆေးပါတယ်။ လိုပြသက်သေသုံးဦး ဆင့်ခေါ်ထားမှုရှိသော်လည်း ရဲမှူးမအားလပ်တာကြောင့် မလာရောက်နိုင်ကြောင်း အမှုလိုက်အရာရှိ တင်ပြတာကြောင့် ကျန်လိုပြသက်သေများကို စစ်ဆေးဖို့ နောက်တစ်ပတ် နိုဝင်ဘာ ၁၀ ရက်ကို ချိန်းဆိုထားပါတယ်"ဟု ပြောသည်။

တရားလွှတ်တော်ရှေ့နေ ဒေါ်ခင်မိုးမိုးက " နေပြည်တော်ရဲမှူးပါ သက်သေသုံးယောက် ဆင့်ထားတယ်။ ရဲမှူး အလုပ်များနေတဲ့အတွက် ရွှေကြာပင်ရပ်ကွက်အုပ်ချုပ်ရေးမှူးနဲ့ ရာအိမ်မှူးနှစ်ဦး လိုပြသက်သေအဖြစ် စစ်ပါတယ်။ ရဲတပ်ဖွဲ့ဝင်တွေ စစ်ဆေးပေါ်ပေါက်ချက်အရ နေပြည်တော်မှာရှိတဲ့ ဇေယျာဖြိုးခြံကို အခင်းဖြစ်ပြီး နောက်တစ်နေ့ ၃၀-၁-၂၀၁၇ ရက် ည ၇ နာရီမှာ အောင်ဝင်းခိုင်လာတယ်။ ခြံထဲမှာ စာရွက်စာတမ်းနဲ့ ပစ္စည်းအချို့ မီးရှို့သွားတယ်။ မီးရှို့စဉ် ခြံစောင့် ဦးသန်းဝင်း၊ ကုမ္ပဏီဝန်ထမ်း ဦးမင်းမင်းထွန်းတို့ ရှိတယ်။ ရဲမှူးနဲ့အတူ သွားရောက်ရှာဖွေစစ်ဆေးခဲ့ပြီး မီးရှို့တဲ့နေရာကို ခြံစောင့်ဦးသန်းဝင်းက လိုက်ပြတော့ ပြာပုံကိုတွေ့ရတယ်။ ပြာပုံထဲမှာ မီးလောင်ပြီး ဟန်းဆက်အပိုင်းအစနဲ့ ဟန်းဆက်ဘက်ထရီအစအနသာ တွေ့ရပြီး သိမ်းဆည်းလို့ရှာဖွေပုံစံမှာ လက်မှတ်ထိုးခဲ့ရတယ်လို့ ထွက်ဆိုကြပါတယ်။ တစ်ဖက်ရှေ့နေမေးတော့ ဇေယျာဖြိုး ခြံနံပါတ်ကို (၄၇၅) လို့ပြောတယ်။ နှစ်ယောက်လုံးက ပြောတာ ရှာဖွေပုံစံမှာ ၄၇၂ လွဲသွားတယ်။ ကျွန်မက Taxi သမားကိုနေဝင်းဘက်က ဆရာရောဘတ်စန်းအောင်နဲ့အတူလိုက်ပါဆောင်ရွက်တဲ့ ရှေ့နေပါ" ဟု ပြောသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# တရားဝင်စာရွက်စာတမ်းတင်ပြနိုင်ခြင်းမရှိသည့် အီလက်ထရွန်နစ်ပစ္စည်းများဖမ်းမိ

**နေပြည်တော် အောက်တိုဘာ ၂၇**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး အောက်တိုဘာ ၂၆ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၅၃၇ စီး၊ သွင်းကုန် ၅၆၈ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၅ စီး၊ သွင်းကုန် ၁၇၆ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၂၆ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုခုနစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉ ဒသမ ၁၄၉ သန်းခန့်၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုခုနစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် သန်း ၄၀ ခန့် စုစုပေါင်းတားဆီးမှု ၁၄ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၅၉ ဒသမ ၁၄၉ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် အောက်တိုဘာ ၂၆ ရက်တွင် ရန်ကုန်သို့ သွားရောက်မည့် Hiace ယာဉ်အား မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ တားဆီးစစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် LED TV 28" 60U ၊ NEC 15" Laptop (Used) 34U ၊ HP 15 " Laptop (Used) 19U၊ HP 14 " Laptop (Used) 1U၊ Toshiba 15 " Laptop (Used) 9U နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၄ ဒသမ ၇ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် LED TV၊ **NEC**၊ **Hp** နှင့် **Toshiba Laptop (Used)** များ


## အသိပေးအကြောင်းကြားခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ ရွှေပျောက်ကျေးရွာအုပ်စု၊ ကွင်းအမှတ် (၆၁၉)၊ ကျိုက္ကမော့ကွင်း၊ ဦးပိုင်အမှတ် (၈/၂)၊ ဧရိယာ (၀.၁၇) ဧကရှိ ဦးထွန်းရီအမည်ပေါက်သော မြေသည် သီလဝါ အထူးစီးပွားရေးဇုန် ဧရိယာအတွင်း တည်ရှိနေပါသဖြင့် လူကြီးမင်းအား မြေလျော်ကြေး ပေးနိုင်ရန် လူကြီးမင်းကိုယ်တိုင် (သို့မဟုတ်) ကိုယ်စားလှယ်လွှဲအပ်ခံရသူမှ အထက်ပါ မြေကွက်၏ မြေပိုင်ဆိုင်မှု အထောက်အထားများ ယူဆောင်၍ ကျောက်တန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ဤကြော်ငြာပါသည့်နေ့မှ (၁၄) ရက်အတွင်း နောက်ဆုံးထား၍ လာရောက်တွေ့ဆုံရန် အသိပေး အကြောင်းကြားအပ်ပါသည်။

ကျောက်တန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

## မြိတ်မြို့နယ်အသင်း (ရန်ကုန်)
## အမှုဆောင်အဖွဲ့ဝင်လောင်းများအား ဖိတ်ခေါ်ခြင်း

၁။ မြိတ်မြို့နယ်အသင်း (ရန်ကုန်) အသင်းစည်းမျဉ်းအရ ၂၀၁၈ခုနှစ်နှင့် ၂၀၁၉ ခုနှစ် (၂)နှစ်သက်တမ်းကာလအတွက် အမှုဆောင်အဖွဲ့ဝင်သစ် ရွေးချယ်တင်မြှောက်ပွဲကို ၂၅.၁၂.၂၀၁၇ (ခရစ္စမတ်နေ့) တွင်ကျင်းပမည့် နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးနှင့်အတူ ကျင်းပပြုလုပ်မည် ဖြစ်ပါသည်။

၂။ သို့ပါ၍ အသင်းစည်းမျဉ်း အခန်း (၈)၊ အပိုဒ် ၂၉ ပါ အရည်အချင်းသတ်မှတ်ချက်ဖြစ်သည့် အသက် (၃၀) နှစ်ပြည့်ပြီး အသင်းဝင်သက်တမ်း (၂) နှစ်ပြည့်ပြီးသူ အသင်းဝင်များသည် အမှုဆောင်အဖွဲ့ဝင်လောင်းအဖြစ် အဆိုပြုလွှာ တင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၃။ အဆိုပြုလွှာပုံစံကို မြိတ်အသင်းရုံး (ဖုန်း-၀၁-၂၂၄၃၄၀၊ ၀၉-၇၉၅၄၁၁၁၆၈) တွင် ဆက်သွယ်ရယူ၍ **၂၃.၁၁.၂၀၁၇ (ကြာသပတေးနေ့) ညနေ ၃ နာရီ** နောက်ဆုံးထားပြီး တင်သွင်းနိုင်ပါသည်။

**အမှုဆောင်အဖွဲ့ ရွေးချယ်တင်မြှောက်ရေးကော်မရှင်**
**မြိတ်မြို့နယ်အသင်း (ရန်ကုန်)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9H/2255 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8C/7311 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ပဲခူးခရိုင်တရားရုံးတော်၌
## ၂၀၁၇ခုနှစ် တရားမကြီးမှုအမှတ်-၁၁၄

ရိုးမဘဏ်၊ ပဲခူးဘဏ်ခွဲ (ဘဏ်၏ကိုယ်စားမန်နေဂျာ ဒေါ်လွင်လွင်ဇော်) **နှင့်** ၁။ ဦးမင်းမောင် ၂။ ဒေါ်မြမြနွယ်

**တရားလို** **တရားပြိုင်များ**

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ဥဿာမြို့သစ်၊ ဘုရင့်နောင်လမ်း၊ ၂/၃ ရပ်ကွက်၊ အမှတ် ၄၂၄နေ (၁)တရားပြိုင် ဦးမင်းမောင်နှင့် (၂)တရားပြိုင် ဒေါ်မြမြနွယ် (ယခုနေရပ်လိပ်စာမသိသူ)တို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက ဘဏ်ချေးငွေစုစုပေါင်းငွေကျပ် ၈၉၂၈၂၀၀၇နှင့် ၃၂ပြားတိတိအတွက် အပေါင်ဒီကရီရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၇ခုနှစ် နိုဝင်ဘာ ၇ရက် (၁၃၇၉ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင်ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများ နှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၇ခုနှစ် အောက်တိုဘာ ၁၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဥမ္မာဝင်း)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**ပဲခူးခရိုင်တရားရုံး**

## အများသိစေရန် ကြေညာချက်

၁။ တောင်ဥက္ကလာပမြို့နယ်၊(၁၄)ရပ်ကွက်၊ကရမက်လမ်း၊အမှတ် (၁၄၈/၁+၂)တွင် (၅)ထပ်တိုက် အဆောက်အဦ ဆောက်လုပ်ရန် မြေရှင် ဦးဟန်ထွန်း၊ လိုင်စင်ရကန်ထရိုက်တာ ဦးတင်စိန်(ခ)ဦးနိုင်နိုင်(LC-532)၊လိုင်စင်ရ အင်ဂျင်နီယာ ဒေါ်ခိုင်ခိုင်စု(LS-1506)တို့ဖြင့် ဤဌာနမှ(၃-၆-၂၀၁၅)ရက်စွဲပါစာအမှတ်၊ ၉၆၁/၉၆၃/ စည်ပင်-ယာ(အုံ)ဖြင့် ဆောက်လုပ်ခွင့်ပြု ထားပြီးဖြစ်ပါသည်။

၂။ ယခုအခါ အဆိုပါ (၅)ထပ်တိုက် အဆောက်အဦ ဆောက်လုပ်ခွင့်အား ဆောက်လုပ်ရန် ဆန္ဒမရှိတော့သဖြင့် ဆောက်လုပ်ခွင့်ပြုမိန့် ပယ်ဖျက်ခွင့်ပြုပါရန် မြေရှင်နှင့်လိုင်စင်ရ ကန်ထရိုက်တာ(LC)၊ လိုင်စင်ရအင်ဂျင်နီယာ(LS)တို့မှ လျှောက်ထားလာပါသဖြင့် ကန့်ကွက် ရန်ရှိပါက ခိုင်လုံသော အထောက်အထားများဖြင့် ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ ရက်ပေါင်း (၁၅)ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင် ပါကြောင်း အသိပေးကြေညာအပ်ပါ သည်။

ဌာနမှူး၊အင်ဂျင်နီယာဌာန(အဆောက်အအုံ)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## အရောင်းအဝယ်အားကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၈/U-10)၊ (အဆင့်မြင့်)၊ ဘုရင့်နောင်လမ်း၊ မြေကွက်အမှတ်(၁၇၃)၊ အကျယ်အဝန်း (၀.၁၂၂ဧက) (၈၂ပေ/၈၄ပေ× ၆၅ပေ/၆၃ပေ) ရှိ ဦးဝင်းမောင် (၁၂/ဗတထ(နိုင်)၀၃၆၃၃၉) အမည်ပေါက်နှစ် (၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်မော် ( ၁၀/သဖရ (နိုင်)၀၈၄၈၄၈ ) ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးသန့်ဇင်ထွန်း ( ၁၂/မရက (နိုင်)၁၃၆၃၆၁)နှင့် ဦးဝဏ္ဏဦး (၁၂/မရက(နိုင်)၁၃၆၇၅၂)တို့က ဝယ်ယူရန်အတွက် စရံငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အားကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးခင်မောင်ဦး
LL.B, D.B.L, D.I.L,
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၅၂)
**Hein Htet San Law Firm**

ဦးထိန်လင်းသန်း
LL.B. D.B.L.,D.I.L, D.M.L,
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၈၂)
ဖုန်း- ၀၉၅၅၀၆၁၄၆ ၊ ၀၉၅၅၀၄၂၆၅

# ၁၉၆၃ ဂျွန်အက်ဖ်ကနေဒီ လုပ်ကြံခံရမှုနှင့်ပတ်သက်သည့် စာရွက်စာတမ်းပေါင်း ၃၀၀၀နီးပါးထုတ်ပြန်

**ဝါရှင်တန် အောက်တိုဘာ ၂၇**

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် ၁၉၆၃ ခုနှစ်က အမေရိကန်သမ္မတ ဂျွန်အက်ဖ်ကနေဒီ လုပ်ကြံခံရမှုနှင့် ပတ်သက်သည့် စာရွက်စာတမ်းပေါင်း ၃၀၀၀ နီးပါးထုတ်ပြန်ရန် မကြာသေးမီက အမိန့်ပေးခဲ့ကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ယင်းစာရွက်စာတမ်းများသည် လုပ်ကြံမှု၏ နောက်ဆုံးကျန်ရှိသော မှတ်တမ်းမှတ်ရာများဖြစ်သည်။

သို့သော်လည်း လုံခြုံရေးဆိုင်ရာအကြောင်းပြချက်ဖြင့် တချို့စာရွက်စာတမ်းများကို ထုတ်ပြန်ခြင်းမရှိခဲ့ကြောင်း သိရသည်။

ရာစုနှစ်ထက်ဝက်ကျော်ခန့်က တက္ကဆက်ပြည်နယ် ဒါးလက်စ်တွင် မရိမ်းတပ်ဖွဲ့ဝင်ဟောင်း လီဟာဗေးအော့စ်ဝဲလ်က ကနေဒီကို သေနတ်ဖြင့် လုပ်ကြံခဲ့ခြင်းဖြစ်သည်။

သေနတ်သမားတစ်ဦးတည်းကသာ သမ္မတကို လုပ်ကြံခဲ့ခြင်းဖြစ်သည်ဟုဆိုကာ စုံစမ်းစစ်ဆေးရေးကော်မတီက အဆုံးသတ်ခဲ့သည်။

၁၉၉၂ ဥပဒေအရ စုံစမ်းစစ်ဆေးမှု မှတ်တမ်းမှတ်ရာများအပါအဝင် လုပ်ကြံမှုနှင့် သက်ဆိုင်သော စာရွက်စာတမ်းများအားလုံးကို ၂၅ နှစ်အတွင်း ပြည်သူလူထုသို့ ဖော်ထုတ်ဖွင့်ချရမည်ဖြစ်ကြောင်း ပါရှိသည်။

ထိုသို့ လုပ်ကြံမှုနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို ပြည်သူလူထုသို့ အသိပေးရမည့်အချိန်သည် ယမန်နေ့က နောက်ဆုံးဖြစ်ကြောင်း သိရသည်။

အမျိုးသားမှတ်တမ်းထိန်းသိမ်းရေးက ၎င်း၏ ဝက်ဘ်ဆိုက်စာမျက်နှာတွင် သမ္မတကနေဒီနှင့်ပတ်သက်သော လုပ်ကြံခံရသည့် စာရွက်စာတမ်း၊ မှတ်တမ်းမှတ်ရာများကို ထုတ်ပြန်ခဲ့ကြောင်း သိရသည်။



သို့သော်လည်း အမျိုးသားလုံခြုံရေးအတွက်ဟုဆိုကာ စီအိုင်အေ၏ မေတ္တာရပ်ခံမှုဖြင့် သမ္မတကနေဒီလုပ်ကြံခံရသည့် စာရွက်စာတမ်း အချက်အလက် အချို့ကို ထိမ်ချန်ထားခဲ့ကြောင်း သိရသည်။ **(အင်န်အိတ်ချ်ကေ)**

# မြောက်ကိုရီးယားရေပိုင်နက်ထဲဝင်လာသော တောင်ကိုရီးယားငါးဖမ်းသင်္ဘောကို ပြန်လွှတ်ပေးမည်ဟု မြောက်ကိုရီးယားပြော



**ဆိုးလ် အောက်တိုဘာ ၂၇**

စစ်ရေးအရ ပိုင်းခြားသော ကိုရီးယားကျွန်းဆွယ်နယ်နိမိတ်ကို အမေရိကန်ကာကွယ်ရေးဝန်ကြီး လာရောက်လည်ပတ်ချိန်နှင့် တိုက်ဆိုင်စွာပင် မြောက်ကိုရီးယား ရေပိုင်နက်၌လည်း တောင်ကိုရီးယား ငါးဖမ်းလှေတစ်စင်းကို တရားမဝင်တွေ့ရှိခဲ့ပြီးနောက် အောက်တိုဘာ ၂၇ ရက်တွင် အဆိုပါ ငါးဖမ်းလှေကို ပြန်လည်လွှတ်ပေးမည် ဖြစ်ကြောင်း မြောက်ကိုရီးယားက ပြောခဲ့သည်။

အောက်တိုဘာ ၂၁ ရက်က ဖမ်းမိခဲ့သော တောင်ကိုရီးယားငါးဖမ်းလှေကို မြောက်ကိုရီးယားက စစ်ဆေးခဲ့ရာ တောင်ကိုရီးယား ငါးဖမ်းလှေနှင့် လှေအလုပ်သမားများသည် ငါးဖမ်းရန်အတွက် မြောက်ကိုရီးယားရေပိုင်နက်ကို ဝင်ရောက်ခဲ့ခြင်းဖြစ်ကြောင်း နိုင်ငံပိုင်သတင်းအေဂျင်စီဖြစ်သော ကေစီအင်န်အေသတင်းအေဂျင်စီတွင် ဖော်ပြခဲ့သည်။

လှေအဖွဲ့သားအားလုံးသည် ၎င်းတို့၏အပြစ်ကို ရိုးသားစွာဝန်ခံခဲ့သည်က တစ်ကြောင်း၊ ထပ်တလဲလဲ တောင်းပန်နေသည်က တစ်ချက်၊ ထိုသို့သော အချက်အလက်များကို အသေအချာစဉ်းစားဆုံးဖြတ်ပြီးနောက် မြောက်ကိုရီးယားက အဆိုပါ ငါးဖမ်းလှေကို ပြန်လွှတ်ပေးရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

တောင်ကိုရီးယား ငါးဖမ်းလှေနှင့် အဖွဲ့သားများကို ပြန်လွှတ်ပေးရန် အဆိုပြုချက်က ပြုံယမ်းနှင့် တောင်ကိုရီးယား ထိုမှတစ်ဖန် တောင်ကိုရီးယား မဟာမိတ်အမေရိကန်တို့နှင့် ရှိရင်းစွဲ တင်းမာမှုကို ပိုမိုဆိုးရွားစေမည့် အပြုအမူမျိုးမဖြစ်စေရန် ရှောင်ရှားလိုက်ခြင်းပင်ဖြစ်သည်။

ပြုံယမ်းက နျူကလီးယားစမ်းသပ်မှုများ ထပ်ကာထပ်ကာ ပြုလုပ်သောကြောင့် မြောက်ကိုရီးယားနှင့်အမေရိကန်ပြည်ထောင်စုတို့ တစ်ဖက်နှင့်တစ်ဖက် တင်းမာမှုများ မြင့်တက်လာသလို အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နှင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းတို့၏ ရန်လိုသောနှုတ်ထွက်စကားများကြောင့်လည်း မြောက်ကိုရီးယားနှင့် အမေရိကန်တို့ တစ်ဖက်နှင့် တစ်ဖက် တင်းမာမှုများမှာ မီးလောင်ရာလေပင့်ဖြစ်ခဲ့ရသည်။ ထိုသို့ တစ်ဖက်နှင့် တစ်ဖက် တင်းမာမှုများ မြင့်တက်လျက်ရှိသောကြောင့် မည်သည့်အချိန်တွင် ထိပ်တိုက်ရင်ဆိုင်ဖြေရှင်းကြမလဲဆိုသည်ကို နိုင်ငံတကာအသိုင်းအဝိုင်းက စိုးရိမ်လျက်ရှိသည်။

မြောက်ကိုရီးယားကို ကုလသမဂ္ဂလုံခြုံရေးကောင်စီအဖွဲ့ဝင်နိုင်ငံများက တစ်ပြိုင်နက်တည်း ရှုတ်ချခဲ့သော်လည်း မြောက်ကိုရီးယား၏ရန်စကျူးလွန်မှုများသည် ဒေသတွင်းနှင့် ကမ္ဘာ့နိုင်ငံများကို ဆက်လက်ခြိမ်းခြောက်လျက်ရှိကြောင်း အမေရိကန် ကာကွယ်ရေးဝန်ကြီး ဂျင်မက်တစ်က ကိုရီးယား ကျွန်းဆွယ် စစ်မက်မဖြစ်ပွားရေးဇုန်သို့ လာရောက်လည်ပတ်ချိန်၌ ပြောခဲ့သည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ရက်ဇ်တေလာဆန်က စစ်ဖြစ်ပွားရန် ရည်ရွယ်ခြင်းမဟုတ်၊ သို့သော်လည်း ကိုရီးယားကျွန်းဆွယ် နျူကလီးယား ကင်းစင်ရေးအတွက် ရည်ရွယ်ခြင်း ဖြစ်ကြောင်း ရှင်းရှင်းလင်းလင်းပြောခဲ့ပြီးဖြစ်သည်။

အမေရိကန် ကာကွယ်ရေးဝန်ကြီး ဂျင်မက်တစ်ဘေးတွင် အတူတကွလိုက်ပါလာသော တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီး ဆောင်ယွန်မူးက ပြင်းထန်ခိုင်မာသော စိတ်ဓာတ်များဖြင့် ငြိမ်းချမ်းရေးကို အတူတကွကာကွယ်ကြမည်ဟု ပြောခဲ့သည်။ **(ရိုက်တာ)**

# ဆီးရီးယားပြည်သူများအငတ်ဘေးဆိုက်ရောက်နေ

**ဒမတ်စကက် အောက်တိုဘာ ၂၇**

ရန်သူဝိုင်းရံထားသော ဒမတ်စကက်မြို့အရှေ့ပိုင်း ဆင်ခြေဖုံး၌ လူသားချင်း စာနာမှုဆိုင်ရာအခြေအနေများမှာ ဆိုးရွားလျက်ရှိပြီး ပဋိပက္ခတွင် ပါဝင်နေသူများက အစားအစာနှင့်ဆေးဝါးများကို ပိတ်မိနေသော ဆီးရီးယားပြည်သူ အနည်းဆုံး ၃၅၀၀၀၀ သို့ ရောက်ရှိရန်ကြိုးစားနေကြောင်း ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ အကြီးအကဲ ဇာအစ်ရာ့ဒ်အယ်လ်ဟူစိန်က အောက်တိုဘာ ၂၇ ရက်က ပြောခဲ့သည်။

မကြာသေးမီက ထွက်ပေါ်လာသော အာဟာရပြည့်ဝမှုမရှိသည့် ကလေးငယ်များ၏ ပုံရိပ်သည် လူသားချင်းစာနာထောက်ထားမှု အကူအညီများ အရေးပေါ်လိုအပ်လျက်ရှိသော ဂိုတာအရှေ့ဘက်ရှိ ပိတ်မိနေသော ဆီးရီးယားပြည်သူများအတွက် ကြောက်လန့်စရာ ပုံရိပ်များဖြစ်စေခဲ့ကြောင်း ဇာအစ်က ထုတ်ပြန်ကြေညာချက်တွင် ပြောခဲ့သည်။

ရန်သူ့လက်အတွင်း ပိတ်မိနေသော ဆီးရီးယားပြည်သူများသည် ငတ်မွတ်ခေါင်းပါးမှုဘေးကြီး ဆိုက်ကပ်နေသလိုဖြစ်နေကြောင်း ဒေသခံများနှင့် ကယ်ဆယ်ရေးလုပ်သားများက ရိုက်တာသို့ပြောခဲ့သည်။ အရပ်သားများကို ရည်ရွယ်ချက်ရှိရှိ အစာငတ်ခံခိုင်းခြင်းသည် အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာမှုဆိုင်ရာဥပဒေကို ပြောင်ပြောင်တင်းတင်းချိုးဖောက်ခြင်းပင်ဖြစ်ကြောင်း ၎င်းက ပြောခဲ့သည်။

ဇာအစ်၏ရုံးခန်းတွင် ဆေးဘက်ဆိုင်ရာအခြေအနေအရ ပြောင်းရွှေ့မှုလုပ်ရန် လိုအပ်သော လူရာပေါင်းများစွာ၏ စာရင်းများရှိသော်လည်း အစိုးရက အဆိုပါ ပြောင်းရွှေ့မှုများကို တင်းတင်းကျပ်ကျပ် တားမြစ်ထားသောကြောင့် အရပ်သားသေဆုံးမှုများ ဖြစ်ပွားရကြောင်း ကုလသမဂ္ဂ ကြေညာချက်တွင် ၎င်းက ဆက်လက်ပြောခဲ့သည်။ **(ရိုက်တာ)**



## ကက်ရှ်မီးယားဒေသ၌ လက်ပစ်ဗုံးနှစ်လုံး ပေါက်ကွဲမှုကြောင့် ငါးဦး ဒဏ်ရာရ

**ဆရီနာဂါ အောက်တိုဘာ ၂၇**

အိန္ဒိယထိန်းချုပ် ကက်ရှ်မီးယားဒေသ၌ လက်ပစ်ဗုံးနှစ်လုံးပေါက်ကွဲမှုကြောင့် ရဲသားသုံးဦးနှင့် ပြည်သူ့စစ်အဖွဲ့ဝင်တစ်ဦးတို့အပါအဝင် စုစုပေါင်း ငါးဦး ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က မကြာသေးမီတွင် ပြောခဲ့သည်။ လက်ပစ်ဗုံးတိုက်ခိုက်ခြင်းသည် ဆာရီနာဂါမြို့တောင်ဘက်ရှိ ကာဂမာနှင့် ပါဝါမာဒေသများ၌ ညနေပိုင်းအချိန်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အဆိုပါတိုက်ခိုက်မှုတွင် ရဲတပ်ဖွဲ့ဝင်သုံးဦးနှင့် အရပ်သားတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ရဲအရာရှိတစ်ဦးက ပြောခဲ့သည်။

ဒုတိယတိုက်ခိုက်မှုသည် ဗဟိုအရန်ရဲတပ်ဖွဲ့ရှိရာ ထရန်ဒေသ၌ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ပြည်သူ့စစ်အဖွဲ့ဝင်တစ်ဦး ဒဏ်ရာရရှိခဲ့သည်။ အဆိုပါတိုက်ခိုက်မှုများနှင့်ပတ်သက်ပြီး ရဲတပ်ဖွဲ့က စစ်သွေးကြွများကို အပြစ်တင်လျက်ရှိသည်။ အဆိုပါ ကိစ္စနှင့်ပတ်သက်ပြီး ယခုအချိန်ထိ မည်သည့်စစ်သွေးကြွအဖွဲ့ကမှ ၎င်းတို့၏လက်ချက်ဟု ထုတ်ဖော်ပြောကြားခြင်း မရှိသေးပေ။ **(ဆင်ဟွာ)**

## နိုင်ငံတကာ သတင်းတိုထွာ

### ဖင်လန်နိုင်ငံတောင်ပိုင်း၌ ရထားတိုက်မှုဖြစ်ပွားရာ လူ လေးဦးသေဆုံး

**ဟယ်ဆင်ကီ အောက်တိုဘာ ၂၇**

ဖင်လန်နိုင်ငံတောင်ပိုင်း၌ အောက်တိုဘာ ၂၆ ရက်က ရထားတစ်စီးနှင့်သံချပ်ကားတစ်စီး တိုက်မိခဲ့ရာ လူအများအပြားသေဆုံးခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်၌ ဖော်ပြခဲ့သည်။ ဖင်လန်ကာကွယ်ရေးတပ်ဖွဲ့က လူ သေဆုံးမှုကို အတည်ပြုပေးခဲ့သည်။ ကနဦးသေဆုံးသူလေးဦးရှိကြောင်း ဟယ်ဆင်ကီဆာနိုမတ်သတင်းစာက ဆေးရုံသတင်းရင်းမြစ်များကို ကိုးကားဖော်ပြခဲ့သည်။

ဟယ်ဆင်ကီမြို့အနောက်ဘက် ၁၀၀ ကီလိုမီတာအကွာ တန်မီဆာရီမြို့အနီးရှိ ကားလမ်းနှင့် မီးရထားလမ်းကန့်လန့်ဖြတ်ဆုံမှတ်နေရာ၌ မတော်တဆမှုဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။ အောက်တိုဘာ ၂၆ ရက် နံနက်ပိုင်းတွင် ဆောင်းဦးရာသီ၏ ပထမဆုံး နှင်းများကျဆင်းနေပြီး ယင်းနှင်းကျမှုက ယာဉ်မတော်တဆမှုကို ဖြစ်ပွားစေခဲ့ကြောင်း သိရသည်။ **(ဆင်ဟွာ)**

### အင်ဒိုနီးရှား၌ မီးပန်းစက်ရုံတစ်ရုံ မီးလောင်မှုဖြစ်ပွား အလုပ်သမား ၂၇ ဦးသေဆုံး

**ဂျကာတာ အောက်တိုဘာ ၂၇**

အင်ဒိုနီးရှားမြို့တော် ဂျကာတာမြို့ပြင်ဆင်ခြေဖုံးတစ်နေရာဖြစ်သော တန်ဂါရန်ဒေသရှိ မီးပန်းစက်ရုံတစ်ရုံသည် အောက်တိုဘာ ၂၆ ရက်က မီးလောင်ခဲ့ရာ အလုပ်သမား ၂၇ ဦးသေဆုံးခဲ့ပြီး ၃၅ ဦး ဒဏ်ရာရရှိခဲ့ကြောင်း အကြီးတန်းမီးသတ်သမားတစ်ဦးဖြစ်သူ အိုနီဆာရိုနီက ပြည်တွင်းရုပ်သံလိုင်း တစ်ခုသို့ ပြောကြားခဲ့သည်။

သေဆုံးသူ အများစု၏ ရုပ်အလောင်းကို စက်ရုံ၏ ထုတ်လုပ်ရေးအခန်း၌ တွေ့ရှိခဲ့ကြောင်း အဆိုပါမီးသတ်သမားက ပြောခဲ့သည်။ တန်ဂါရန်ဒေသရဲ့ချုပ် ဟာရီကာနီရာဝမ်က အဆိုပါမီးလောင်မှုသည် လျှပ်စီးပတ်လမ်း ချွတ်ယွင်းမှုကြောင့် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ပြောခဲ့သည်။ မီးလောင်မှုကြောင့် ဒဏ်ရာရရှိခဲ့သူများအားလုံးကို နီးစပ်ရာဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။ **(ဆင်ဟွာ)**

### ကက်တလိုးနီးယား ပဋိပက္ခကြောင့် ကုမ္ပဏီများ ရုပ်သိမ်း

**မက်ဒရစ် အောက်တိုဘာ ၂၇**

စပိန်နိုင်ငံ အရှေ့မြောက်ပိုင်းတွင်ရှိသော ကက်တလိုးနီးယားဒေသသည် စပိန်နိုင်ငံမှ လွတ်လပ်ရေးယူမည်ဟူသော စိုးရိမ်မှုများ ကြောင့် ကုမ္ပဏီ ၁၅၀၀ ခုရုပ်သိမ်းခဲ့ကြောင်း စပိန်နိုင်ငံ ကုန်သွယ်မှုမှတ်ပုံတင်ခြင်းဆိုင်ရာ ကောလိပ်မှသတင်းရင်းမြစ်များအား ကိုးကား၍ ဒေသတွင်းမီဒီယာ၌ ဖော်ပြခဲ့သည်။

စီးပွားရေးလုပ်ငန်း ၁၅၀၀ ခု ကက်တလိုးနီးယားမှ အောက်တိုဘာ ၂ ရက်မှ ၂၄ ရက်အထိထွက်ခွာရန် ဆုံးဖြတ်ခဲ့ပြီး အောက်တိုဘာ ၂၄ ရက်တစ်ရက်တည်းတွင် ကုမ္ပဏီပေါင်း ၁၀၇ ခု ၎င်းတို့၏ ရုံးချုပ်များအား ကက်တလိုနီးယားမှ အခြားနေရာများသို့ ပြောင်းရွှေ့ရန် ဆုံးဖြတ်ခဲ့သည်။
**(ဆင်ဟွာ)**

# အာရပ်ကမ္ဘာက ပဋိပက္ခကြား အမေရိကန်က ကြားဝင်ဖျန်ဖြေပေးဖို့ မျှော်လင့်

**ကာတာနိုင်ငံနဲ့ အရှေ့အလယ်ပိုင်းဒေသက အာရပ်လေးနိုင်ငံတို့ဟာ အချင်းချင်း သံတမန်အဆက်အသွယ်ဖြတ်တောက်ခဲ့ကြတာ အခုဆိုရင် လေးလနီးပါးရှိလာပါပြီ။ ဒီအချိန်မှာ ရေနံအဓိကတင်ပို့တဲ့ ပင်လယ်ကွေ့နိုင်ငံတွေဟာ ကာတာနိုင်ငံနဲ့အခြားလေးနိုင်ငံကြား ခါးသီးတဲ့ဆက်ဆံရေးကို အဆုံးသတ်နိုင်ဖို့အတွက် အမေရိကန်သမ္မတထရန့်က ကြားဝင်ဖြေရှင်းပေးဖို့ မျှော်လင့်ကြပါတယ်။**



အမေရိကန်နိုင်ငံခြားရေးဝန်ကြီးနှင့် ကာတာစော်ဘွားတို့ တွေ့ဆုံကြစဉ်

ကာတာနဲ့ အာရပ်ကမ္ဘာ နိုင်ငံတွေကြားက ပဋိပက္ခတွေကြောင့် အရှေ့အလယ်ပိုင်းဒေသရဲ့တည်ငြိမ်အေးချမ်းမှုကို အနှောင့်အယှက်ဖြစ်လာနိုင်တယ်လို့ ယူဆကြပါတယ်။ ကာတာနိုင်ငံရော၊ ကာတာနဲ့ အဆက်အသွယ်ဖြတ်တောက်ထားတဲ့ ဆော်ဒီအာရေဗျနိုင်ငံပါ အမေရိကန်နိုင်ငံနဲ့ မဟာမိတ်တွေဖြစ်ကြပါတယ်။

ဒီတော့ အမေရိကန်ကလည်း အရှေ့အလယ်ပိုင်းဒေသမှာရှိတဲ့ သူ့ရဲ့ မဟာမိတ်နိုင်ငံတွေကြားက ပြဿနာပိုကြီးထွားလာမှာကိုလည်း မလိုလားပါဘူး။ ပြီးတော့ ကာတာနိုင်ငံမှာ အမေရိကန် စစ်အခြေစိုက်စခန်းရှိပါတယ်။ ဒီတော့ အမေရိကန်ဟာ သူနဲ့ အဆင်မပြေဖြစ်နေတဲ့ အီရန်နဲ့ အထီးကျန်ဖြစ်နေတဲ့ ကာတာနိုင်ငံတို့ ပိုမိုနီးကပ်သွားမှာကိုလည်း စိုးရိမ်ပါတယ်။

ဒီဇင်ဘာလအတွင်းမှာ ပင်လယ်ကွေ့နိုင်ငံများ ပူးပေါင်းဆောင်ရွက်ရေးကောင်စီညီလာခံကျင်းပဖို့ရှိပြီး အဲဒီညီလာခံမှာအချင်းချင်း စိတ်ဝမ်းကွဲနေကြတဲ့ ကာတာနဲ့ အခြားလေးနိုင်ငံကို ပြန်လည်စေ့စပ်ပေးဖို့ အခွင့်အရေးရှိလာနိုင်ပါတယ်။ အခုလတ်တလောမှာတော့ နိုင်ငံ့ခေါင်းဆောင်အချင်းချင်းသာမက ပြည်သူတွေပါစိတ်ဝမ်းကွဲလာကြတာကို တွေ့နေရတယ်လို့ ဆိုပါတယ်။

တက္ကသိုလ်တွေမှာဆိုရင် ကျောင်းသားတွေဟာ လူမျိုးရေးစိတ်ဓာတ်တွေ ပိုမိုလာကြတယ်။ အာရပ်ကမ္ဘာက နိုင်ငံတွေကြား အချင်းများမှုဟာ နိုင်ငံရေးမှာတင်မကတော့ပဲ တက္ကသိုလ်ဝန်းကျင်ထိပါ ပျံ့နှံ့လာတာကို တွေ့ရပါတယ်။ အသက် ၂၁ နှစ်အရွယ် ဆေးကျောင်းသူဂျလာမာက အခုလို အချင်းပွားမှုကနေတစ်ဆင့် ပင်လယ်ကွေ့နိုင်ငံတွေကြား ကာလရှည်ကြာ သဘောထားကွဲလွဲမှုကို ဦးတည်သွားနိုင်တယ်လို့ ပြောပါတယ်။

ပြည်သူတွေကလည်း စိုးရိမ်ထိတ်လန့်နေကြတယ်။ တကယ်လို့များ ကာတာနိုင်ငံသားတစ်ဦးက ဘာရိန်းနိုင်ငံက သူငယ်ချင်းကို လူမှုကွန်ရက်မှာ ဂုဏ်ပြုစာတိုလေး ပို့ပေးရင်တောင် ဟိုဘက်ကစာမပြန်တော့မှာကို စိုးရိမ်နေကြတယ်လို့ဆိုပါတယ်။

သံတမန် အဆက်အသွယ်ဖြတ်တောက်မှုပြဿနာဟာ ဇွန်လ ၅ ရက်နေ့ကတည်းက စတင်ခဲ့တာ ဖြစ်တယ်။ ဆော်ဒီ၊ ယူအေအီး၊ ဘာရိန်းနဲ့ အီဂျစ်နိုင်ငံတို့က ကာတာကို အဆက်အသွယ်အားလုံးဖြတ်တောက်ခဲ့တာပဲ ဖြစ်တယ်။ ကာတာနိုင်ငံအပေါ် သူတို့ရဲ့တောင်းဆိုမှုကတော့ အကြမ်းဖက်သမားတွေကို ထောက်ပံ့မှုပြုနေတာတွေ ရပ်ဆိုင်းရမယ်။ အီရန်နဲ့ အဆက်အသွယ်ဖြတ်တောက်ရမယ် ဆိုတာတွေပဲဖြစ်တယ်။ ကာတာအစိုးရဟာ ဟားမားစ်၊ တာလီဘန်နဲ့ မူဆလင်ဘရားသားဟုဒ်အဖွဲ့တွေကို ငွေရေးကြေးရေး ထောက်ပံ့ပေးနေတယ်လို့ စွပ်စွဲကြတယ်။

ကာတာနိုင်ငံက အကြမ်းဖက်တန်ပြန်တိုက်ဖျက်ရေး ကော်မတီအကြီးအကဲနဲ့ ဂါဒီးယန်းသတင်းစာ အင်တာဗျူးမှာတော့ "ကျွန်တော်တို့ဟာ အကြမ်းဖက်သမား စာရင်းအသစ်တွေနဲ့ နေ့တိုင်းအလုပ်ရှုပ်နေပါတယ်။ ကျွန်တော်တို့ကို ပိတ်ဆို့ထားတဲ့ နိုင်ငံတွေကတော့ ကျွန်တော်တို့တိုင်းပြည်ဟာ အကြမ်းဖက်သမားတွေ ခိုအောင်းရာနေရာလို့ ဆိုပါတယ်။ အကြမ်းဖက်သမားတွေကို ထောင်ထဲပို့ပစ်ရမယ်လို့ ဆိုပါတယ်။ ဒါပေမယ့် ဒီလိုကိစ္စမျိုးကို ဖြေရှင်းဖို့ကျတော့ အပြည်ပြည်ဆိုင်ရာ စံသတ်မှတ်ချက်တွေ ရှိပါတယ်"လို့ အကြမ်းဖက်တန်ပြန် တိုက်ဖျက်ရေးကော်မတီ အကြီးအကဲက ဖြေကြားခဲ့ပါတယ်။

သူကတော့ သူတို့အစိုးရနဲ့ အမေရိကန်အစိုးရကြား သဘောတူလက်မှတ်ရေးထိုးထားတဲ့ အကြမ်းဖက်နှိမ်နင်းရေး နှစ်နိုင်ငံနားလည်မှုစာချုပ်ကို ထောက်ပြခဲ့ပါတယ်။ အမေရိကန်နဲ့ သဘောတူညီမှု ပြုလုပ်ထားနိုင်ခဲ့ပြီး ဒေသတွင်းမှာရှိတဲ့ အခြားနိုင်ငံတွေကလည်း ဒီလိုမျိုးသဘောတူညီမှုမျိုး ပြုလုပ်နိုင် တယ်လို့ ဆိုပါတယ်။ တစ်ကမ္ဘာလုံးမှာရှိတဲ့ နိုင်ငံတွေဟာ သတင်းအချက်အလက်တွေ မျှဝေဖို့ ပူးပေါင်းဆောင်ရွက်သင့်တယ်။ သတင်းအချက်အလက်ရရှိမှု နှောင့်နှေးခြင်းဟာ မလိုလားအပ်တဲ့ အန္တရာယ်တွေ ဖြစ်ပေါ်လာစေနိုင်တယ်လို့ သူက ဆက်ပြောပါတယ်။

ပြီးတော့ဥရောပကို ဒုက္ခပေးနေတဲ့ အကြမ်းဖက်သမားတွေကို ကာတာနိုင်ငံက ထောက်ပံ့ပေးနေတာ မဟုတ်ဘူး။ ဥရောပမှာရှိတဲ့ အကြမ်းဖက်သမားတွေဟာ ရာဇဝတ်မှုကျူးလွန်သူတွေ၊ ဆေးစွဲနေသူတွေနဲ့ ကျောင်းတွေမှာ ပြဿနာရှိနေတဲ့လူတွေပဲဖြစ်ပြီး ဒီလူတွေဟာ အင်တာနက်ကနေတစ်ဆင့် စည်းရုံးသိမ်းသွင်းမှုတွေခံနေရတာပဲ ဖြစ်တယ်လို့ ပြောတယ်။

ပြီးတော့ အရှေ့အလယ်ပိုင်းဒေသမှာ အမေရိကန်နဲ့ ပူးပေါင်းစစ်ရေးလေ့ကျင့်တဲ့အခါ ကာတာနိုင်ငံသာပါရင် မိမိတို့ပါဝင်ပြီး မလေ့ကျင့်နိုင်ဘူးလို့ ဆော်ဒီက ပြောခဲ့ပါတယ်။ ဒါကိုကြည့်ရင် ဒေသတွင်းတည်ငြိမ်အေးချမ်းရေးကို ဆော်ဒီက ဖျက်ဆီးနေတာပဲဖြစ်တယ်လို့ ကာတာအစိုးရဆက်ဆံရေးရုံးမှ ညွှန်ကြားရေးမှူးက ပြောပါတယ်။ တကယ်လို့များ ကာတာနိုင်ငံကသာ တကယ်ပဲအကြမ်းဖက်သမားတွေကို မွေးထုတ်တဲ့နေရာ၊ အကြမ်းဖက်သမားတွေ ခိုလှုံရာနေရာဖြစ်ခဲ့ရင် အမေရိကန်ဟာ သူ့ရဲ့ စစ်အခြေစိုက်စခန်းကို ကာတာမှာ လာဆောက်မှာ မဟုတ်ဘူးလို့ ၎င်းက ဆက်ပြောပါတယ်။

**တကယ်လို့များ ကာတာနိုင်ငံကသာ တကယ်ပဲ အကြမ်းဖက်သမားတွေကို မွေးထုတ်တဲ့နေရာ၊ အကြမ်းဖက်သမားတွေ ခိုလှုံရာနေရာဖြစ်ခဲ့ရင် အမေရိကန်ဟာ သူ့ရဲ့ စစ်အခြေစိုက်စခန်းကို ကာတာမှာ လာဆောက်မှာ မဟုတ်ဘူးလို့ ၎င်းက ဆက်ပြော**

ကာတာနဲ့အခြား နိုင်ငံတွေကြား ဆက်ဆံရေးမပြေပြစ်ရတဲ့ နောက်ထပ်အကြောင်းအရာတစ်ခုကတော့ အချင်းချင်းကြားက ပြိုင်ဆိုင်မှုတွေပါပဲ။ ကာတာနဲ့ ယူအေအီးတို့ကြား ပြိုင်ဆိုင်မှုဟာ အမြစ်တွယ်ခဲ့ပြီး ဆော်ဒီနဲ့ကြားက ပြိုင်ဆိုင်မှုကလည်း တဖြည်းဖြည်းကြီးလာခဲ့ပါတယ်။ ၂၀၁၁ ခုနှစ် အာရပ်နွေဦးတော်လှန်ရေးကြောင့်လည်း ဒီနိုင်ငံတွေကြား တင်းမာမှုဟာ တဖြည်းဖြည်းတိုးလာခဲ့ပါတယ်။

အာရပ် နွေဦးတော်လှန်ရေးမှာ မော်ရိုကို၊ တူနီးရှား၊ လစ်ဗျား၊ ဆီးရီးယားနဲ့ အီဂျစ်တို့မှာ လှုပ်ခတ်မှုတွေဖြစ်ပေါ်ခဲ့ပြီးအစိုးရကို ဖြုတ်ချဖို့ကြိုးပမ်းခဲ့ကြပါတယ်။ အဲဒီမှာလည်း ကာတာနဲ့ အခြားနိုင်ငံတွေက ထောက်ခံတဲ့ ဘက်ချင်းမတူညီခဲ့ပါဘူး။ ဒါဟာလည်း သွေးကွဲသွားစေမယ့် အချက်ဖြစ်လာခဲ့ပါတယ်။ ကာတာနိုင်ငံရဲ့ သံအမတ်တစ်ဦးကတော့ လစ်ဗျား၊ ဆီးရီးယားနဲ့ ဂါဇာဒေသတို့မှာ ကာတာနိုင်ငံရဲ့ ပါဝင်ပတ်သက်မှုကို လျှော့ချနေတယ်လို့ ပြောပါတယ်။ အာရပ်နွေဦး တော်လှန်ရေးမှာ အာရပ်နိုင်ငံတချို့မှာ အစိုးရတွေ ဖြုတ်ချခံရတော့၊ ဘုရင်စနစ်ကို ထိခိုက်လာမှာကိုလည်း စိုးရိမ်လာကြပါတယ်။

ကာတာက မြှောက်ထိုးပင့်ကော်လုပ်မှုကြောင့် လူထုအုံကြွမှု ဖြစ်လာပြီး ဘုရင်စနစ် ပျက်သုဉ်းသွားမှာကို ဆော်ဒီအပါအဝင် အခြားအာရပ်နိုင်ငံတွေက ကြောက်ရွံ့ကြပါတယ်။ ဆော်ဒီရော၊ ကာတာပါ အမေရိကန်ရဲ့ မဟာမိတ်တွေဖြစ်ကြပေမယ့် မတူညီတာတစ်ခုကတော့ အီရန်နဲ့ပတ်သက်တဲ့ကိစ္စပါပဲ။ အီရန်နျူကလီးယား သဘောတူစာချုပ်ကနေ အမေရိကန်နုတ်ထွက်မှာကို ဆော်ဒီက လိုလိုလားလား ထောက်ခံပေမယ့် ကာတာကတော့ မထောက်ခံပါဘူး။ ဒါဟာ ထင်ရှားတဲ့ ကွဲပြားမှုတစ်ခုပါ။

အမေရိကန်ဘက်ကတော့ အရှေ့အလယ်ပိုင်းဒေသက သူ့ရဲ့ မဟာမိတ်နှစ်နိုင်ငံ ပြန်လည်သင့်မြတ်ရေးအတွက် ဒေသတွင်း ကြားဝင်စေ့စပ်ပေးမယ့် ညှိနှိုင်းသူကို မျှော်လင့်ထားကြပါတယ်။ ကူဝိတ်စော်ဘွား ရှိတ်ခ်ဆာဘတ်ကို အဓိက ညှိနှိုင်းသူအဖြစ် ဆောင်ရွက်ပေးဖို့အမေရိကန်က မျှော်လင့်ထားပါတယ်။ ကူဝိတ်နိုင်ငံကလည်း အမေရိကန်ရဲ့ မဟာမိတ်နိုင်ငံဖြစ်ပြီး အခုအချိန်မှာတော့ ကူဝိတ်နဲ့ အမေရိကန်တို့ပူးပေါင်းကာ ကာတာနဲ့ အခြား အာရပ်လေးနိုင်ငံတို့ကြား ပြေလည်မှုရရှိအောင် ညှိနှိုင်းပေးဖို့ ကြိုးစားနေကြပါတယ်။

ကူဝိတ်စော်ဘွားဟာလည်း စက်တင်ဘာလအတွင်းမှာ ဝါရှင်တန်ကို သွားရောက်ခဲ့ပြီး အမေရိကန်သမ္မတနဲ့တွေ့ဆုံခဲ့ပါတယ်။ အမေရိကန်သမ္မတ ထရန့်ကတော့ ကူဝိတ်စော်ဘွားနဲ့ တွေ့ဆုံမှုအပြီး ကာတာအရေးကိစ္စမှာ ပြန်လည်ညှိနှိုင်းနိုင်ဖို့ ယုံကြည်မှုရှိလာတယ်လို့ ဆိုပါတယ်။ ထရန့်က သူနဲ့ ကူဝိတ်စော်ဘွားတို့ပေါင်းပြီး ဒီပဋိပက္ခတွေကို အဆင်ပြေအောင် ညှိနှိုင်းပေးနိုင်တယ်။ အမေရိကန်က တိုက်ရိုက်ကြားဝင် ဖျန်ဖြေပေးဖို့လည်း ကမ်းလှမ်းခဲ့ပါတယ်။ သမ္မတထရန့် ကိုယ်တိုင်ကလည်း ကြားဝင်စေ့စပ်ပေးသူအဖြစ် ဆောင်ရွက်ပေးဖို့လည်း ဆန္ဒရှိတယ်လို့ ဆိုပါတယ်။

အမေရိကန်ကတော့ ကာတာနိုင်ငံဟာ တစ်နိုင်ငံတည်း အထီးကျန်ဖြစ်နေရင် အမေရိကန်နဲ့အဆင်မပြေပါဘူးဆိုတဲ့ အီရန်နဲ့ ပိုမိုနီးစပ်သွားမှာကို စိုးရိမ်ပါတယ်။ အခုအချိန်မှာ အမေရိကန်ကလည်း အီရန်ကို အာရပ်ကမ္ဘာမှာ အထီးကျန်တစ်နိုင်ငံတည်း ဖြစ်စေချင်နေပါတယ်။ ဒီတော့ ကာတာနဲ့ အခြားအာရပ်လေးနိုင်ငံတို့ ပြန်လည်သင့်မြတ်စေရေး လိုလားမှာအမှန်ပါပဲ။

ဒါကြောင့် ဒီနိုင်ငံတွေကြားက ပဋိပက္ခတွေမှာ အမေရိကန်က တကယ်ပဲ ကြားဝင်စေ့စပ်ပေးမလား။ ကြားဝင်စေ့စပ်ပေးရင်ကော အောင်မြင်မှုရပါ့မလားဆိုတာ ဆက်လက်စောင့်ကြည့်ရဦးမှာပါ။

**ကိုးကား-ဂါဒီးယန်း**

**ခြူးစန္ဒီနွေး**

# စားသုံးသူကာကွယ်ရေး ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

*ယမန်နေ့မှအဆက်*

## အခန်း(၅)
## ဦးစီးဌာန၏ လုပ်ပိုင်ခွင့်နှင့် လုပ်ငန်းတာဝန်များ

၁၃။ (က) ဦးစီးဌာန၏ လုပ်ပိုင်ခွင့်နှင့် လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည် -
(၁) စားသုံးသူ၏ အခွင့်အရေးနှင့်စပ်လျဉ်း၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊
(၂) စားသုံးသူကာကွယ်ရေးလုပ်ငန်းနှင့် စပ်လျဉ်း၍ အသိပညာပေးခြင်းနှင့် သတင်းအချက်အလက်များ ဖြန့်ဝေပေးခြင်း၊
(၃) စားသုံးသူကာကွယ်ရေးလုပ်ငန်းနှင့်စပ်လျဉ်း၍ သုတေသနပြုခြင်းနှင့် ယင်းသုတေသနပြုမှုများကို ပြန်လည်သုံးသပ်၍ စားသုံးသူများ၏အကျိုးအတွက် ဆောင်ရွက်ပေးခြင်း၊
(၄) စားသုံးသူကာကွယ်ရေးလုပ်ငန်းနှင့် စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း၊
(၅) တိုင်ကြားလာမှုနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးရန် သို့မဟုတ် ဘေးအန္တရာယ်ရှိသော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုများကို စောင့်ကြည့်စစ်ဆေးနိုင်ရန်နှင့် ဈေးကွက်အတွင်းမှ ပပျောက်စေရန်အလို့ငှာ စစ်ဆေးရေးအရာရှိကို တာဝန်ပေးအပ်ခြင်း၊
(၆) ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုများ ဘေးအန္တရာယ်ကင်းရှင်းစေရေးအလို့ငှာ စစ်ဆေးရန်လိုအပ်သည့်နေရာများသို့ ဝင်ရောက်စစ်ဆေးခြင်း၊ အချက်အလက်များ ရယူစုဆောင်းခြင်း၊ နမူနာပစ္စည်းရယူခြင်းနှင့် သတင်းအချက်အလက်များ ရယူစုဆောင်းခြင်းများအား စစ်ဆေးရေးအရာရှိကို တာဝန်ပေးအပ်ခြင်း၊
(၇) စားသုံးသူကို ကြီးမားသော ဘေးအန္တရာယ်ဖြစ်စေမည့် သို့မဟုတ် နစ်နာဆုံးရှုံးစေမည့် ထူးခြားသော အခြေအနေတစ်ရပ်ရပ်ကို အချိန်မီတားဆီးဖော်ထုတ်နိုင်ရန် ဆောင်ရွက်ခြင်း၊
(၈) စားသုံးသူကာကွယ်ရေးဆိုင်ရာ အသင်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်ပေးခြင်း၊
(၉) ကော်မရှင်၏ ရုံးလုပ်ငန်းတာဝန်များကို တာဝန်ယူဆောင်ရွက်ခြင်းနှင့် ကော်မရှင်က အခါအားလျော်စွာပေးအပ်သော တာဝန်များကို ဆောင်ရွက်ခြင်း။

(ခ) ဦးစီးဌာနသည် အောက်ပါတို့ကို ဆောင်ရွက်ရန် ဦးစီးမှူးရုံးသို့ တာဝန်လွှဲအပ်ပေးရမည်-
(၁) စစ်ဆေးရေးအရာရှိက တင်ပြလာသည့် စားသုံးသူကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ စီမံဆောင်ရွက်ခြင်း သို့မဟုတ် လိုအပ်ပါက သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ရန်၊
(၂) သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများမှ ဘေးအန္တရာယ်ရှိကြောင်း ပြန်ကြားလာသည့် ကုန်စည်နှင့်စပ်လျဉ်း၍ ဥပဒေအရ အရေးယူဆောင်ရွက်ရန်၊
(၃) စားသုံးသူတွင် နစ်နာဆုံးရှုံးမှုဖြစ်ပွားခြင်းနှင့်စပ်လျဉ်း၍ စေ့စပ်ညှိနှိုင်း ဖြေရှင်းပေးရန်နှင့် ယင်းစေ့စပ်ညှိနှိုင်းဖြေရှင်းပေးမှုကို ဦးစီးဌာနနှင့် ကော်မတီသို့ တင်ပြရန်၊
(၄) ပုဒ်မ ၂၂၊ ပုဒ်မ ၂၅၊ ပုဒ်မ ၂၆ နှင့် ပုဒ်မ ၂၈ ပါ ပြဋ္ဌာန်းချက်များကို စီးပွားရေးလုပ်ငန်းရှင်မှ လိုက်နာရန် ပျက်ကွက်ကြောင်း တွေ့ရှိပါက ပုဒ်မ ၅၃ တွင် ဖော်ပြထားသည့် စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ဖြစ်စေ၊ တစ်ရပ်ထက်ပိုသော အမိန့်များကို ဖြစ်စေ ချမှတ်ပြီး ဦးစီးဌာနနှင့် ကော်မတီသို့တင်ပြရန်၊
(၅) ပုဒ်မ ၂၂၊ ပုဒ်မ ၂၅၊ ပုဒ်မ ၂၆ နှင့် ပုဒ်မ ၂၈ ပါပြဋ္ဌာန်းချက်များမှ တစ်ပါး ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို စီးပွားရေးလုပ်ငန်းရှင်မှ လိုက်နာရန် ပျက်ကွက်ကြောင်း စစ်ဆေးတွေ့ရှိပါက ဥပဒေအရ အရေးယူဆောင်ရွက်နိုင်ရန်အလို့ငှာ ကော်မတီသို့ တင်ပြရန်၊
(၆) ကော်မတီကချမှတ်သော စီမံခန့်ခွဲရေးဆိုင်ရာအမိန့်ကို မလိုက်နာပါက ပုဒ်မ ၇၃ ပါ ပြဋ္ဌာန်းချက်နှင့်အညီ အရေးယူဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာတရားရုံးသို့ တရားလိုအဖြစ် တိုင်ကြားရန်၊
(၇) ဦးစီးဌာနက အခါအားလျော်စွာ ပေးအပ်သော တာဝန်များကို ဆောင်ရွက်ရန်။

## အခန်း(၆)
## စစ်ဆေးရေးအရာရှိ၏ လုပ်ငန်းတာဝန်များ

၁၄။ ဦးစီးဌာနသည် တိုင်ကြားလာမှုအပေါ် စုံစမ်းစစ်ဆေးရန် သို့မဟုတ် ဘေးအန္တရာယ်ရှိသည်ဟု ထင်မြင်ယူဆရသောကုန်စည် သို့မဟုတ် ဝန်ဆောင်မှုများကို စောင့်ကြည့်စစ်ဆေးနိုင်ရန်နှင့် ဈေးကွက်အတွင်းမှပပျောက်စေရန်အလို့ငှာ ကုန်စည်နှင့်ဝန်ဆောင်မှု စစ်ဆေးရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်အတွက် စစ်ဆေးရေးအရာရှိများအား တာဝန်ပေးအပ်ရမည်။

၁၅။ စစ်ဆေးရေးအရာရှိ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-
(က) ပြည်တွင်း၌ ထုတ်လုပ်သော ကုန်စည်များ၊ ပြည်ပမှ တင်သွင်းသော ကုန်စည်များနှင့်စပ်လျဉ်း၍ ဈေးကွက်မရောက်မီ သို့မဟုတ် ဈေးကွက်ရောက်ပြီး ကုန်စည်ကို ဘေးအန္တရာယ်ရှိ မရှိစောင့်ကြည့်စစ်ဆေးခြင်း၊
(ခ) ကုန်အညွှန်းအမှတ်အသားတွင် ဖော်ပြရမည့်အချက်များပါဝင်မှု ရှိ မရှိ စောင့်ကြည့်စစ်ဆေးခြင်း၊
(ဂ) ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ စားသုံးရန် သို့မဟုတ် အသုံးပြုရန် သင့် မသင့်နှင့် ဘေးအန္တရာယ်ရှိ မရှိ စောင့်ကြည့်စစ်ဆေးခြင်း၊
(ဃ) ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ တိုင်ကြားလာမှုအပေါ် စုံစမ်းစစ်ဆေးခြင်းနှင့် ယင်းစုံစမ်းစစ်ဆေးခြင်းနှင့်စပ်လျဉ်း၍ တွေ့ရှိချက်များကို သက်ဆိုင်ရာဦးစီးမှူးရုံးသို့ တင်ပြခြင်း၊
(င) ဘေးအန္တရာယ်ရှိသည်ဟု ထင်မြင်ယူဆရသောကုန်စည် သို့မဟုတ် ဝန်ဆောင်မှုများတွေ့ရှိသည်ဟု သတင်းရရှိပါက မှန်ကန်မှုရှိ မရှိ စောင့်ကြည့်စစ်ဆေးခြင်း၊
(စ) သက်ဆိုင်ရာဦးစီးမှူးရုံးနှင့် ကော်မတီကချမှတ်သော အရေးယူမှုများနှင့်စပ်လျဉ်း၍ လိုက်နာဆောင်ရွက်မှု ရှိ မရှိ စောင့်ကြည့်စစ်ဆေးခြင်း၊
(ဆ) ဤဥပဒေပါ တားမြစ်ချက်များကို ဖောက်ဖျက်ကျူးလွန်မှု မရှိစေရန် စောင့်ကြည့်စစ်ဆေးခြင်း၊
(ဇ) ကုန်စည်နှင့်စပ်လျဉ်း၍ ဘေးအန္တရာယ်ရှိသည်ဟု ထင်မြင်ယူဆပါက သတ်မှတ်စံချိန်စံညွှန်းနှင့် ကိုက်ညီမှု ရှိ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးနိုင်ရန်နှင့် သက်ဆိုင်ရာ အစိုးရဌာန၏ဓာတ်ခွဲခန်းနှင့် နိုင်ငံတကာ အသိအမှတ်ပြုဓာတ်ခွဲခန်းများသို့ ပေးပို့ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ ဦးစီးမှူးရုံးသို့ တင်ပြခြင်း၊
(ဈ) ဘေးအန္တရာယ်ရှိသည်ဟု ထင်မြင်ယူဆရသော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့် စပ်လျဉ်း၍ စစ်ဆေးစဉ်ကာလအတွင်း ဆက်လက်ဖြန့်ဖြူး ရောင်းချခြင်းမရှိစေရန် သို့မဟုတ် ဆက်လက်ဆောင်ရွက်ခြင်း မပြုစေရန်အတွက် သက်ဆိုင်ရာ ဦးစီးမှူးရုံးသို့ တင်ပြခြင်း၊
(ည) ဦးစီးဌာနက အခါအားလျော်စွာပေးအပ်သော လုပ်ငန်းတာဝန်များကိုဆောင်ရွက်ခြင်း။

၁၆။ စစ်ဆေးရေးအရာရှိသည် မိမိ၏လုပ်ငန်းတာဝန်များကိုဆောင်ရွက်ရာတွင် လိုအပ်ပါက မြန်မာနိုင်ငံရဲတပ်ဖွဲ့၏အကူအညီကို ရယူဆောင်ရွက်နိုင်သည်။

## အခန်း(၇)
## စားသုံးသူရေးရာကော်မတီ ဖွဲ့စည်းခြင်း

၁၇။ (က) ကော်မရှင်သည် စားသုံးသူကာကွယ်ရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ရန်နှင့် စားသုံးသူနှင့် စီးပွားရေးလုပ်ငန်းရှင်တို့အကြား အငြင်းပွားမှုဆိုင်ရာကိစ္စရပ်ကို ဖြေရှင်းပေးရန်နှင့် အတည်ပြုဆုံးဖြတ်ပေးနိုင်ရန် အောက်ပါစားသုံးသူရေးရာ ကော်မတီများကို သတ်မှတ်ချက်များနှင့်အညီ သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်-
(၁) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် စားသုံးသူရေးရာကော်မတီ၊
(၂) ပြည်ထောင်စုနယ်မြေ စားသုံးသူရေးရာကော်မတီ၊
(၃) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ဒေသစားသုံးသူရေးရာကော်မတီ။

(ခ) ပုဒ်မခွဲ (က) ပါစားသုံးသူရေးရာကော်မတီများဖွဲ့စည်းရာတွင် ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးအပါအဝင် အဖွဲ့ဝင်ဦးရေ ငါးဦးမှ ကိုးဦးအထိ "မ" ဂဏန်းဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

၁၈။ ကော်မရှင်သည် စားသုံးသူကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန်နှင့် စားသုံးသူအငြင်းပွားမှုနှင့်စပ်လျဉ်း၍ ညှိနှိုင်းဖြေရှင်းပေးနိုင်ရန် လိုအပ်ပါက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းများ၏လက်အောက်တွင် ခရိုင်စားသုံးသူရေးရာကော်မတီများဖွဲ့စည်း တာဝန်ပေးနိုင်သည်။

## အခန်း(၈)
## စားသုံးသူရေးရာကော်မတီ၏ လုပ်ပိုင်ခွင့်နှင့် လုပ်ငန်းတာဝန်များ

၁၉။ ကော်မတီ၏ လုပ်ပိုင်ခွင့်နှင့် လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-
(က) စားသုံးသူကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊
(ခ) စားသုံးသူကာကွယ်ရေးဆိုင်ရာ ကိစ္စများဆောင်ရွက်နိုင်ရန်နှင့် စားသုံးသူအငြင်းပွားမှုနှင့် စပ်လျဉ်း၍ ဖြေရှင်းနိုင်ရန် လိုအပ်ပါက သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများ၏ အကြံဉာဏ်များရယူခြင်း၊
(ဂ) စားသုံးသူကာကွယ်ရေးနှင့်စပ်လျဉ်း၍ ကြီးမားသောနစ်နာဆုံးရှုံးမှုဖြစ်စေနိုင်သည့် သို့မဟုတ် ဘေးအန္တရာယ်ဖြစ်စေနိုင်သည့် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို မှန်ကန်မှု ရှိ မရှိ စုံစမ်းနိုင်ရန်အလို့ငှာ စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊
(ဃ) ပုဒ်မခွဲ (ဂ) အရ ဖွဲ့စည်းထားသော စုံစမ်းစစ်ဆေးရေးအဖွဲ့၏ တင်ပြချက်များကို အတည်ပြုဆုံးဖြတ်ပေးခြင်း၊
(င) ပုဒ်မ ၂၂၊ ပုဒ်မ ၂၅၊ ပုဒ်မ ၂၆ နှင့် ပုဒ်မ ၂၈ ပါပြဋ္ဌာန်းချက်များမှတစ်ပါး ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို စီးပွားရေးလုပ်ငန်းရှင်မှ လိုက်နာရန် ပျက်ကွက်ကြောင်း တွေ့ရှိပါက ပုဒ်မ ၅၄ တွင် ဖော်ပြထားသည့် စီမံခန့်ခွဲရေးဆိုင်ရာအမိန့်တစ်ရပ်ရပ်ကို ဖြစ်စေ၊ တစ်ရပ်ထက်ပိုသော အမိန့်များကို ဖြစ်စေချမှတ်ခြင်း၊
(စ) ပုဒ်မ ၅၃ အရသက်ဆိုင်ရာဦးစီးမှူးရုံးကချမှတ်သော စီမံခန့်ခွဲရေးဆိုင်ရာအမိန့်အပေါ် အယူခံမှုကိုအဆုံးအဖြတ်ပေးခြင်း၊
(ဆ) ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများကို ကော်မရှင်သို့ တင်ပြခြင်း၊
(ဇ) ကော်မရှင်က အခါအားလျော်စွာ ပေးအပ်သော တာဝန်များကို ဆောင်ရွက်ခြင်း။

## အခန်း(၉)
## စားသုံးသူ၏ အခွင့်အရေးနှင့် တာဝန်များ

၂၀။ စားသုံးသူ၏အခွင့်အရေးများမှာ အောက်ပါအတိုင်းဖြစ်သည်-
(က) ဈေးကွက်အတွင်းရှိကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့် စပ်လျဉ်း၍ စားသုံးသူ စိတ်ကြိုက်ရွေးချယ်ဝယ်ယူနိုင်ခွင့်ရှိခြင်း၊
(ခ) ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ဘေးအန္တရာယ်ကင်းရှင်းစွာ အသုံးပြုခွင့်ရှိခြင်း၊
(ဂ) ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ရွေးချယ်ဝယ်ယူအသုံးပြုရာတွင် လိုအပ်သော သတင်းအချက်အလက်များ ပြည့်စုံမှန်ကန်စွာသိရှိခွင့်နှင့်ပြေစာ သို့မဟုတ် အထောက်အထားရယူခွင့်ရှိခြင်း၊
(ဃ) စားသုံးသူနစ်နာဆုံးရှုံးမှုနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များတွင် ရှင်းလင်းတင်ပြခွင့်နှင့် တိုင်ကြားခွင့် ရရှိနိုင်စေခြင်း၊
(င) စားသုံးသူများအတွက် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ အခြေခံလိုအပ်ချက်များပေါ်တွင် စိတ်ကျေနပ်မှုရရှိစေခြင်း၊
(စ) ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ဝယ်ယူအသုံးပြုခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သော နစ်နာဆုံးရှုံးမှုများနှင့်စပ်လျဉ်း၍ ကုစားခွင့်ရရှိခြင်း၊
(ဆ) ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့်စပ်လျဉ်းသည့် အသိပညာဗဟုသုတများ၊ အခွင့်အရေးများနှင့် လိုအပ်သောအချက်အလက်များကို သိရှိလေ့လာနိုင်ခွင့်ရှိခြင်း၊
(ဇ) ပစ္စုပ္ပန်တွင်သာမက အနာဂတ်မျိုးဆက်များအတွက်ပါ ကောင်းမွန်သာယာသော လူနေမှုအဆင့်အတန်းနှင့် ပတ်ဝန်းကျင်တွင် နေထိုင်နိုင်ခွင့်ရရှိစေခြင်း။

၂၁။ စားသုံးသူ၏တာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည် -
(က) ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်နှင့် လမ်းညွှန်ချက်များအတိုင်း လိုက်နာဆောင်ရွက်ခြင်း၊
(ခ) ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ရွေးချယ်ဝယ်ယူရာတွင် သဘောတူညီထားသည့် တန်ဖိုးနှင့်အညီ ပေးချေခြင်း၊
(ဂ) စီးပွားရေးလုပ်ငန်းရှင်အပေါ် ထိခိုက်နစ်နာစေရန် ရည်ရွယ်၍ မဟုတ်မမှန်စွပ်စွဲပြောဆိုမှု ပြုလုပ်ခြင်းတို့ကို ရှောင်ကြဉ်ခြင်း၊
(ဃ) အငြင်းပွားမှုကို ညှိနှိုင်းဖြေရှင်းနေစဉ် လူထုဆက်သွယ်ရေးနည်းလမ်းများဖြင့်ဖြစ်စေ၊ အခြားနည်းလမ်းများဖြင့်ဖြစ်စေ သက်ဆိုင်ရာစီးပွားရေးလုပ်ငန်းရှင်အပေါ် ထိခိုက်နစ်နာစေရန် ပြောဆိုခြင်း၊ ရေးသားခြင်းနှင့်ပြုမူခြင်းတို့ကို ရှောင်ကြဉ်ခြင်း။

## အခန်း (၁၀)
## စီးပွားရေးလုပ်ငန်းရှင်၏တာဝန်များ

၂၂။ စီးပွားရေးလုပ်ငန်းရှင်၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -
(က) ကုန်စည် သို့မဟုတ် ဝန်ဆောင်မှု၏ အာမခံချက်၊ သတ်မှတ်ချက်များနှင့် စပ်လျဉ်း၍ ရိုးရှင်းမှန်ကန်သော သတင်းအချက်အလက်များပေးခြင်း၊
(ခ) စားသုံးသူကို ခွဲခြားမှုမရှိဘဲ ဖြောင့်မတ်မှန်ကန်စွာ ဆက်ဆံခြင်း၊
(ဂ) စီးပွားရေးလုပ်ငန်း လုပ်ကိုင်ရာတွင် စီးပွားရေးကျင့်ဝတ်၊ စည်းကမ်းနှင့်အညီ ဖြောင့်မတ်မှန်ကန်စွာဖြင့် ဆောင်ရွက်ခြင်း၊
(ဃ) ကုန်သွယ်မှုပြုရန်နှင့် ထုတ်လုပ်မှုပြုရန်အလို့ငှာ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများက သတ်မှတ်ထားသည့် အရည်အသွေးစံသတ်မှတ်ချက်များအပေါ် အခြေခံ၍ အာမခံချက်ပေးခြင်း၊
(င) အရည်အသွေး စမ်းသပ်ရန် လိုအပ်သော ကုန်စည်နှင့်စပ်လျဉ်း၍ ဝယ်ယူခြင်းမပြုမီ စားသုံးသူများကို စမ်းသပ်နိုင်သည့် အခွင့်အရေးပေးခြင်း၊
(စ) ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ စားသုံးသူမှ ထပ်မံပေးချေရမည့် အဖိုးစားနားကို ဝယ်ယူအသုံးမပြုမီ သိရှိစေရန် အတိအလင်းဖော်ပြပေးခြင်း၊
(ဆ) စားသုံးသူ နစ်နာဆုံးရှုံးမှု ဖြစ်ပွားစေမည့် တိုက်ရိုက်ရောင်းချခြင်း သို့မဟုတ် သွယ်ဝိုက်ရောင်းချခြင်းကို ရှောင်ကြဉ်ခြင်း၊
(ဇ) ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ ကတိပြုထားသော အာမခံချက်နှင့် ကိုက်ညီမှုမရှိပါက ကတိပြုထားသည့်အတိုင်း တာဝန်ယူဆောင်ရွက်ပေးခြင်း၊
(ဈ) အငြင်းပွားမှုကို ညှိနှိုင်းဖြေရှင်းနေစဉ်လူထုဆက်သွယ်ရေးနည်းလမ်းများဖြင့်ဖြစ်စေ၊ အခြားနည်းလမ်းများဖြင့်ဖြစ်စေ စားသုံးသူအပေါ် ထိခိုက်နစ်နာစေရန်ပြောဆိုခြင်း၊ ရေးသားခြင်းနှင့် ပြုမူခြင်းတို့ကို ရှောင်ကြဉ်ခြင်း၊
(ည) ထုတ်လုပ်သည့်ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုတွင် ဘေးအန္တရာယ်ရှိကြောင်း မိမိကိုယ်တိုင်သော်လည်းကောင်း၊ အခြားနည်းလမ်းတစ်ခုခုအရသော်လည်းကောင်းသိရှိလျှင် အဆိုပါအကြောင်းအရာအား ဦးစီးဌာနနှင့် စားသုံးသူများ အမြန်ဆုံးသိရှိစေရန် လူထုဆက်သွယ်ရေးနည်းလမ်းများဖြင့်ဖြစ်စေ၊ အခြားနည်းလမ်းများဖြင့်ဖြစ်စေ အသိပေးခြင်း၊
(ဋ) ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ အငြင်းပွားမှုကိစ္စရပ်များ ဖြစ်ပေါ်ခဲ့ပါက သက်ဆိုင်ရာကော်မတီ၏ ဖြေရှင်းဆောင်ရွက်ပေးမှုနှင့် ဆုံးဖြတ်ချက်ကို အလေးထားခြင်းနှင့် လိုက်နာဆောင်ရွက်ပေးခြင်း။

*(ဆက်လက်ဖော်ပြပါမည်)*

# စွန့်လွှတ်စွန့်စားသူတို့ ကွန်းခိုရာ ကရုဏာကမ္ဘာ ဘိုးဘွားရိပ်သာ

သံသရာငြိမ်းအေးစေတီတော်ကြီးအား ဖူးမြော်ရန် သူငယ်ချင်းများက လာရောက်ခေါ်ဆောင်၍ ကျွန်မလိုက်သွားဖြစ်ခဲ့သည်။ ဘုရားဂိတ်ပေါက်အရောက် ကားပေါ်က အဆင်းတွင်ပဲ ဂိတ်အဝတွင် "စွန့်လွှတ်စွန့်စားသူတို့၏ ကွန်းခိုရာဟူသော"စာတန်းကြီးကို အုတ်နံရံတွင် ရေးထားပြီး တစ်ဖက်တွင် "ကရုဏာကမ္ဘာ ဘိုးဘွားရိပ်သာ" ဟု ရေးထားသည်ကို တွေ့ရသည်။

စိတ်ဝင်စားသဖြင့် ဘိုးဘွားရိပ်သာ အုပ်ချုပ်သူအရာရှိ ဗိုလ်မှူးသောင်းမြင့်အား ဝင်ရောက်ဂါရဝပြုခွင့်ပြုချက်ယူပြီး ရုံးအဖွဲ့ ဒုတိယအုပ်ချုပ်ရေးမှူး ဗိုလ်ကြီးဝေဖြိုးဟိန်း(ငြိမ်း)နှင့် တွေ့ဆုံသည့်အခါ ဗိုလ်ကြီးက စွန့်လွှတ်စွန့်စားသူတို့၏ ကွန်းခိုရာ ကရုဏာကမ္ဘာ ဘိုးဘွားရိပ်သာအကြောင်းကို ရှင်းပြသည်။ နိုင်ငံတော်အတွက် သက်စွန့်ကြိုးပမ်း နှစ်ရှည်လများ တာဝန်ထမ်းဆောင်ခဲ့ကြသည့် စစ်သည်တော်များနှင့် မိသားစုများ၏ ဘဝနောင်ရေး စိတ်အေးရစေရန်နှင့် နိုင်ငံနှင့် လူမျိုးအတွက် နောက်ဆံမတင်းဘဲ စွန့်လွှတ်စွန့်စား တာဝန်ထမ်းဆောင်မည့်သူများ တိုးပွားလာစေရန်ဖြစ်ကြောင်း ပြောပြသည်။

ကရုဏာကမ္ဘာဘိုးဘွားရိပ်သာ၌ လက်ခံနိုင်သည့် ဘိုးဘွားအရေအတွက်မှာ အဘိုး ၁၈၀၊ အဘွား ၁၂၀၊ ဘိုးဘွားစုံတွဲ ၂၈ နှင့် ကျဆုံး/ကိုယ်ခန္ဓာအစိတ်အပိုင်း စွန့်လွှတ်ခဲ့ရသူများ၏ မိသားစု ၇၂ စုဖြစ်ကြောင်း သိရသည်။ လက်ခံမည့် သတ်မှတ်ချက်များအနေဖြင့် အသက် ၆၀ ကျော်လွန်ပြီး ပင်စင်ခံစားနေသူများ၊ ပြစ်မှု/ပြစ်ဒဏ်ဖြင့် ထုတ်ပယ်ခံရခြင်းမဟုတ်သူများ၊ စိတ်ပေါ့သွပ်သည်ဟုယူဆခြင်းမခံရသူများ၊ ကူးစက်ဝေဒနာရှင်မဟုတ်သူများ(ဥပမာ-တီဘီ)၊ နိုင်ငံရေးပါတီဝင်မဟုတ်သူများ၊ မှတ်တမ်း ဝင်သည့် အသက် ၆၀ ကျော် ဇနီးများဖြစ်ကြောင်း သိရသည်။ မှတ်ချက် - တိုက်ပွဲကျဆုံးနှင့် ကိုယ်ခန္ဓာအစိတ်အပိုင်း စွန့်လွှတ်ခဲ့ရသည့် (EA)



များနှင့် ၎င်းတို့၏ ကျန်ရစ်သူ မိသားစုများအတွက်မူ အသက်ကန့်သတ်ချက်မရှိကြောင်း သိရသည်။

ဘိုးဘွားရိပ်သာတွင် တွေ့ရသော အသက် ၇၈ နှစ်အရွယ် အဘွားဒေါ်အုန်းမေက ၎င်း၏အမျိုးသားမှာ တပ်မတော်မှ ခွဲတပ်ကြပ်ကြီးတစ်ဦးဖြစ်ပြီး ၎င်းကွယ်လွန်ပြီးနောက် ရန်ကုန်မြို့တွင်နေထိုင်စဉ် တီဗွီမှ ကြော်ငြာတွေ့ရှိသဖြင့် ၂၀၁၆ ခုနှစ် နိုဝင်ဘာလအတွင်းက ဘိုးဘွားရိပ်သာသို့ ရောက်ရှိလာခြင်းဖြစ်ကြောင်း ပြောပြသည်။

အဘိုးတစ်ဦးဖြစ်သည့် ဦးစိန်သောင်းမှာလည်း တပ်မတော်မှ တပ်ကြပ်ကြီးတစ်ဦးဖြစ်ပြီး ၂၀၁၆ ခုနှစ် ဒီဇင်ဘာလအတွင်းက စစ်မှုထမ်းဟောင်းအဖွဲ့မှတစ်ဆင့် ဆက်သွယ်ပြီး ရောက်လာခြင်းဖြစ်ကြောင်း ပြောပြသည်။ အခြား အဘိုးတစ်ဦးဖြစ်သည့် ဦးလိန်းကီးမှာ ချင်းတိုင်းရင်းသား တပ်မတော်သားတစ်ဦးဖြစ်ခဲ့ပြီး ၁၉၈၃ ခုနှစ်က မိုင်းထိ၍ ခြေထောက်ဖြတ်ခဲ့ရကာ လက်ရှိအချိန်တွင် ခြေတုတပ်ဆင်ထားသည်။

တပ်ကြပ်ကြီး(ငြိမ်း) ဦးကျော်ရွှေနှင့် ဇနီး ဒေါ်တင်ဆွေဝင်းတို့မှာလည်း ရန်ကုန်၌ နေထိုင်စဉ် ဘိုးဘွားရိပ်သာ၌ ပင်စင်စားစုံတွဲများလက်ခံကြောင်း တီဗွီမှ တွေ့ရသဖြင့် ဘုရင့်နောင်စစ်ကြောရေးမှတစ်ဆင့် ရောက်ရှိလာခြင်းဖြစ်ကာ လက်ရှိနေထိုင်ရသည်မှာ စိတ်ချမ်းသာလှကြောင်း ပြောသည်။ ဗိုလ်ကြီး(ငြိမ်း) ဦးစံအောင်နှင့် ဇနီး ဒေါ်အုန်းခင်တို့ကလည်း ဘိုးဘွားရိပ်သာအကြောင်းကို ဖေ့စ်ဘုတ်လူမှုကွန်ရက်မှ သိခဲ့ရကြောင်း၊ မူလနေထိုင်ရာမှာ မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်မှဖြစ်ကြောင်း၊ ယခု ဘိုးဘွားရိပ်သာ၌ နေထိုင်ရသည်မှာ အစစအရာရာ အဆင်ပြေကြောင်း ပြောပြသည်။

ဘိုးဘွားရိပ်သာမှ တာဝန်ရှိသူတစ်ဦးဖြစ်သူ ဗိုလ်ကြီးဝင်းနောင်ဦး(DSMA)က ဆေးဝါးကုသမှုကို ဝါသနာပါသည်ကတစ်ကြောင်း၊ ဘိုးဘွားများကို မိမိ အဘိုးအဘွားလို သဘောထားသည်ကတစ်ကြောင်းကြောင့် ကရုဏာကမ္ဘာတွင် တာဝန်ထမ်းဆောင်ခြင်းဖြစ်ကြောင်း၊ ဘိုးဘွားများ နာမကျန်းဖြစ်လျှင် အလွန်စိတ်ပူရပြီး မသက်သာလျှင် ခုတင် ၁၀၀၀ ဆေးရုံသို့ ပို့ဆောင်ပေးကြောင်း၊ ရက်ရှည်နာမကျန်းဖြစ်လျှင် သိုက်ချောင်းရှိ အမှတ်(၂) တပ်မတော်ဆေးရုံသို့ ပို့ဆောင်ကုသပေးရကြောင်း ရှင်းပြသည်။

အငြိမ်းစားစစ်မှုထမ်းများ၊ တိုင်းပြည်အတွက် အသက်စွန့်လွှတ်ခဲ့သူများ၏ ကျန်ရစ်သူမိသားစုများအား စွန့်လွှတ်စွန့်စားသူတို့၏ နားခိုရာ ကရုဏာကမ္ဘာ ဘိုးဘွားရိပ်သာ၌ ပြုစုစောင့်ရှောက်ပေးနေမှုများကို စစ်မှုထမ်းဟောင်း အငြိမ်းစားများ သိရှိစေရန်အတွက် ဤဆောင်းပါးကို ရေးသားလိုက်ရခြင်းဖြစ်ပါသည်။ စွန့်လွှတ်စွန့်စားသူတို့၏ ကွန်းခိုရာ ကရုဏာကမ္ဘာ ဘိုးဘွားရိပ်သာသို့ ဆက်သွယ်လိုသော အငြိမ်းစားစစ်မှုထမ်းဟောင်းများအနေဖြင့် ကရုဏာကမ္ဘာ ဘိုးဘွားရိပ်သာ မြတ်မဂ်လာလမ်းနှင့် ရွှေကြာပင်လမ်းထောင့် ဒက္ခိဏသီရိမြို့နယ် နေပြည်တော် ဖုန်း- ၀၆၇-၀၁၀၂၈၈၈၊ ၀၉-၇၉၉၉၈၇၉၂၃၆ သို့ ဆက်သွယ်နိုင်ပါကြောင်း။ ။

**ဟသ်ာမြေ သက်ထားဝေ**

## ထားဝယ်မြို့၌ နှစ်ကျိုပ်ရှစ်ဆူလှည့်လည်ပူဇော်ပွဲ ကျင်းပမည်

**ထားဝယ် အောက်တိုဘာ ၂၇**

ထားဝယ်မြို့ ရွှေတောင်စားစေတီဘုရားကြီး (၁၀၈)ကြိမ်မြောက် တန်ဆောင်တိုင်ပွဲတော် နှစ်ကျိပ်ရှစ်ဆူ လှည့်လည်ပူဇော်ပွဲကြီးကို အောက်တိုဘာ ၃၀ ရက်မှ နိုဝင်ဘာ ၃ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ထားဝယ်မြို့၏ကျက်သရေဆောင် နှစ်ကျိပ်ရှစ်ဆူ မြတ်စွာဘုရားရုပ်ပွားတော်များ ဒေသစာရီ လှည့်လည်အပူဇော်ခံပွဲကို ကောဇာသက္ကရာဇ် ၁၂၇၁ ခုနှစ်မှစတင်ပြီး ကျင်းပလာခဲ့ရာ ယခုနှစ်ဆိုလျှင် ၁၀၈ နှစ်တိုင်တိုင် ရှိခဲ့ပြီဖြစ်ကြောင်း၊ နှစ်ကျိပ်ရှစ်ဆူ ဘုရားလှည့်လည်ပွဲတော်အတွက် နှစ်စဉ် တန်ဆောင်မုန်းလဆန်း ၁ ရက်နေ့တွင် မြို့ပေါ်ရပ်ကွက်များနှင့် အနီးပတ်ဝန်းကျင် ကျေးရွာများက ဘုရားတစ်ဆူစီကို ကြိုတင်ပင့်ဆောင်ကြ၍ သက်ဆိုင်ရာရပ်ကွက်နှင့် ကျေးရွာများ၏ အဓိကကျသည့်နေရာများတွင် အပူဇော်ခံထားရှိကာ စေတနာရှင်များက နေအိမ်များသို့ အလှည့်ကျပင့်ဆောင်၍ ဆွမ်း၊ ပန်း၊ ရေချမ်း၊ ပဒေသာပင်နှင့် ရွှေသင်္ကန်းများ ကပ်လှူပူဇော်ကြသည့် အစဉ်အလာများလည်းရှိကြောင်း သိရသည်။

ထို့နောက် ရုပ်ပွားတော်များကို တန်ဆောင်မုန်းလဆန်း ၁၀ ရက်နေ့တွင် ရွှေတောင်စားစေတီ ဘုရားကြီးဝင်း ယာယီဂန္ဓကုဋိအဆောင်တော်သို့ ပြန်လည်ပင့်ဆောင်ကြကာ တန်ဆောင်မုန်းလပြည့်နေ့အထိ ယာယီစံကျောင်းတော်ဖြင့် ထားရှိအပူဇော်ခံပြီး တန်ဆောင်းမုန်းလဆန်း ၁၄ ရက်တွင် ဘုရားကြီးဝင်းအတွင်းမှ ထားဝယ်မြို့တွင်းသို့ ဒေသစာရီကြွချီ လှည့်လည်အပူဇော်ခံမည်ဖြစ်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

## ဝမ်တာကြန့်ကျေးရွာတွင် ရိုးရာဓလေ့ ဆင်ဆွဲပွဲတော် စည်ကားစွာကျင်းပ

**မိုင်းယု အောက်တိုဘာ ၂၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းယုမြို့ပေါ်နှင့် ကျေးလက်ဒေသရှိ ဒေသခံရှမ်းတိုင်းရင်းသားတို့သည် ဒေသဖွံ့ဖြိုးတိုးတက်လာစေရေး၊ ဆန်ရေစပါး၊ ကောက်ပဲသီးနှံ ပေါများရေး၊ စီးပွားလာဘ်လာဘ တိုးတက်ကောင်းမွန်ရေးနှင့် သဘာဝဘေးကပ်ဆိုးများ ဆိုက်ကပ်မှုမရှိစေရေးတို့အတွက် ရည်စူး၍ တစ်နှစ်လျှင် တစ်ရွာစီဖြင့် နှစ်စဉ်ကျင်းပလေ့ရှိသည့် ရိုးရာဓလေ့ ဆင်ဆွဲပွဲတော်ကို ယခုနှစ်တွင် ဝမ်တာကြန့်ကျေးရွာအုပ်စု ဝမ်တာကြန့်ကျေးရွာရှိ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်းအတွင်း၌ အောက်တိုဘာ ၂၆ နှင့် ၂၇ ရက်က စည်ကားစွာ ကျင်းပခဲ့သည်။



ဆင်ဆွဲပွဲတော်အတွက် ပြင်ဆင်ထားသော ဆင်ရုပ်များ

ဆင်ဆွဲပွဲတော်ကို တစ်နှစ်လျှင်တစ်ရွာစီဖြင့် ကျင်းပရာ အလှည့်ကျသည့် ရပ်ကွက်၊ ကျေးရွာများမှ တိုင်းရင်းသားတို့က အစုအဖွဲ့လိုက် ဆင်ရုပ်များ ကြိုတင်ပြင်ဆင်ပြုလုပ်ထားရပြီး အလှူပွဲကျင်းပသည့်နေ့ရက်၌ ယင်းဆင်ရုပ်များပေါ်တွင် မိမိတို့ စိတ်စေတနာသဒ္ဓါတရားထက်သန်သရွေ့ စုပေါင်းလှူဒါန်းထားသည့် လှူဖွယ်ဝတ္ထုပစ္စည်းများဖြင့် အလှတန်ဆာဆင်ကာ ထိုဆင်ရုပ်ကို ကြိုးများဖြင့်ချည်ဆွဲ၍ လှည့်လည်ပြသပြီး ကျောင်းတိုက်သို့ ပို့ဆောင်လှူဒါန်းရသည့် ရိုးရာဓလေ့ပွဲတော် တစ်ခုဖြစ်သည်။

ဆင်ဆွဲပွဲတော်ကျင်းပချိန်တွင် အလှူပွဲသို့ လာရောက်လည်ပတ်သော ဧည့်သည်တော်များအား ဒေသခံတိုင်းရင်းသားအလှူရှင်များက ရိုးရာအစားအသောက်များ ပျူငှာစွာ တည်ခင်းဧည့်ခံကျွေးမွေးကာ ညပိုင်းတွင် တိုင်းရင်းသားတို့၏ ရိုးရာအကအလှများဖြင့် ဖျော်ဖြေတင်ဆက်ပေးကြရာ ယင်းပွဲတော်ရက်အတွင်း ဈေးသည်များ၊ လာရောက်လည်ပတ်သူများ၊ ဒေသခံပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ရှမ်းတိုင်းရင်းသားတို့၏ ရိုးရာဓလေ့ ဆင်ဆွဲပွဲတော် ကျင်းပခြင်းအကြောင်းရင်းမှာ ဘုရားလောင်း ဝေဿန္တရာ မင်းဖြစ်စဉ်က ကလိင်္ဂရာဇ်မင်း၏တိုင်းပြည်၌ မိုးခေါင်ရေရှား အစာငတ်ဘေးဆိုက်ကပ်မှုဖြစ်ခဲ့စဉ် ထိုဘေးမှလွတ်ရန်အတွက် ဝေဿန္တရာမင်းကြီး၏ ပစ္စယ ဆင်ဖြူတော်ကို သွားရောက်အလှူခံခဲ့ရာ ဝေဿန္တရာမင်းကြီးက မိမိ၏ဆင်ဖြူတော်ကို ကြည်ဖြူစွာဖြင့် ပေးလှူခဲ့ပြီး ကောင်းချီးပေးခဲ့ရာ မဟာပထဝီမြေကြီး တုန်လှုပ်သွားစေခဲ့သည်။ ထိုအချိန်၌ပင် ကလိင်္ဂရာဇ်မင်း၏တိုင်းပြည်၌ မိုးများရွာသွန်းကာ ဆန်ရေစပါး ပေါကြွယ်ဝ၍ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်လာခဲ့သည်။

အဆိုပါဇာတ်တော်နှင့် စပ်လျဉ်း၍ ဒေသခံတိုင်းရင်းသားတို့ကလည်း မိမိတို့၏ မြို့ ကျေးရွာများတွင် ဒေသဖွံ့ဖြိုးတိုးတက်လာစေရန်၊ ဆန်ရေစပါး၊ ကောက်ပဲသီးနှံများ အောင်မြင်၍ စီးပွားရေးလာဘ်လာဘ ကောင်းမွန်စေရန်၊ သဘာဝဘေးကပ်ဆိုးများ ကျရောက်မှုမရှိစေရန်အတွက် အလားတူ အလှူမျိုးဖြစ်သည့် ဆင်ရုပ်များကို ပြုလုပ်၍ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆင်ယင်ထည့်သွင်းလှူဒါန်းကြရာမှ အစပြုကာ ရိုးရာဓလေ့ ဆင်ဆွဲပွဲတော်ဖြစ်ပေါ်လာခဲ့ခြင်းဖြစ်ကြောင်း၊ ထို့နောက် တာချီလိတ်မြို့ နဂါးနှစ်ကောင်ကျောင်းတိုက်ဆရာတော် မိုင်းယုမြို့သို့ ရောက်ရှိစဉ်က မြို့ပေါ်နှင့် ရပ်ကွက်၊ ကျေးရွာများတွင် ဤအလှူပွဲကို တစ်နှစ်လျှင် တစ်ရွာစီ အလှည့်ကျပြုလုပ်လှူဒါန်းပေးကြရန် မိန့်ကြားတော်မူခဲ့ရာမှစ၍ မိုင်းယုမြို့တွင် ရပ်ကွက်နှင့် ကျေးရွာများ အလှည့်ကျနှစ်စဉ်ကျင်းပသည့် ဆင်ဆွဲပွဲတော်ကို ကျင်းပလာခဲ့ခြင်းဖြစ်ကြောင်း မြို့မိမြို့ဖတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

**ကိုကိုနိုင်(ပြန်/ဆက်)**

## အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်တန်းဆင်း

**မော်လမြိုင် အောက်တိုဘာ ၂၇**

မော်လမြိုင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကကြီးမှူး၍ ရေးမြို့နယ် ဝက်စွယ်ဖြူကျေးရွာ၌ ဖွင့်လှစ်ခဲ့သော အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းများ၏ သင်တန်းဆင်းပွဲကို အောက်တိုဘာလ တတိယပတ်အတွင်းက ကျင်းပ ခဲ့သည်။

သင်တန်းဆင်းပွဲတွင် မော်လမြိုင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးရဲဝင်းနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။ ဖွင့်လှစ်ခဲ့သည့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းများမှာ စွပ်ကျယ်တံဆိပ်ရိုက်နည်းသင်တန်း၊ ဆပ်ပြာနှင့် ခေါင်းလျှော်ရည်ချက်လုပ်နည်းသင်တန်း၊ ယိုထိုးနည်း၊ ဆိုင်ကယ်စက်ပြုပြင်သင်တန်း၊ မွေးမြူရေးနှင့် စိုက်ပျိုးရေးပညာပေးသင်တန်းတို့ဖြစ်ပြီး သင်တန်းများသို့ သင်တန်းသား သင်တန်းသူ ၆၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ဗထူး**

**ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် အမှတ်(၁၅) ရပ်ကွက်မှ ရပ်မိရပ်ဖများနှင့် ပြည်သူများအား မှုခင်းကျဆင်းရေး၊ သက်ငယ်မုဒိမ်းမှုပပျောက်ရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးနှိမ်နင်းရေးတို့နှင့်ပတ်သက်၍ ပညာပေးဟောပြောပွဲကို ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ အောက်တိုဘာ ၂၃ ရက်က ပြုလုပ်ရာ လှိုင်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးနေဝင်း ဟောပြောဆွေးနွေးစဉ်** မီးမီး(လှိုင်)




## ဒုတိယအကြိမ် နိုင်ငံတကာ စိုက်ပျိုးရေးနှင့် မွေးမြူရေးပြပွဲ မန္တလေးမြို့၌ကျင်းပ

**မန္တလေး အောက်တိုဘာ ၂၇**

ငွေပင်လယ်မီဒီယာနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်(မန္တလေးတိုင်းဒေသကြီး)တို့ ပူးပေါင်း၍ ဒုတိယအကြိမ် မန္တလေး နိုင်ငံတကာ မွေးမြူရေးနှင့် စိုက်ပျိုးရေးပြပွဲ ၂၀၁၇ ဖွင့်ပွဲကို အောက်တိုဘာ ၂၅ ရက်က မန္တလေးမြို့တော်ခန်းမ၌ ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦး၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ အမျိုးသားလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုကော်မတီ အတွင်းရေးမှူး ဒေါက်တာဝင်းမြင့်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မန္တလေးမြို့အခြေစိုက် အိန္ဒိယနိုင်ငံကောင်စစ်ဝန်ချုပ် Mr.Nandan Singh Bhaisora၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်(မန္တလေးတိုင်းဒေသကြီး)ဥက္ကဋ္ဌ ဒေါက်တာကျော်ထင်နှင့် အဖွဲ့ဝင်များ၊ ငွေပင်လယ်မီဒီယာမှ အယ်ဒီတာချုပ် ဦးဇာနည်တင်မြင့်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။




ပြပွဲတွင် မွေးမြူရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းရှင်များ၊ ကုမ္ပဏီများက ဆိုင်ခန်းပေါင်း ၈၅ ခန်း ဖွင့်လှစ်ပြသကြပြီး ပြသထားသော မွေးမြူရေးနှင့် စိုက်ပျိုးရေးဆိုင်ရာ ဆေးဝါးများ၊ အသုံးအဆောင်ပစ္စည်းများနှင့် စက်ပစ္စည်းကိရိယာများကို ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးကြသည်။ ပြပွဲကို အောက်တိုဘာ ၂၇ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅နာရီအထိ ဖွင့်လှစ်ပြသပြီး ပြပွဲရက်များအတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းရှင်များအတွက် ခေတ်မီနည်းပညာရပ်များကို သက်ဆိုင်ရာပညာရှင်များနှင့် လုပ်ငန်းရှင်များက ဆွေးနွေးဟောပြောသည့် အစီအစဉ်များလည်း ပါဝင်ခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်စွမ်း)**

# ထီရောင်းပြီး ဘဝကို ကြိုးစားရှန်းကန်ရင်း

## Mrs Beauty Empress Myanmar 2017

# ဝင်ရောက်ယှဉ်ပြိုင်သူ ဒေါ်သဲနုအောင်

**ရန်ကုန် အောက်တိုဘာ ၂၇**

ဒေါပုံမြို့နယ် သဘော်ကျင်းရပ်ကွက် ရန်ကုန်မြို့နေ ဒေါ်သဲနုအောင် အသက်(၅၄) နှစ်ဟာဆိုရင် တက္ကသိုလ်ဝင်တန်း တက်ရောက်နေသည့် သမီးငယ်လေးနှင့်အတူ ဘဝကို ရိုးသားစွာ ဖြတ်သန်းနေထိုင်ပြီး ဝမ်းရေးအတွက် ထီရောင်းချခြင်းလုပ်ငန်းကို လုပ်ကိုင်နေသူဟုသိရသည်။ ငယ်စဉ်ကတည်းက အလှအပကို စိတ်ဝင်စားမှုရှိခဲ့ရာ ဘဝမှာ ပြည့်စုံမှုတွေမရှိသော်လည်း ရှိသည့်ဘဝလေးတွင် ပျော်ရွှင်စွာ ဖြတ်သန်းနေထိုင်နေသူဖြစ်သည်။ သူ၏ အဖြစ်ချင်ဆုံးဘဝ ဆန္ဒတွေကဖြင့် အသက်အရွယ်နှင့် လိုက်ဖက်သော အလှမယ်တစ်ဦးဖြစ်နိုင်ရန်ဟု စိတ်ဆုံးဖြတ်ထားကြောင်း သိရသည်။

"သားအမိနှစ်ယောက်တည်း ရုန်းကန်နေတာကြာပါပြီ၊ အမျိုးသားမရှိကတည်းက ပေါ့လေ၊ သမီးလေးကို ပြုစုပျိုးထောင်ပေးဖို့ အဒေါ်မှာ တာဝန်ရှိတယ်လေ၊ ကိုယ်တိုင်လည်း ဘဝကိုလှအောင် ဖန်တီးနေထိုင်တယ်၊ သမီးလေးကိုလည်း လူလှဖို့ထက် စိတ်လှဖို့ကို အဓိကထား ဆုံးမပါတယ်၊ အပေါ်ယံ အရေပြားအလှကတော့ ဒုတိယနေရာမှာပေါ့၊ ဒါပေမယ့် လူတစ်ယောက်နဲ့တစ်ယောက် ဆက်ဆံတဲ့အခါ Face to Face လေ။ အဲ့တော့ အဒေါ်က မျက်နှာလေးကိုရော ခန္ဓာကိုယ်ကိုပါ အမြဲကျန်းမာအောင်နေတယ်၊ စားသောက်တယ်၊ မျက်နှာကိုလည်း သဘာဝပစ္စည်းလေးတွေနဲ့ပဲ ခြယ်မှုန်းပါတယ်၊ ဒါတောင် ပြိုင်ပွဲရှိလို့ မိတ်ကပ်တွေဘာတွေ လိမ်းတာပါ။ အဒေါ့်အနေနဲ့ ငွေကြေးကလည်း ကိုယ့်အတွက်တော့ လုံလောက်အောင်သုံးစွဲတာမို့ ရှာတာနဲ့ ထွက်တဲ့ငွေက မျှတပါတယ် "ဟု ပြောသည်။




သူ့အနေဖြင့် အလှမယ်ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ဖို့အတွက် စိတ်ဆန္ဒရှိခဲ့သော်လည်း မိမိထက် ငယ်ရွယ်နုပျိုသူတွေရှိတာမို့ သိမ်ငယ်စိတ်ဖြစ်မိကြောင်း၊ ထို့ကြောင့် ပြိုင်ပွဲဝင်ဖို့ စိုးထိတ်မိကြောင်း၊ သမီးငယ်၏ တိုက်တွန်းမှုကြောင့်နှင့် ပတ်ဝန်းကျင်မှ မိတ်ဆွေများ၏ အားပေးမှုကြောင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး Talent Show ကို မေဆွိ၏ တေးသီချင်းဖြင့် ယခုလ ၂၃ ရက်က ရန်ကုန်မြို့ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ Central Hotel တွင် Myanmar Beauty Pageant Devotion Organization မှ ကြီးမှူးကျင်းပသော ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

"ပြိုင်ပွဲ ပြိုင်မယ်ဆိုတော့ အဒေါ်က ဟိုတုန်းကတည်းက အစားအသောက်ကို သတိလေးနဲ့ စားတာဆိုတော့ ထွေထွေထူးထူး လုပ်နေစရာမလိုပါဘူး၊ အဆီအအိမ့်လည်း ရှောင်တယ်၊ အချိုမှုန့်နဲ့ အခြားအစားအသောက်တွေကအစ အားလုံးရှောင်သင့်တာလေး ရှောင်တယ်၊ ဒီလောက်ပါပဲ၊ ဒီပွဲစပြိုင်မယ်ဆိုကတည်းက လမ်းလျှောက်ပုံ လျှောက်နည်းတွေ၊ ဝတ်စား၊ နေထိုင်မှုပုံစံတွေကအစ အားလုံး ဒီအော်ဂနိုက်ဇေးရှင်းကပဲ သင်ကြားပေးပါတယ်၊ ဒီပြိုင်ပွဲက အန်တီအတွက် ဒုတိယမြောက် ယှဉ်ပြိုင်တဲ့ပွဲလေးပါ၊ ပထမဆုံးအနေနဲ့ Golden Land Myanmar 2016 မှာလည်း ပြိုင်ခဲ့ဖူးပါတယ်၊ ဒီလိုပြိုင်ပွဲတွေပြိုင်လို့ အဒေါ့်အနေနဲ့ ဆုရသည် မရသည်က အဓိကမကျပါဘူး၊ ပြိုင်နေရတယ်ဆိုတာကိုပဲ ကျေနပ်ပါတယ်၊ တစ်ခါတလေ စိတ်ပျော်ရွှင်မှုလေး ဖြစ်စေတာပေါ့နော်၊ ရုန်းကန်လှုပ်ရှားနေရတဲ့ ဘဝကလည်း ပင်ပန်းခက်ခဲတယ်လေ၊ ထီလည်းရောင်းတယ်၊ ပြီးတော့ လမ်းဘေးမှာ ထမင်းဆိုင်လေး ဖွင့်ထားတယ်"ဟု ပြောသည်။

ယခင်က အလှမယ်ပြိုင်ပွဲများဆိုလျှင် လှပနေသူများကိုသာ ဝင်ရောက်ယှဉ်ပြိုင်စေခြင်းဟုသိရပြီး ငယ်စဉ်ကမိမိအနေနှင့် မလှခဲ့သောကြောင့် မပြိုင်ဖြစ်ခဲ့ကြောင်း၊ ယခုအချိန်တွင် အိမ်ထောင်ရှင်မတွေ၏ အရည်အချင်းကို အဓိကထား ရွေးချယ်ကျင်းပသောကြောင့် ဝင်ရောက်ယှဉ်ပြိုင်ဖြစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ကိုလင်း**

# မိဘများအနေဖြင့် ကလေးများအား အားကစားလုပ်ဆောင်ရန် ပံ့ပိုးပေးဖို့ ထားထက်ထက် တိုက်တွန်း



**ရန်ကုန် အောက်တိုဘာ ၂၇**

အသက်ကိုးနှစ်သမီး အရွယ်ကစပြီး ပညာရေးထက်၊ အားကစားဘက်ကို ထူးချွန်ခဲ့သူ အလှမယ် ထားထက်ထက်အနေဖြင့် လက်ရှိတွင် အလှမယ်ပြိုင်ပွဲတွေ ဆက်လက် ယှဉ်ပြိုင်လိုမှုမရှိဘဲ အားကစားနှင့် ပတ်သက်သော Program တစ်ခု ပြုလုပ်နေကြောင်း သိရသည်။

"အစီအစဉ်နဲ့ပတ်သက်လို့ ရိုက်ကူးရေးတွေစတင်ပြုလုပ်နေပါတယ်၊ ဘယ်ရုပ်သံလိုင်းမှာ ထုတ်လွှင့်မယ်ဆိုတာတော့ သေချာမသိရသေးပါဘူး၊ အားကစားနဲ့ ပတ်သက်လို့ ကိုယ်တိုင်သင်တန်းဖွင့်ပြီး သင်ကြားပေးနေတာတော့ရှိတယ်၊ ထားထက်ထက်က စနေ၊ တနင်္ဂနွေ လိုနေ့တွေမှာဆိုရင် ကလေးတွေကို ညီမရဲ့အစ်မက လက်ဝှေ့နဲ့ ပတ်သက်တာတွေ သင်ကြားပေးတယ်၊ ညီမက ကျွမ်းဘားကို သင်ပေးတယ်၊ မိခင်တွေကလည်း ကလေးငယ်တွေကို ဂိမ်းတွေပဲ ဆော့ခိုင်းမယ့်အစား၊ ကျူရှင်တွေပဲပို့နေမယ့်အစား တစ်ပတ်မှာ တစ်ရက်လောက် အားကစားလုပ်ဖို့ အချိန်ပေးသင့်ပါတယ်။

"ညီမငယ်ငယ်ကဆို ကာယအချိန်ဆိုတာများတယ်ပေါ့နော်။ ကာယအချိန် သီးသန့်ရှိတယ်၊ ကစားရတယ်။ အခု နောက်ပိုင်းကလေးတွေက အားကစားလှုပ်ရှားမှု အလွန်နည်းလာကြတယ်။ ကျောင်းမှာရော အပြင်မှာပါ လှုပ်ရှားမှုနည်းလာတဲ့အခါကျတော့ သူတို့အတွက် အားကစားကို ထားထက်အနေနဲ့ Promote လုပ်ချင်တယ်။ ကလေးတွေမှာ တစ်နေ့တစ်နေ့ ကျောင်းစာရယ်၊ ကျူရှင်ရယ်ပဲရှိတယ်၊ အားတဲ့အချိန် ဆော့စရာဆိုလို့ ဖုန်းနဲ့ ဂိမ်းဆော့တာဆိုတော့ Pressure တွေ အလွန်များလာကြတယ်။ အဲ့ဒါကြောင့် ထားထက်ကလည်း အားကစားကို ပိုပြီးတော့ Promote လုပ်ချင်တယ်။ ကိုယ်တိုင်ကလည်း လက်ရှိမှာ ကျွမ်းဘားသင်နေတာဖြစ်တဲ့အတွက် နောက်တက်လာမယ့် ကလေးတွေကို အလွန်တော်စေချင်တယ်၊ အောင်မြင်စေချင်တယ်။ ဒါကြောင့် ဒီလို အစီအစဉ်လေးလုပ်ဖြစ်တာပါ" ဟု ပြောသည်။

အသက်ကိုးနှစ်ကတည်းက ပညာရေးထက် အားကစားဘက်ကို ပိုလုပ်ခဲ့ရသည့်၊ ထားထက်ထက်ကတော့ ပြည်ပပြိုင်ပွဲတွေအထိပါ သွားရောက်ယှဉ်ပြိုင်ခဲ့ရတာဖြစ်ပြီး ပညာရေးထက် အားကစားကို ပိုလုပ်ဖြစ်ခဲ့တာကြောင့် လက်ရှိခံစားနေရတဲ့ အကျိုးတွေကိုလည်း ပြောသည်။

"လက်ရွေးစင် ဖြစ်လာတဲ့အခါကျတော့ Training တွေ ပိုလုပ်ရတာ အလွန်ပင်ပန်းတယ်။ နိုင်ငံခြားကို သွားရတဲ့ အခါကျရင် သုံးလ၊ ငါးလကြာတဲ့အခါ အိမ်ကိုလည်းလွမ်းတယ်၊ မကစားချင်တော့ဘူး။ အလွန်ပင်ပန်းတယ်ဆိုတဲ့ စိတ်တွေဖြစ်လာတယ်။ ကိုယ်က အလုပ်တစ်ခုကိုလုပ်ပြီဆိုရင် အစအဆုံး အကောင်းဆုံးဖြစ်အောင် ကြိုးစားတယ်။ အဲ့ဒီအကျိုးတွေက ကြီးလာတဲ့အခါမှာ ကိုယ့်ကိုယ်ကိုယ် Strong ဖြစ်တယ်။ တခြားမိန်းကလေးတွေထက်စာရင် ခန္ဓာကိုယ်ပိုင်းဆိုင်ရာ Strong ဖြစ်တယ်။ စိတ်ပိုင်းဆိုင်ရာ Confidence က ပိုပြီးတော့ရှိတယ်။ ဘယ်အရာမဆို လုပ်ကိုင်လုပ်ရဲတဲ့ စိတ်ကရှိတယ်။ အခုလက်ရှိ ကိုယ်ကိုယ်တိုင် ကလေးတွေ ကို သင်ပေးနေရတဲ့အတွက် ပိုပြီးတော့ မြင်ရတယ်"ဟု ထားထက်ထက်က ပြောသည်။

**ကိုလင်း**

# လိုရာဆု စီးရီးပြီးတာနှင့် ကော်ပီသီဆိုမှုကို ရပ်တန့်လိုက်မည့်

## အဆိုတော် ဆုန်သင်းပါရ်

**ရန်ကုန် အောက်တိုဘာ ၂၇**

ဂီတလောကထဲတွင် "ကမ္ဘာကြီးက ကျဉ်းလွန်းတယ်" သီချင်းနှင့် ပရိသတ်များကို ဆွဲဆောင်နိုင်ခဲ့သူ၊ ဂီတသက်တမ်း ၁၅ နှစ်အတွင်း တစ်ကိုယ်တော်ခွေပေါင်း ယခုနောက်ဆုံးထွက်ရှိမည့် "လိုရာဆု"စီးရီးအပါအဝင် ငါးခွေထွက်ရှိထားခဲ့သူ ဆုန်သင်းပါရ်က စထွက်ခဲ့သည့် စီးရီးကတည်းက ယခုအချိန်အထိ ကိုယ်ပိုင်သံစဉ်သီချင်းတွေ ပါဝင်သီဆိုခဲ့ခြင်းမရှိသည့်အပေါ် သုံးသပ်ပြောကြားလာခဲ့သည်။

"အခုခွေက နောက်ဆုံး ကော်ပီခွေဆိုလည်း မမှားပါဘူး၊ အစ်မအနေနဲ့ ဒီခွေကတော့ နောက်ဆုံး ကော်ပီသီချင်းဆိုခြင်းပါပဲ၊ ဒီအခွေပြီးလို့ နောက်ထွက်မယ့် အခွေကျရင်တော့၊ အားလုံးကိုယ်ပိုင်သံစဉ် သီချင်းတွေချည်းပဲ သုံးသွားမှာပါ၊ အမှန်အတိုင်း ပရိသတ်ကိုချပြတာဘယ်အဆိုတော်မဆို ကိုယ်လုပ်လိုက်တဲ့ သီချင်းတွေကို၊ ပရိသတ်ကြား ပျံ့နှံ့သွားတယ်ဆိုရင် အလွန်ပျော်ပါတယ်၊ ကြိုက်တယ်ဆိုရင် ကိုယ့်ရဲ့လုပ်ဆောင်ချက်ပေါ်မှာ အသိအမှတ်ပြုတာခံရတယ်ဆိုပြီးတော့ ပျော်တာပါ၊ ဒီတစ်ခွေလုံးက ကော်ပီတွေချည်းပါပဲ၊ အခွေမှာလည်း ကိုယ့်အသက်အရွယ်နဲ့ မလိုက်ဖက်တဲ့ သီချင်းတွေတော့ မပါပါဘူး၊ လေးလေးနက်နက်နဲ့ ဖန်တီးထားတာပါ၊ တော်တော်များများက ကိုအင်ဲရေးတဲ့ သီချင်းလေးတွေပါတယ်၊ သီချင်းကိုရေးတဲ့အခါ အဓိပ္ပာယ်လေးတွေကအစ အားလုံးလေးနက်ကြပါတယ်၊ ဒီအခွေလေးကို ကျေနပ်အားရပါတယ်၊ ကော်ပီဆိုပေမယ့် မလွယ်ပါဘူး။ သီချင်းတွေက တီးရတာမလွယ်ဘူး၊ ခက်တယ်၊ မူရင်းနဲ့ ကွာသွားမှာကို သတိထားတီးရတယ်၊ ဆိုရတယ်လေ၊ တချို့သီချင်းတွေဆိုရတာဆို ကီးဆိုလည်း ဘယ်နဲ့ ညာနဲ့ အလွန်ဟတဲ့ သီချင်းမျိုးပါ၊ ကြယ်စဉ်ရဲ့လမ်း သီချင်းလိုမျိုးဆို မလွယ်ဘူး၊ ပထမတုန်းကဆို ဒီသီချင်းကို ဆိုနိုင်ပါ့မလားလို့ တွေးမိတယ်၊ ပေ့ါပ်သီချင်းဖြစ်နေတော့လေ၊ အလွန်ကို ကြိုးစားသေချာလေ့ကျင့်ပြီး ဆိုခဲ့တာပါ"ဟု ပြောသည် ။



၎င်းအနေဖြင့် ကန်ထရီးသီချင်းများနှင့် ရော့ခ်သီချင်းတွေကိုသာ အဆိုများသူတစ်ယောက် ဖြစ်တာကြောင့် ပေ့ါပ်သီချင်းတွေအတွက် အခက်အခဲအနည်းငယ်ရှိခဲ့ကြောင်း၊ "လိုရာဆု"အခွေကိုလည်း တေးရေးဆရာ အင်ဲ၊ မင်းချစ်သူ၊ စောခူဆဲလ်၊ မြင့်မိုးအောင်တို့က ရေးသားထားကြပြီး တေးသီချင်း ၁၁ ပုဒ်ပါဝင်ကြောင်း သီချင်းခွေအတွက် သုံးနှစ်နီးပါး အချိန်ယူပြင်ဆင်ခဲ့ရပြီး သီချင်းခွေများကိုလည်း နှစ်နှစ်တစ်ခွေ ပုံမှန်ထွက်ရှိနိုင်ရန် ကြိုးစားသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုလင်း**

# ရုပ်ရှင်ရုံ ၂၅ ရုံ နှစ်မကုန်ခင် တည်ဆောက်မည် ကုန်ကျမှုငွေ ဒေါ်လာလေးသန်း ခန့်မှန်း

**ရန်ကုန် အောက်တိုဘာ ၂၇**

ပြည်တွင်းရုပ်ရှင်ရုံများကို အဆင့်မြှင့်တင်မှု လုပ်ဆောင်ခဲ့ပြီး ကြည့်ရှုသူပရိသတ်များ အဆင်ပြေရန်နှင့် မြန်မာ့ရုပ်ရှင်လောက တိုးတက်စေရန်ရည်ရွယ်၍ Clover Solution Myanmar နှင့် MAZE Co., Ltd တို့ ပူးပေါင်းတည်ဆောက်သည့် ရုပ်ရှင်ရုံ ၁၀၀ စီမံကိန်းကို အကောင်အထည်ဖော်နေပြီး ယခုနှစ်ထဲတွင် ကနဦးအနေဖြင့် ရုပ်ရှင်ရုံ ၂၅ ရုံခန့် ပြီးစီးမည် ဟု သိရသည်။

"စီမံကိန်းအတွက် လိုအပ်သော ငွေကြေးကို ကမ္ဘောဇကုမ္ပဏီက ပံ့ပိုးကူညီထားပါတယ်။ အနုပညာရှင်အချို့လည်း ရှယ်ယာပါဝင်ထားကြပါတယ်၊ ရုပ်ရှင်ရုံတွေက ဆောက်လုပ်နေဆဲ အနေအထားပါ။ အကုန်တော့ မပြီးနိုင်သေးပါဘူး။ ပြီးစီးမှုအနေအထားကို ပြောရမယ်ဆိုရင် ဒီနှစ်ထဲမှာတော့ ရုပ်ရှင်ရုံက ၂၀၊ ၂၅ လောက်ပဲ ပြီးတော့မှာပါ။ ရာခိုင်နှုန်းအားဖြင့်ဆိုရင်တော့ ၂၅ ရာခိုင်နှုန်းပြီးစီးပြီပေါ့"ဟု MAZE Co., Ltd. ဥက္ကဋ္ဌ ဦးလွင်မိုးက ပြောသည်။

ရုပ်ရှင်ရုံ ၁၀၀ စီမံကိန်းကို ရုပ်ရှင်ရုံမရှိသေးသည့် မြို့နယ်များကို ဦးစားပေးတည်ဆောက်သွားမည်ဖြစ်ပြီး အောင်ပန်းနှင့် တိုက်ကြီးမြို့တို့တွင် ပထမဆုံး ဆောက်လုပ်ခဲ့ကြောင်း၊ ဆောက်လုပ်မည့် ရုပ်ရှင်ရုံသို့ လူဝင်၊ မဝင်ကို ရုပ်ရှင်ကားပေါ်မူတည်ပြီး အရည်အသွေးကောင်းသော ရုပ်ရှင်ဖြစ်ရေး ထုတ်လုပ်သူများအပေါ်သာ မူတည်ကြောင်း၊ Clover Solutions မန်နေဂျင်း ဒါရိုက်တာ ဦးဇင်အောင်စိုးက ပြောသည်။

ယင်းတို့အနေဖြင့် ရုပ်ရှင်လက်မှတ်ရောင်းရာမှ ရရှိသောငွေကိုလည်း ထုတ်လုပ်သူများနှင့် ရုံပိုင်ရှင် ညှိနှိုင်းကာခွဲယူမည်ဖြစ်ပြီး ရုပ်ရှင်ရုံတစ်ရုံအတွက် အသုံးပြုငွေအနေဖြင့် ငွေကျပ်သိန်းနှစ်ထောင်ဖြစ်ပြီး ရုပ်ရှင်ရုံ ၁၀၀ အတွက် ခန့်မှန်းတန်ဖိုး ဒေါ်လာလေးသန်းခန့် ကုန်ကျမည် ဖြစ်ကာ ရုပ်ရှင်ရုံတစ်ရုံတွင် ထိုင်ခုံ ၃၁၆ ခုံပါဝင်မည်ဟု သိရသည်။

**ကိုလင်း**

## အမေရိကန်ရက်ပ်ပါ အေမီနမ် မူပိုင်ခွင့်ကိစ္စတွင်အနိုင်ရ



အမေရိကန်ရက်ပ်ပါအဆိုတော်အေမီနမ်၏၂၀၀၂ ခုနှစ်က လူကြိုက်များခဲ့သော "lose Yourself" သီချင်းနှင့် ဆင်တူသီချင်းကို နယူးဇီလန်နိုင်ငံရေး ပါတီတစ်ခုက နိုင်ငံတစ်ဝန်းရွေးကောက်ပွဲတွင် အနိုင်ရရှိစေရေး တီဗွီကြော်ငြာတွင်အသုံးပြုခဲ့သည့်အတွက် ယင်းပါတီက အဆိုတော် အေမီနမ်ကို အမေရိကန်ဒေါ်လာ ၄၀၀၀၀၀ ပေးဆောင်ရန် အမိန့်ချမှတ်ခြင်းခံခဲ့ရသည်။ ၂၀၁၄ ခုနှစ် ရွေးကောက်ပွဲမဲဆွယ်စည်းရုံးမှုတွင် အမျိုးသားပါတီကအသုံးပြုခဲ့သည့် Eminem Esque သီချင်းများမှာ အေမီနမ်၏ Lose Yourself သီချင်းကို ပုံတူကူးယူထားသည်ဟု နယူးဇီလန်တရားရုံးက ဆုံးဖြတ်ခဲ့သည်။ အမျိုးသားပါတီက ယင်းသီချင်းကို ရွေးကောက်ပွဲမဲဆွယ်စည်းရုံးစဉ်အတွင်း အကြိမ်ပေါင်း ၁၈၆ ကြိမ် အသုံးပြုခဲ့သည်ဟု တရားရုံးက ပြောသည်။

ယခုဆုံးဖြတ်ချက်မှာ တေးထုတ်လုပ်သူများ၊တေးရေးဆရာများနှင့် သူတို့၏ ပရိသတ်များကို သတိပေးလိုက်ခြင်းပင်ဖြစ်ကြောင်း အေမီနမ်၏ တေးထုတ်လုပ်ရေးကုမ္ပဏီဒါရိုက်တာက ပြောသည်။

အမျိုးသားပါတီကမူ ၎င်းတို့ပါတီကအသုံးပြုခဲ့သည့်သီချင်းမှာ နယူးဇီလန်မူပိုင်ခွင့်တွင် မှတ်ပုံတင်ထားခဲ့ကြောင်း ပြောခဲ့သည်။ ယင်းသီချင်းမှာ လိုင်စင်လည်းရှိ၊ ဝယ်ယူလို့လည်းရသည့်အတွက် ပါတီမှလည်း ယင်းသီချင်းကို ဝယ်ယူအသုံးပြုမှုမှာ တရားဝင်သည်ဟုပင်ယူဆခဲ့သည်ဟု ပါတီဥက္ကဋ္ဌ ပီတာဂွတ်ဖဲလိုးကပြောသည်။ အခုအခါ အေမီနမ်၏တေးထုတ်လုပ်ရေးကုမ္ပဏီဖြစ်သည့် Eight Mile Style က လျော်ကြေးငွေ နယူးဇီလန်ဒေါ်လာ ၆၀၀၀၀၀ ရရှိမည်ဟု တရားရုံးက အဆုံးအဖြတ်ပေးခဲ့သည်။ **ရိုက်တာ ခြူး**


..........................................

## ရော့ခ်အန်ရိုးလ်ဂီတကို စတင်သီဆိုခဲ့သူ အဆိုတော် ဖက်စ်ဒိုမီနို အသက် ၈၉ နှစ်တွင် သေဆုံး

ရော့ခ်အန်ရိုးလ် ဂီတကို စတင်သီဆိုခဲ့သူ အဆိုတော် ဖက်စ်ဒိုမီနိုဟာ အသက် ၈၉ နှစ်မှာ သေဆုံးသွားပြီး ဖြစ်ပါတယ်။ ရော့ခ်အန်ရိုးလ်ကြယ်ပွင့်ဖြစ်သူ ဖက်စ်ဒိုမီနိုဟာ Blueberry Hill, Ain't That A Shame and Walking To New Orleans သီချင်းတွေနဲ့ အောင်မြင်ခဲ့သူဖြစ်ပြီး သူ့ရဲ့နေအိမ်မှာပဲ မိသားစု၊ မိတ်ဆွေတွေရဲ့ လက်ထဲမှာ သေဆုံးသွားခဲ့ပါတယ်။ သမားရိုးကျသက်ကြီးရောဂါနဲ့ပဲ သေဆုံးသွားခဲ့တာဖြစ်တယ်လို့ အမေရိကန် မီဒီယာတွေက ဖော်ပြကြပါတယ်။ ဖက်စ်ဒိုမီနိုဟာ နယူးအော်လင်းဇာတိဖြစ်ပြီး သူ့ရဲ့သီချင်းဟာ သန်းပေါင်း ၆၅ သန်း ရောင်းချခဲ့ရပါတယ်။

သူ့ရဲ့ပထမဦးဆုံးသီချင်းဖြစ်တဲ့ The Fat Man ကို ၁၉၄၉ ခုနှစ်မှာ စတင်ထုတ်ဝေခဲ့ပြီး ရော့ခ်အန်ရိုးလ်ဂီတမှာအစောဆုံးလို့ မှတ်တမ်းရှိပါတယ်။ သူ့ရဲ့ သီချင်းတွေဟာ ၁၉၆၀ နဲ့ ၁၉၇၀ ပြည့်နှစ်တွေကြား အနုပညာရှင်တွေပေါ်မှာ အတော်လေးလွှမ်းမိုးခဲ့ပါတယ်။ နာမည်ကျော် အဆိုတော် အဲဗစ်ပရက်စလေကိုယ်တိုင်လည်း သူ့အပေါ် ဖက်စ်ဒိုမီနိုဟာ လွှမ်းမိုးမှုရှိတယ်လို့ ပြောခဲ့ဖူးပါတယ်။

သူ့ရဲ့သီချင်းတွေဟာ ၁၉၅၀ ပြည့်နှစ်ဝန်းကျင်တွေမှာ အောင်မြင်ကျော်ကြားခဲ့ပြီး လူဖြူပရိသတ်တွေရဲ့ အားပေးမှုကိုပါရရှိခဲ့သူလည်း ဖြစ်ပါတယ်။ ၁၉၈၆ ခုနှစ်မှာ သူဟာပထမဦးဆုံး Rock and Roll Hall of Fame အဖြစ် အပ်နှင်းခြင်းခံရပါတယ်။ ဒါပေမယ့်လည်း ၎င်းဟာ သူ့ရဲ့ ဇာတိမြို့ကနေ မထွက်ခွာလိုတဲ့အတွက် ဆုကိုတောင်လက်ခံဖို့မသွားခဲ့ပါဘူး။ သူ့ရဲ့သေဆုံးမှုအတွက် နယူးအော်လင်းသားဂီတပညာရှင်တွေနဲ့ ရုပ်ရှင်သရုပ်ဆောင်တွေကဝမ်းနည်းကြောင်း တွစ်တာပေါ်မှာ ရေးသားခဲ့ကြပါတယ်။ **ဟယ်လို ခြူး**



## ပြန်လည်ဆန်းသစ်ရန်လိုအပ်နေသော ပြည်တွင်းရေကြောင်းသွားလာမှု



ရန်ကုန်မြို့ ပန်းဆိုးတန်းနှင့် ဒလမြို့နယ်ကြား ပြေးဆွဲနေသော ချယ်ရီကူးတို့သင်္ဘောတစ်စင်း

တစ်ချိန်က အုပ်ချုပ်ရေးမြို့တော်လည်းဖြစ်၊ ပင်လယ်ဆိပ်ကမ်းမြို့လည်းဖြစ်ခဲ့သော ရန်ကုန်မြို့မှတစ်ဆင့် အနယ်နယ် အရပ်ရပ်သို့ ပြည်တွင်းပြည်ပ ကုန်စည်များ ဖြန့်ဖြူးခဲ့ရသည်။ ကုန်းလမ်းခရီးတွင် လမ်းပန်းဆက်သွယ်ရေး ခက်ခဲခဲ့သည့် ယခင်အချိန်များက မြန်မာနိုင်ငံ အနယ်နယ်အရပ်ရပ်မှ ခရီးသွားနှင့် ကုန်သည်များသည် တစ်နေရာမှ တစ်နေရာသို့ သွားလာရန်နှင့် ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ရေးအတွက် ရေကြောင်းခရီးကိုသာ အားထားခဲ့ကြရသည်။

"ဟိုးအရင်ခေတ်ကတော့ ပြည်တွင်းရေကြောင်းက မရှိမဖြစ်ပေါ့။ မြစ်ဝကျွန်းပေါ်မှာဆိုရင် သယ်ယူပို့ဆောင်ရေးဆိုရင် သင်္ဘောတွေနဲ့ပဲသွားရတယ်။ အညာဆန်ကုန်တင်သင်္ဘောတွေနဲ့ အညာဆန် ဈေးသင်္ဘောတွေနဲ့ သွားရတယ်။ နယ်ဒေသတွေ တံတားမရှိတဲ့ဒေသတွေမှာ ဇက်ကူးတို့အနေနဲ့ သယ်ယူပို့ဆောင်ပေးခဲ့ရတယ်။ တစ်ပြည်လုံးအတိုင်းအတာမှာ တံတားတွေ များများလာပြီးတော့ လမ်းတွေကလည်း ကောင်းလာတယ်ဆိုတော့ ကူးတို့လိုင်းတွေ အတော်များများ ရပ်နားသွားတယ်။ ခရီးသည်လိုင်းတွေလည်း အတော်များများ ရပ်နားသွားတယ်ပေါ့နော်။ လက်ရှိအနေအထားမှာတော့ ဧရာဝတီတိုင်းလို နေရာမျိုးမှာ ကုန်စည်စီးဆင်းမှုနဲ့ ကျန်တဲ့သယ်ယူပို့ဆောင်ရေးလို နေရာမျိုးမှာ ဆက်သွားနေတယ်။ ရန်ကုန်လိုနေရာမျိုးမှာ ပန်းဆိုးတန်း-ဒလ၊ ရန်ကုန်-ဆိပ်ကြီးခနောင်တို လိုင်းတွေမှာတော့ ကူးတို့လိုင်းတွေနဲ့ ပြေးဆွဲနေပါတယ်"ဟု ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးဌာနမှ မန်နေဂျာ ဦးနိုင်ဦးက ပြောကြားသည်။

အင်္ဂလိပ်ကိုလိုနီလက်ထက်တွင် Irrawaddy Flotilla Company၊ လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးအဖွဲ့ ထိုမှတစ်ဆင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေး စသည့်အမည်များဖြင့် အမျိုးမျိုးခေါင်းစဉ်ပြောင်းလဲခဲ့သော ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးက လက်ရှိအချိန်တွင်လည်း နိုင်ငံ၏သယ်ယူပို့ဆောင်ရေးကဏ္ဍကို တတ်နိုင်သလောက် ဆောင်ရွက်ပေးလျက်ရှိနေသေးသည်။

ရန်ကုန်တွင် ရုံးချုပ်ဖွင့်လှစ်ထားသော ပြည်တွင်းရေကြောင်းက မွန်ပြည်နယ်တွင် သံလွင်ဌာနခွဲ၊ မန္တလေးတွင် ဧရာဝတီဌာနခွဲ၊ စစ်တွေတွင် ရခိုင်ဌာနခွဲ၊ မြစ်ဝကျွန်းပေါ်တွင် မြစ်ဝကျွန်းပေါ်ဌာနခွဲ၊ မုံရွာတွင် ချင်းတွင်းဌာနခွဲဟူ၍ ရုံးခွဲများဖွင့်လှစ်ထားပြီး အဆိုပါရုံးခွဲများတွင်လည်း သင်္ဘောများပြင်ဆင်နိုင်ရန် သင်္ဘောကျင်းများရှိကြောင်း သိရသည်။

ပြည်တွင်းရေကြောင်း၏ လက်ရှိပြေးဆွဲနေသောခရီးစဉ်များနှင့် ပတ်သက်၍ တွေ့ဆုံမေးမြန်းခဲ့ရာတွင် ဦးနိုင်ဦးက "ရန်ကုန်မှာတော့ ပန်းဆိုးတန်း-ဒလ ကူးတို့သင်္ဘောလိုင်းတွေကို ချယ်ရီသင်္ဘောတွေနဲ့ ဆွဲပေးနေပါတယ်။ ခနောင်တို ဒေသခံတွေအတွက်လည်း ခနောင်တိုလိုင်းကို ဆွဲပေးနေပါတယ်။ မြစ်ဝကျွန်းပေါ်ဌာနခွဲအနေနဲ့ လပွတ္တာလိုင်းနဲ့ ဘိုကလေးလိုင်းကိုလည်း ကုန်သင်္ဘော၊ လူသင်္ဘောအနေနဲ့ ဆွဲပေးနေပါတယ်။ လပွတ္တာကတော့အတွင်း တစ်ပတ်တစ်ခေါက်နဲ့ အပြင်တစ်ပတ်တစ်ခေါက် ဒီလောက်ပဲ ဆွဲပေးနိုင်ပါတယ်။ ဘိုကလေးကတော့ တစ်ရက်ခြားလောက် ဆွဲပေးနိုင်ပါတယ်။ ကားကူးတို့အနေနဲ့ ရန်ကုန်-ဒလကို တစ်နေ့ ကိုးခေါက် ဆယ်ခေါက် ဆွဲပေးနေပါတယ်။ ပွင့်လင်းရာသီဆိုရင်တော့ ကျွန်တော်တို့က ထပ်ချဲ့မှာပေါ့။ လိုအပ်ရင် လိုအပ်သလောက် ထပ်ချဲ့သွားမှာပါ။ ဒါကတော့ ရန်ကုန်ရဲ့အနေအထားပါ"ဟု ပြောသည်။

အခြား တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ပြည်တွင်းရေကြောင်းက ပြေးဆွဲပေးနေသည့် ခရီးစဉ်များနှင့်ပတ်သက်၍ "မန္တလေးကတော့ ပုဂံ-ညောင်ဦးလိုင်းတွေ ဆွဲတယ်။ မန္တလေး-ဗန်းမော်လိုင်းတွေဆွဲတယ်။ ရခိုင်မှာက စစ်တွေ-မြောက်ဦးနဲ့ စစ်တွေ-ဘူးသီးတောင်-မောင်တော၊ စစ်တွေ-ကျောက်ဖြူ-တောင်ကုတ်တို့ကိုလည်း ဂျပန်နိုင်ငံကပေးတဲ့ ရေယာဉ်တွေအပြင် လက်ရှိရှိပြီးသား ရေယာဉ်တွေနဲ့ပါ မျှပြီး ဆွဲနေတာပေါ့။ အဲဒီဘက်မှာ ကျွန်တော်တို့က ကုလားတန်စီမံကိန်းဆိုပြီး အိန္ဒိယနဲ့ မြန်မာနဲ့ လမ်းဖောက်ထားတဲ့ဘက်မှာ စစ်တွေကနေ ပလက်ဝအထိ ရေကြောင်းသွားလို့ရတယ်။ ပလက်ဝကနေပြီးတော့မှ အိန္ဒိယနယ်စပ်အထိကတော့ ကားလမ်းပေါ့။ ကုန်စည်စီးဆင်းဖို့အတွက် အိန္ဒိယရဲ့အစီအစဉ်နဲ့ ကူညီတာတွေလည်း ကျွန်တော်တို့ လုပ်နေဆဲပေါ့။ အဲဒါတွေလည်း မကြာခင် လမ်းတွေပြီးရင် အဆင်ပြေသွားမယ့် လမ်းတွေပေါ့။ သံလွင်ဌာနခွဲဘက်မှာကတော့ အပျော်စီးပေါ့နော်။ သူကတော့ တံတားတွေပြီးသွားပြီဆိုတော့ အပျော်စီး Tour လုပ်ငန်းတွေနဲ့ ပတ်သက်တာတွေရယ်၊ ဘိလပ်မြေသယ်ယူပို့ဆောင်ရေးအတွက်ရယ် ကျွန်တော်တို့က ပုံစံပြောင်းပြီး ပြန်စီစဉ်နေပါတယ်။ ချင်းတွင်းပိုင်းကတော့ မိုးရာသီပဲ သွားလို့ရတယ်။ မိုးရာသီမှာ ကျွန်တော်တို့က ဟုမ္မလင်း-ခန္တီး ခရီးစဉ်တွေ ဆွဲပြီးတော့ ရေနည်းတဲ့အခါကျရင်တော့ သွားလို့မရဘူးပေါ့။ ချင်းတွင်းလိုင်းက နွေရာသီမှာဆိုရင် အလုပ်ပါးတာပေါ့" ဟုလည်း ဦးနိုင်ဦးက ဆက်ရှင်းပြသည်။

ရန်ကုန်-ပုသိမ် သင်္ဘောခရီးစဉ်များကို ခရီးသည်နှင့် ကုန်စည်နည်းပါးသည့်အတွက် ၂၀၁၂ ခုနှစ်ခန့်မှစ၍ ရပ်နားခဲ့သော်လည်း မြစ်ဝကျွန်းပေါ် အချို့နေရာများတွင် ဈေးနည်းသော အစိုးရသင်္ဘောများကို အားထားအသုံးပြုနေရသော ဒေသခံများရှိခြင်းကြောင့် ဆက်လက်ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။ "သင်္ဘောလိုင်းတွေအနေနဲ့က ရှုံးတော့ရှုံးတယ်။ ပြည်သူကို မဖြစ်မနေ ဝန်ဆောင်မှု ပေးနေရတဲ့ အစိုးရဌာနဖြစ်နေတော့လည်း ရှုံးပေမယ့် တာဝန်ခံပြီး ဆွဲပေးနေရတယ်"ဟု ဦးနိုင်ဦးက ဆက်ပြောသည်။

ကုန်းလမ်းခရီးများတွင် မြစ်ကူးတံတားကြီးများ တစ်စင်းပြီးတစ်စင်း ပေါ်ထွက်လာခဲ့ခြင်းကြောင့် ပြည်သူများအသုံးပြုမှု လျော့နည်းခဲ့ရသော ပြည်တွင်းရေကြောင်း ကဏ္ဍ ဖွံ့ဖြိုးမှုနှင့်ပတ်သက်၍ ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးအနေဖြင့် ဆောင်ရွက်ရန်နှင့် ဆောင်ရွက်သင့်သည်များနှင့် ပတ်သက်၍လည်း "မြန်နှုန်းမြင့်တဲ့ ရေယာဉ်တွေနဲ့ဆို ရန်ကုန်တိုင်းလိုနေရာမျိုးတွေ၊ ကျန်တဲ့ အပျော်စီးလိုနေရာမျိုး၊ ခရီးတိုလိုနေရာမျိုး၊ ကမ်းရိုးတန်းစပ်တဲ့ ရခိုင်တို့လိုနေရာမျိုး၊ တနင်္သာရီလို နေရာမျိုးတွေမှာ ရေကြောင်းလုပ်ငန်းက ရှိနေဦးမှာပဲ။ အဆင့်အတန်းမြင့်မြင့် ရေယာဉ်မျိုးတွေ၊ စွမ်းအားမြင့်တဲ့ အင်ဂျင်မျိုးတွေဆိုရင်တော့ ဘယ်တော့မှ မပျောက်ပါဘူး။ ပြည်တွင်းရေကြောင်းအနေနဲ့က နိုင်ငံတော်အစိုးရရဲ့စီစဉ်ပေးမှုနဲ့ဆိုတော့ ဘတ်ဂျက်ကိစ္စတွေနဲ့၊ ပံ့ပိုးပေးနိုင်မှုကိစ္စတွေနဲ့ကျတော့ ပုဂ္ဂလိကလို ကျွန်တော်တို့က မြန်မြန်ဆန်ဆန်တော့ အကောင်အထည် မဖော်နိုင်ဘူး။ ဆင့်ကဲဆင့်ကဲ ဘတ်ဂျက်နှစ်အလိုက် တင်ပြပြီးတော့မှ ဆောင်ရွက်ရတဲ့အခါကျတော့ နည်းနည်းတော့ နှောင့်နှေးတာလေးတွေတော့ ရှိတာပေါ့။ ပြည်တွင်းရေကြောင်းအနေနဲ့က ကုန်စည်စီးဆင်းမှုအတွက် ကုန်တွဲရေယာဉ်တွေက ကမ်းရိုးတန်းတွဲရေယာဉ်တွေနဲ့ တိုးချဲ့ပြီး ဆောင်ရွက်မယ်ဆိုရင် ပြည်တွင်းရေကြောင်းကဏ္ဍက ရှိနေဦးမှာပါ"ဟု ဆက်လက်၍ ရှင်းပြခဲ့သည်။

လက်ရှိတွင် ပြည်တွင်းရေကြောင်းမှ ကျွမ်းကျင်ဝန်ထမ်းများကို မကြာမီရက်အတွင်းက စတင်ပြေးဆွဲနေသော Yangon Water Bus တွင် ညှိနှိုင်းပံ့ပိုးပေးထားကြောင်း သိရသည်။ မြန်မာနိုင်ငံတွင် အဖိုးတန်လှသော သဘာဝအရင်း အမြစ်များဖြစ်သည့် ဧရာဝတီ၊ ချင်းတွင်း၊ စစ်တောင်း၊ သံလွင်ကဲ့သို့ မြစ်ကြီးများသည် နိုင်ငံအတွင်း စီးဆင်းလျက်ရှိသည်။ အဆိုပါ မြောက်မှတောင်သို့ သဘာဝအလျောက် စီးဆင်းနေသော မြစ်ကြီးများကို ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေဘဲ ခေတ်အခြေအနေနှင့်အညီ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အသုံးချနိုင်မည်ဆိုပါက ပြည်တွင်းရေကြောင်းသွားလာမှုသည် ပြန်လည်သက်ဝင်လှုပ်ရှားလာနိုင်မည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။ ။

**သတင်းဆောင်းပါး - ထင်ပေါ်ဝင်း(ကမာရွတ်)**

**ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း)**

# နည်းပညာ Startup လုပ်ငန်းခုနစ်ခုပါဝင်သော ဖန်တီးရာ Accelerator အစီအစဉ် အမှတ်စဉ်(၂) စတင်

**ရန်ကုန် အောက်တိုဘာ ၂၇**
မြန်မာနိုင်ငံ၏ နည်းပညာဆိုင်ရာ startup များကို အောင်မြင်အောင် တွန်းအားပေးသည့် မြန်မာ့ပထမဆုံး Accelerator အစီအစဉ်ဖြစ်သော ဖန်တီးရာ၏ ဒုတိယအကြိမ်မြောက် Accelerator အစီအစဉ်ကို အောက်တိုဘာလတွင် စတင်မည်ဖြစ်ပြီး ရန်ကုန်မြို့နှင့် မန္တလေးမြို့မှ Startup ခုနစ်ခု ပါဝင်ကြမည်ဖြစ်ကြောင်း၊ ဒုတိယအကြိမ် Accelerator အစီအစဉ်ကို ရန်ကုန်မြို့ရှိ ဖန်တီးရာ Innovation တွင် ပြုလုပ်မည်ဖြစ်ရာ မန္တလေးမြို့မှ Startup များသည် ရန်ကုန်မြို့သို့ပြောင်းရွှေ့ကြမည်ဖြစ်ကြောင်း သိရသည်။

Accelerator အမှတ်စဉ်(၂)သည် ဖန်တီးရာ Accelerator အတွက် အရေးပါသော မှတ်တိုင်သစ်တစ်ခု ဖြစ်လာမည်ဖြစ်ပြီး မြန်မာနိုင်ငံရှိ နည်းပညာ Startup အသိုင်းအဝန်းကို အရှိန်မြှင့်တင်ပေးရန် ရည်ရွယ်ထားကြောင်း၊ အမှတ်စဉ်(၂)တွင် ကုန်စည်ပို့ဆောင်မှု၊ ကျန်းမာရေး၊ ပညာရေး၊ ဖျော်ဖြေရေးနှင့် စွန့်ပစ်ပစ္စည်းများကို ပြန်လည်သန့်စင်သည့်လုပ်ငန်များ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

ပါဝင်မည့် startup လုပ်ငန်း ခုနစ်ခုမှာ (၁)ပစ္စည်းပို့ဆောင်မှုလုပ်ငန်းတစ်ခုဖြစ်ပြီး အားလပ်ချိန်များတွင် ဝင်ငွေရရှိရန် ပစ္စည်းများကို သယ်ဆောင်လိုသည့်လူများနှင့် ပစ္စည်းများကို ပို့ဆောင်လိုသည့် ဆိုင်များနှင့် ကုမ္ပဏီများကြား ချိတ်ဆက်ပေးမည့် Amazing Express၊ (၂၀) ကုန်စည်ပို့ဆောင်မှုလုပ်ငန်းတွင် ကုန်ပို့လိုသူနှင့် ကုန်ကားရှိသူများကြား ချိတ်ဆက်ပေးမည့် Kone Si(ကုန်စည်)၊ (၃) ကျောင်းသူကျောင်းသားများ၊ မိဘများအနေဖြင့် တီထွင်ဆန်းသစ်ထားသည် Digital Review စနစ်ဖြင့် အရည်အချင်းပြည့်မီသည့် သင်ထောက်ကူ ဆရာ၊ ဆရာမ(Tutor)များကို ရှာဖွေပေးမည့် MMTutor၊ (၄)လစဉ်ကြေးပေးသွင်းရုံဖြင့် မြန်မာသီချင်းများကို နေရာအချိန် မရွေးဘဲ နားထောင်နိုင်အောင် ပြုလုပ်ပေးသော တေးသီချင်းများကို Stream လုပ်ပေးမည့် Beluva ၊ (၅) လူမှုစီးပွား သဘာဝပတ်ဝန်းကျင်ကို အကျိုးပြုသော အမှိုက်စွန့်ပစ်သည့် စနစ်ကို အကောင်အထည်ဖော်တည်ဆောက်နိုင်ရန် ရည်ရွယ်ဖွဲ့စည်းထားသော နည်းပညာသုံးဝန်ဆောင်မှုလုပ်ငန်းဖြစ်သည် RecyGlo ၊ (၆) အိမ်ချက်ထမင်းဟင်းများကို စားသုံးသူများထံ အရောက်ပို့ပေးခြင်းဖြင့် အမျိုးသမီးများ၊ အိမ်ထောင်ရှင်မများ အိမ်မှာနေရင်း တစ်ဖက်တစ်လမ်းမှ ဝင်ငွေရရှိစေရန်၊ ဦးဆောင်စီမံခန့်ခွဲမှုအလေ့အထဖြင့် အနာဂတ်ဘဝကိုအကျိုးရှိစေရန်နှင့် စားသုံးမည့်သူများအနေဖြင့်လည်း ထိုက်တန်ပြီး ကျန်းမာရေးနှင့်ညီညွတ်သော အစားအစာများကို စားသုံးနိုင်ရန် ရည်ရွယ်သည့်စံနစ်ဖြစ်သော ရွှေဗိုက်(Shwe Bite)၊ (၇) Cloud Computing နည်းပညာအသုံးပြု၍ ဆေးရုံ၊ ဆေးခန်းနှင့် ဓာတ်ခွဲခန်းများမှ လူနာများ၏ ဆေးကုသမှုမှတ်တမ်းများကို သိမ်းဆည်းပေးခြင်း၊ ဆေးရုံ၊ ဆေးခန်းနှင့် ဓာတ်ခွဲခန်းများ၏ လူနာစစ်ဆေးကုသမှု မှတ်တမ်းများကို သိမ်းဆည်းပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုအတွက် လိုအပ်သော Software နှင့်IT နည်းပညာများ ပံ့ပိုးပေးခြင်းတို့ကို ဝန်ဆောင်မှုပေးမည့် My HMS တို့ ဖြစ်သည်။

အဆိုပါ startup လုပ်ငန်းများ၏ တည်ထောင်သူအားလုံးသည် မြန်မာနိုင်ငံမှဖြစ်ကြပြီး လေးခုမှာ အမျိုးသမီး CEO များ ဖြစ်ကြောင်း သိရသည်။ ဖန်တီးရာ၏ CEO Mr. Jes Kaliebe Petersen က "မြန်မာနိုင်ငံရဲ့ဒီဂျစ်တယ်တိုးတက်ပြောင်းလဲမှုကို အကူအညီ အထောက်အပံ့ပေးနိုင်တဲ့ လုပ်ငန်းတွေမှာ ဖန်တီးရာကအမြဲတမ်းရင်းနှီးမြှုပ်နှံသွားမှာဖြစ်ပါတယ်။ အမှတ်စဉ်(၂) မှာ startup တွေ သူတို့စီးပွားရေးလုပ်ငန်းတွေ အောင်မြင်စေဖို့လိုအပ်တဲ့ ငွေကြေး၊ ကျွမ်းကျင်မှုနဲ့ ချိတ်ဆက်မှု အပိုင်းတွေမှာ ကူညီပေးမှာဖြစ်ပါတယ်။ ဒီနှစ်မှာ အရင်နှစ်ကထက် နှစ်ဆပိုများတဲ့ Startup အရေအတွက်တွေ ရင်းနှီးမြှုပ်နှံနိုင်ခဲ့ပါတယ်။ Startup ပေါင်း ခုနစ်ခုရှိတဲ့ထဲမှာ မန္တလေးမြို့က Startup နှစ်ခုနဲ့ ရန်ကုန်က Startup ငါးခု ပါဝင်ပါတယ်။ မြန်မာနိုင်ငံက နည်းပညာ Startup တွေမှာ ရင်းနှီးမြှုပ်နှံမှုတွေ လုပ်ကြဖို့ ပြည်တွင်းကော ပြည်ပကလူတွေပါ စိတ်ပါဝင်စားနေကြပါတယ်။ မြန်မာနိုင်ငံမှာ Startup တစ်ခု စတင်လုပ်ကိုင်ဖို့ အကောင်းဆုံးအချိန်ရောက်နေပါပြီ" ဟု ပြောကြားသည်။

ဖန်တီးရာ Accelerator အမှတ်စဉ်(၂)အတွက် ပဏာမ ရွေးချယ်ထားသော နည်းပညာလုပ်ငန်းပေါင်း ၄၈ ခုထဲမှ ခုနစ်ခုကို အကဲဖြတ် ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခု ရွေးချယ်ခံရသော Startup ခုနစ်ခုအနေဖြင့် ရန်ကုန်မြို့လယ်ရှိ ဖန်တီးရာ Innovation တွင် ၎င်းတို့၏လုပ်ငန်းများကို လုပ်ကိုင်ကြရမည်ဖြစ်ပြီး လုပ်ကိုင်နေစဉ်အတွင်း Phandeeyar Accelerator ၏ မိတ်ဖက်အဖွဲ့အစည်းများထံမှ အကူအညီများ၊ Accelerator အဖွဲ့သားများထံမှ တစ်ဦးချင်း နည်းပြလမ်းညွှန်မှုများကိုလည်း ရရှိမည်ဖြစ်ကြောင်း၊ အစီအစဉ်ကို အောက်တိုဘာလအတွင်းမှ ၂၀၁၈ ခုနှစ် မတ်လအထိ ပြုလုပ်မည်ဖြစ်ပြီး ထို့နောက်တွင် Demo Day ကျင်းပ၍ ပြည်တွင်းနှင့် ပြည်ပ ရင်းနှီးမြှုပ်နှံသူများကို တင်ဆက်ပြသမည်ဖြစ်ကြောင်း သိရသည်။

ယခင်နှစ်က ပြုလုပ်ပြီးစီးခဲ့သော ဖန်တီးရာ၏ ပထမအကြိမ် Accelerator အစီအစဉ်တွင် Startup လုပ်ငန်း လေးခုဖြစ်သည့် Chate Sat (chatesat.com)၊ White Merak (whitemerakcomics.com)၊ EzStay (ezstay.com.mm)နှင့် GoP (goptour.com) တို့ ပါဝင်ခဲ့ပြီး အဆိုပါလုပ်ငန်းလေးခုသည် ဖန်တီးရာ Accelerator မှ နည်းပညာနှင့် ငွေကြေးထောက်ပံ့မှုများ၊ ဖန်တီးရာနှင့်ပူးပေါင်းထားသည့် လုပ်ငန်းများထံမှ ငွေကြေးထောက်ပံ့မှုများ ရရှိခဲ့ပြီး လက်ရှိအချိန်တွင် နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံမှုများနှင့် အသိအမှတ်ပြုခြင်းများ ခံရသည်အထိ အောင်မြင်မှုများ ရရှိနေကြပြီဖြစ်သည်။

ယခု ဒုတိယအကြိမ် Accelerator အစီအစဉ်တွင် ပါဝင်ခွင့်ရသည့် startup လုပ်ငန်း ခုနစ်ခုသည်လည်း ပထမအကြိမ်က လုပ်ငန်းငယ်များကဲ့သို့ပင် ငွေကြေး ဒေါ်လာ ၂၅၀၀၀၊ ပူးပေါင်းပါဝင်ထားသည့် လုပ်ငန်းများထံမှ ဒေါ်လာ ၂၀၀၀၀ ကျော် တန်ဖိုးရှိမည့် ဝန်ဆောင်မှုများ၊ ဖန်တီးရာတွင် ရုံးခန်းအတွက် နေရာ၊ ပြည်တွင်းပြည်ပမှ Mentor ပေါင်း ၄၀ ကျော်က ခြောက်လတာ နည်းပြပေးမည့်အစီအစဉ်တို့အပြင် ရင်းနှီးမြှုပ်နှံသူများနှင့် တွေ့ဆုံခွင့်ရရှိမည့် အခွင့်အရေးများကိုလည်း Accelerator အစီအစဉ် ကာလအတွင်း ရရှိကြမည်ဖြစ်ကြောင်း သိရသည်။

**သူရဖြိုး**

# ကွန်ပျူတာပညာရှင်အသင်းက Linux နည်းပညာသင်တန်းဖွင့်မည်

**ရန်ကုန် အောက်တိုဘာ ၂၇**
ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်းက ကြီးမှူး၍ Open Source နည်းပညာရပ်များကို စိတ်ဝင်စားသော လူငယ်များအတွက် Linux Foundation သင်တန်းကို နိုဝင်ဘာ ၁၄ ရက်တွင် စတင်ဖွင့်လှစ်သွားမည်ဖြစ်သည်။

ICT ဆိုင်ရာနည်းပညာပိုင်းတွင် တွင်ကျယ်လာသော Open Source နည်းပညာနှင့်အတူ ဆာဗာပိုင်းများတွင် အသုံးများလာသော Linux Server နှင့် Administrator Level များသို့ တက်လှမ်းနိုင်ရန်အတွက် အဓိကလိုအပ်သော Linux အခြေခံနည်းပညာများကို ကျွမ်းကျင်ပိုင်နိုင်စေရန် ရည်ရွယ်၍ သင်တန်းကို ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ သင်တန်းတက်ရောက်ခြင်းဖြင့် Linux ၏ အခြေခံသဘောသဘာဝ၊ အသုံးဝင်ပုံအနေအထား စသည့် Linux နည်းပညာရပ်များကို လေ့လာရမည်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက Linux Server နှင့် Administrator Level များကို အခြေခံပိုင်နိုင်စွာဖြင့် အခက်အခဲမရှိ ဆက်လက်လေ့လာသွားနိုင်မည်ဖြစ်ကြောင်း သိရသည်။ သင်တန်းကာလမှာ နိုဝင်ဘာ ၁၄ ရက်မှ ၁၇ ရက်အထိ ဆရာ ဦးတင်မျိုးဆွေက လေးရက်ကြာ သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းကို လှိုင်မြို့နယ် MICT Park အဆောင်(၉)ရှိ MCPA Lab အခန်းတွင် ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းနှင့်ပတ်သက်သည့် အသေးစိတ်အချက်များကို မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းရုံး ဖုန်းနံပါတ် - ၆၅၂၂၇၆ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

**သူရဖြိုး**

# အူရီဒူးနှင့် ရတနာပုံတယ်လီပို့တို့ပူးပေါင်း၍ မန္တလေးနှင့် ပြင်ဦးလွင်၌ FTTH ဖိုက်ဘာအင်တာနက်ဝန်ဆောင်မှု စတင်ပေးအပ်

**ရန်ကုန် အောက်တိုဘာ ၂၇**
မိုဘိုင်းအော်ပရေတာတစ်ခုဖြစ်သော အူရီဒူးမြန်မာနှင့် မြန်မာနိုင်ငံတွင် အကျယ်ပြန့်ဆုံး အင်တာနက်ဝန်ဆောင်မှုများကို ပေးအပ်လျက်ရှိသော ရတနာပုံတယ်လီပို့(YTP)တို့ပူးပေါင်း၍ ကမ္ဘာ့အဆင့်မီ ဖိုင်ဘာအင်တာနက်ကို လူနေအိမ်များဆီသို့ ချိတ်ဆက်ဝန်ဆောင်မှုပေးမည့် (Fiber to the Home-FTTH)ဝန်ဆောင်မှုကို ဆောင်ရွက်ရန် သဘောတူစာချုပ် ချုပ်ဆိုခဲ့ကြောင်း သိရသည်။

အဆိုပါ သဘောတူစာချုပ်အရ အူရီဒူး၏ မိုဘိုင်းဝန်ဆောင်မှုနှင့် Dedicated Internet Data အဆင့်မြင့်နည်းပညာများမှတစ်ဆင့် ရတနာပုံတယ်လီပို့၏ အကောင်းဆုံးသော ကွန်ရက်ဖြင့် ဖိုင်ဘာကွန်ရက်ချိတ်ဆက်ခြင်း ဝန်ဆောင်မှုကိုပေးအပ်ရန် ပူးပေါင်းလုပ်ဆောင်ပြီး မြန်မာနိုင်ငံတွင် အမြန်ဆုံးသော အင်တာနက်ကွန်ရက်ကို ဆန်းသစ်သောဝန်ဆောင်မှုများဖြင့် ပေးအပ်သွားမည်ဖြစ်ကြောင်း၊ ပူးပေါင်းဆောင်ရွက်မည့်အစီအစဉ်တွင် ဖိုင်ဘာအင်တာနက်ကို မန္တလေးမြို့အတွင်းရှိ မြို့နယ်များနှင့် ပြင်ဦးလွင်မြို့နယ်တွင် ကနဦး စတင်ဝန်ဆောင်မှုပေးသွားမည်ဖြစ်ပြီး များမကြာမီလများတွင် အခြားသော မြို့များတွင်ပါ ဆက်လက်ပြီး ဝန်ဆောင်မှုပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ယခု ပူးပေါင်းဆောင်ရွက်မှုအရ ရတနာပုံတယ်လီပို့က အဓိကကျသည့် ဖိုင်ဘာအင်တာနက်ဝန်ဆောင်မှုများကို ပေးအပ်မည်ဖြစ်သလို အူရီဒူးအနေဖြင့် နိုင်ငံတကာအတွေ့အကြုံများကို အသုံးပြုပြီး မြန်မာနိုင်ငံအတွက် ပစ္စည်းသစ်များနှင့်အတူ နောက်ဆုံးပေါ် သုံးစွဲသူဝန်ဆောင်မှုပေးအပ်သည့်စနစ်များဖြင့် ဝန်ဆောင်မှုပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်နှုန်းမြင့်ပြီး လိုင်းတည်ငြိမ်သည့် ဖိုင်ဘာနည်းပညာ အင်တာနက်ဝန်ဆောင်မှုသည် အင်တာနက်ချိတ်ဆက်ရာတွင် မြန်နှုန်းတည်ငြိမ်ကောင်းမွန်သလို သင့်တင့်မျှတသော ဝန်ဆောင်မှုနှုန်းထားများ ကောက်ခံ၍ ဝန်ဆောင်မှုပေးအပ်သွားမည်ဖြစ်ကာ အသုံးပြုလိုသူများအနေဖြင့် လိုအပ်ချက်အပေါ်မူတည်ပြီး မြန်နှုန်းအနေအထားမျိုးစုံကို ရွေးချယ်၍ အိမ်များနှင့် လုပ်ငန်းများတွင် တပ်ဆင်အသုံးပြုနိုင်မည်ဖြစ်သည်။

ရတနာပုံတယ်လီပို့၏ CEO ဦးစိုးသိန်းက "လုပ်ငန်းချင်း ဆက်စပ်လျက်ရှိတဲ့ အကောင်းဆုံးကုမ္ပဏီများအတူပူးပေါင်းပြီး မြန်မာပြည်သူလူထုအတွက် အမြန်ဆုံး အင်တာနက်ကွန်ရက် ဝန်ဆောင်မှုပေးအပ်နိုင်မှုဟာ မြန်မာနိုင်ငံဆက်သွယ်ရေးလောကမှာ အောင်မြင်မှုတစ်ခုဖြစ်ပါတယ်" ဟု ပြောကြားသည်။

အူရီဒူးမြန်မာ၏ CEO Mr. Vikram Sinha ကလည်း မြန်မာနိုင်ငံမှာ အကြီးမားဆုံးနဲ့ အကျယ်ပြန့်ဆုံး အင်တာနက်ဝန်ဆောင်မှုကို ပေးအပ်နေတဲ့ ISP ဖြစ်တဲ့ ရတနာပုံတယ်လီပို့နဲ့ ပူးပေါင်းပြီး မြန်မာနိုင်ငံမှာ အကောင်းဆုံးနည်းပညာကို အသုံးပြုပြီး အကောင်းဆုံး ဝန်ဆောင်မှုတွေ ပေးအပ်နိုင်မှာဖြစ်တဲ့အတွက် ဝမ်းသာဂုဏ်ယူရပါတယ်။ အခုပူးပေါင်းဆောင်ရွက်မှုဟာ နောင်လာမယ့်ကာလတွေမှာ ဖိုင်ဘာကွန်ရက်ဝန်ဆောင်မှုတွေ ပေးအပ်နိုင်မှုမှာရော ရရှိနိုင်တဲ့ ပစ္စည်းအမျိုးအစားသစ်များ အပေါ်မှာပါ စံသတ်မှတ်မှုအသစ်ဖြစ်လာမှာဖြစ်ပြီး အူရီဒူးမြန်မာဟာ မြန်မာနိုင်ငံမှာ ဆက်သွယ်ရေးလုပ်ငန်းများကို ရေရှည်ပေးအပ်သွားမယ့် ဆက်သွယ်ရေးအော်ပရေတာတစ်ခုအဖြစ် သတ်မှတ်ခံယူပါတယ်" ဟု ပြောကြားသည်။

ရတနာပုံတယ်လီပို့နှင့် အူရီဒူးမြန်မာတို့ ပူးပေါင်းဝန်ဆောင်မှုပေးမည့် အဆိုပါ FTTH ဖိုင်ဘာအင်တာနက် ဝန်ဆောင်မှုကို နိုဝင်ဘာ ၁ ရက်မှစတင်၍ မန္တလေးမြို့ နေရာအများအပြားနှင့် ပြင်ဦးလွင်မြို့နယ်တို့တွင် ရယူအသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း အူရီဒူးမြန်မာမှ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သူရဖြိုး**

## New Product

# အန်းဒရွိုက်ဗားရှင်းသစ် Oreo အတွက် အဆင်သင့်လုပ်ထားတဲ့ Xiaomi Mi A1

Mi A1 ဟာ Xiaomi အမှတ်တံဆိပ်ဖုန်းတွေထဲက နောက်ဆုံးထွက် မော်ဒယ်သစ်တစ်ခုဖြစ်ပြီး Xiaomi ရဲ့အလယ်အလတ်တန်းစား ဖုန်းတွေထဲက တစ်လုံးဖြစ်ပါတယ်။ နိုင်ငံတကာဈေးကွက်မှာ ပြီးခဲ့တဲ့ စက်တင်ဘာလထဲက စတင်မိတ်ဆက်ထားပြီး ပြည်တွင်းဈေးကွက်ကိုတော့ အခု အောက်တိုဘာလဆန်းပိုင်းက ဝင်ရောက်ခဲ့တာဖြစ်ပါတယ်။

Xiaomi Mi A1 ဟာ မျက်နှာပြင်အရွယ်အစား ၅ ဒသမ ၅ လက်မရှိလို့ အရွယ်အစားကြီးမားတဲ့ ဖုန်းဖြစ်ပြီး Screen Resolution က 1080x1920 pixels ရှိလို့ ရုပ်ထွက်အရည်အသွေး ကောင်းမွန်ပါတယ်။ IPS LCD capacitive touchscreen ကို ထိခိုက်မှုများက ကာကွယ်နိုင်အောင် Corning Gorilla Glass 3 နဲ့ အုပ်ထားပါတယ်။ ဖုန်းရဲ့ကျောဘက်ကိုယ်ထည်ကလည်း အလူမီနီယံကိုယ်ထည်ဖြစ်လို့ ခိုင်ခံ့သလို သယ်ဆောင်ရာမှာလည်း ပေါ့ပါးစေမှာဖြစ်ပါတယ်။

အန်းဒရွိုက်ဗားရှင်းအနေနဲ့ နောက်ဆုံးဗားရှင်းဖြစ်တဲ့ Nougat ထဲက နောက်ဆုံးထွက် 7.1.2 ကို အသုံးပြုထားတာက Xiaomi ပရိသတ်တွေ အကြိုက်တွေ့စရာဖြစ်ပါတယ်။ ဒါ့အပြင် နောက်ပိုင်းမှာ အန်းဒရွိုက်ဗားရှင်းသစ် 8.0(Oreo) အသစ်ထပ်ထွက်လာတဲ့အခါမှာလည်း Update လုပ်နိုင်ဖို့ အဆင်သင့်လုပ်ပေးထားတယ်လို့ ကြော်ငြာထားတာကြောင့် စိတ်ဝင်စားစရာဖြစ်နေပါတယ်။ CPU အနေနဲ့ Octa-core 2.0 GHz ကို အသုံးပြုထားပြီး RAM က 4GB ရှိပါတယ်။ အင်တာနယ်မင်မိုရီက 64GB အထိ ပါဝင်ပြီး မင်မိုရီကတ်ထပ်စိုက်သုံးမယ်ဆိုရင် 128GB အထိ ထောက်ပံ့ပေးထားလို့ မင်မိုရီပိုင်းမှာလည်း စိတ်ကျေနပ်စရာဖြစ်ပါတယ်။ ဒါပေမယ့် မင်မိုရီကတ်ကို ဒုတိယဆင်းကတ်ပေါက်နေရာမှာ ထည့်သုံးရမှာဖြစ်တာကြောင့် မင်မိုရီကတ်စိုက်ပြီးသုံးမယ်ဆိုရင် ဆင်းကတ်တစ်ကတ်တည်းသာ အသုံးပြုနိုင်မှာဖြစ်ပါတယ်။ မင်မိုရီကတ်မစိုက်ရင်တော့ GSM ဆင်းကတ် နှစ်ကတ် ထည့်သွင်းအသုံးပြုနိုင်မှာဖြစ်ပြီး အင်တာနက်အတွက် 4G(LTE)ကို ထောက်ပံ့ပေးထားပါတယ်။

ကင်မရာပိုင်းမှာတော့ နောက်ကင်မရာကို ၁၂ မဂ္ဂါပစ်ဇယ် Dual Camera အသုံးပြုပေးထားပြီး ရုပ်ထွက်အရည်အသွေးကောင်းမွန်စေမယ့် ဆော့ဖ်ဝဲပိုင်းလုပ်ဆောင်ချက်တွေပါ ပေါင်းထည့်ပေးထားပါတယ်။ Dual ကင်မရာကြောင့် အလင်းရောင်ကောင်းကောင်းမရတဲ့နေရာ၊ မှောင်နေတဲ့နေရာမျိုးတွေမှာတောင် ကြည်လင်ပြတ်သားတဲ့ ဓာတ်ပုံတွေ ရိုက်ကူးနိုင်မယ့်အပြင် Phase detection auto focus, 2x Optical zoom, geo-tagging စတဲ့ ဆော့ဖ်ဝဲပိုင်းဆိုင်ရာ လုပ်ဆောင်ချက်တွေကြောင့် အရည်အသွေးမြင့် ဓာတ်ပုံနဲ့ 2160 pixels အထိရှိတဲ့ HD ဗီဒီယိုတွေကိုလည်း ရိုက်ကူးနိုင်မှာဖြစ်ပါတယ်။ ရှေ့ဘက် ဆယ်လ်ဖီကင်မရာကိုတော့ သာမန်ပဲလုပ်ထားပြီး ၅ မဂ္ဂါပစ်ဇယ်ပဲရှိပါတယ်။

အခြား ထူးခြားတဲ့ လုပ်ဆောင်ချက်တစ်ခုအနေနဲ့ ဖုန်းပြောစဉ် ဆူညံသံတွေကို ဖယ်ရှားပေးနိုင်မယ့် မိုက်ခရိုဖုန်းကို အသုံးပြုထားတယ်လို့ ကြော်ငြာထားတာ တွေ့ရပါတယ်။ finger print ကတော့ ဖုန်းရဲ့နောက်ဘက်မှာ ပါဝင်ပါတယ်။ ဘက်ထရီပိုင်းအနေနဲ့ 3080 mAh Li-Ion ဘက်ထရီကို အသုံးပြုထားလို့ တစ်ကြိမ်အားသွင်းရုံနဲ့ အချိန်ကြာမြင့်စွာ အသုံးပြုနိုင်မှာဖြစ်သလို အားသွင်းရာမှာလည်း အလျင်အမြန်အားပြည့်စေမယ့် fast charging စနစ်လည်း ပါဝင်ပါတယ်။

ကိုယ်ထည်အရောင်အနေနဲ့ အနက်ရောင်၊ ရွှေရောင်နဲ့ Rose Gold အရောင် သုံးမျိုးရနိုင်တယ်။

**သူရဖြိုး**



# ဖျာပုံပင်လယ်ငါးခြောက် ဈေးကွက်စတင်ချိန်တွင် ဈေးနှုန်းမြင့်နေသော်လည်း ပုံမှန်ရောင်းဝယ်လျက်ရှိ

**ဖျာပုံ အောက်တိုဘာ ၂၇**

မိုးအကုန်ဆောင်းအကူး ပွင့်လင်းရာသီတွင် မိုးတွင်းကာလက ဖမ်းဆီးရမိမှုများသော ရေချိုငါး၊ ပုစွန်များကို အမိအရနည်းသွားပြီဖြစ်သည်။ ထို့ကြောင့် ပင်လယ်ငါး၊ ပုစွန်များဖမ်းဆီးရန် မြန်မာနိုင်ငံအတွက် သဘာဝကပေးထားသည့် မြန်မာ့ပင်လယ်ပြင် ဘက်ဆီသို့ ဖျာပုံမြို့နယ်အတွင်းမှ ငါးဖမ်းစက်လှေ ၃၅၀ ကျော်တို့ စတင်ပြင်ဆင်နေကြပြီး အခြားငါးဖမ်းဆီးသည့် ရေလုပ်ငန်းအမျိုးမျိုးတို့လည်း လုပ်ငန်းများ စတင်နေကြပြီဖြစ်သည်။

ပင်လယ်ပြင် ငါးဖမ်းဆီးရာတွင် ဦးစီးနှင့်ရေလုပ်သားတို့၏ လုပ်ငန်းအတွေ့အကြုံရင့်ကျက်မှုသည် အဓိကကျလှသည်။ ရေရှိလျှင် ငါးရှိသည်ဟု ဆိုနိုင်သော်လည်း ရာသီဥတုနှင့်နေရာဒေသအပေါ်မူတည်၍ ငါးများပေါ်များခြင်း၊ ရှားပါးခြင်း ကွာခြားမည်ဖြစ်သည်။ ရေပေါ်လွှာနေငါးနှင့် ရေအောက်ပိုင်းတွင်ပျော်မွေ့သည့်ငါးများ ရှိသကဲ့သို့ ငါးတို့၏သဘာဝအရ အုပ်စုဖွဲ့နေသည်လည်းရှိကြသည်။ ထို့အပြင် ရာသီအလိုက်ပေါက်ပွားသည့် ငါးများရှိကြောင်းလည်း သိရမည်ဖြစ်သည်။

ဖျာပုံမြို့မှရေလုပ်ငန်းရှင်တစ်ဦးက "ရေလုပ်ငန်းက အရင်းအနှီးများတယ်။ ရာသီဥတုကလည်း အရင်ကလို မဟုတ်ဘူး။ ခန့်မှန်းရတာ ခက်တယ်။ ပင်လယ်ကို ငါးဖမ်းဖို့လွှတ်လိုက်တာနဲ့ ဦးစီး(ငါးဖမ်းခေါင်းဆောင်)ရဲ့ လုပ်ဆောင်မှုက အဓိကကျပါတယ်။ ပင်လယ်မှာ အရင်နဲ့စာရင် ငါးရှားပါးသွားတော့ ငါးဖမ်းစက်လှေအားလုံးမထွက်ခင် ကိုယ်ကစောစောထွက်နိုင်ရင် အမိအရနည်းပေမယ့် ဈေးကောင်းရတာပေါ့"ဟုပြောသည်။

လက်ရှိအချိန်တွင် ပင်လယ်ငါးဖမ်းလုပ်ငန်းများ ပြန်လည်စတင်လာမှုကြောင့် ဖျာပုံမြို့ဆိပ်ကမ်းသာယာဈေး ငါးခြောက်ဈေးတန်း၌ အရောင်းအဝယ်အခြေအနေကို အောက်တိုဘာ ၂၅ ရက် နံနက်ပိုင်းက စုံစမ်းကြည့်ခဲ့ရာ ငါးကွမ်းရှပ်ခြောက်မှာ တစ်ပိဿာ ကျပ် ၁၈၀၀၀၊ ငါးအုန်းခြောက် တစ်ပိဿာ ကျပ် ၁၃၀၀၀ မှ ၁၄၀၀၀၊ ပင်လယ်ငါးရံ့ငါးခြောက် တစ်ပိဿာ ကျပ် ၁၂၀၀၀၊ ငါးနုပ်ခြောက်တစ်ပိဿာ ကျပ် ၆၅၀၀နှင့် ငါးတံခွန်ခြောက်တစ်ပိဿာ ကျပ် ၃၀၀၀ ဖြင့် ရောင်းလျက်ရှိကြောင်း၊ ဈေးနှုန်းများမှာ ယခင်နှစ်များက မြင့်နေသော်လည်း ပုံမှန်ရောင်းဝယ်လျက်ရှိနေကြကြောင်း သိရသည်။

ဖျာပုံ၌ ငါးခြောက်ဝယ်ရာတွင် များများဝယ်လိုပါက ဗုဒ္ဓဟူးနေ့နှင့် စနေနေ့များတွင် မြို့နယ်အတွင်းရှိ ပင်လယ်ကမ်းခြေရွာများမှ ဒေသထွက်ငါးခြောက်များနှင့် အခြားရေထွက်ပစ္စည်းများ လာရောက်ရောင်းချကြသဖြင့် အခြားနေ့များထက် ငါးခြောက်မျိုးစုံ သလို ဈေးနှုန်းလည်းသက်သာကြောင်း ဈေးသည်အချို့က ပြောသည်။

ဖျာပုံမြို့နယ်အတွင်းမှ ပင်လယ်ငါးဖမ်းလုပ်ငန်းများအနေဖြင့် ငါးဖမ်းရာသီအတွင်း တန်ဆောင်မုန်းလပြည့်ကျော်လျှင် ငါးအမိအရ ပိုကောင်းလာမည်ဖြစ်သည့်အတွက် ပင်လယ်ငါးခြောက်များ ရောင်းဈေးမှာလည်း လက်ရှိဈေးနှုန်းများထက် ကျဆင်းလာနိုင်ကြောင်း ငါးခြောက်ရောင်းဝယ်သူများထံမှ ကြားသိရသည်။

**အောင်ဝင်း(ဖျာပုံ)**



# ပဲမြစ်ဖုဇီဝမြေသြဇာ အရည်အသွေးမြင့်မားစေရေး နည်းပညာပေးသင်တန်းဆင်း




**နေပြည်တော် အောက်တိုဘာ ၂၇**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် ဩစတြေးလျနိုင်ငံ အပြည်ပြည်ဆိုင်ရာ ဗဟိုစိုက်ပျိုးရေးသုတေသနဦးစီးဌာန (Australian Centre for International Agricultural Research-ACIAR)တို့ ပူးပေါင်းဖွင့်လှစ်ခဲ့သည့် ပဲမြစ်ဖုဇီဝမြေသြဇာ ထုတ်လုပ်ရာတွင် အရည်အသွေးမြင့်မားစေရေး နည်းပညာသင်တန်းဆင်းပွဲကို စိုက်ပျိုးရေးသုတေသနဦးစီးဌာန မျိုးစေ့ဘဏ် အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၂၃ ရက်က ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနိုင်ကြည်ဝင်းက ပဲမြစ်ဖုမြေသြဇာထုတ်လုပ်ရာတွင် အရည်အသွေးမြင့်မားစေရေး နည်းပညာသင်တန်းကို မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသအတွင်းမှ ပဲစိုက်တောင်သူများ၏ လူနေမှုဘဝမြှင့်တင်ပေးနိုင်ရေးအတွက် ACIAR အဖွဲ့အစည်းနှင့် ပူးပေါင်းဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ ပဲမျိုးစုံသည် မြန်မာနိုင်ငံတွင် ကောင်းစွာစိုက်ပျိုးဖြစ်ထွန်းနိုင်သည့် သီးနှံဖြစ်သည့်အတွက် စိုက်ပျိုးချိန်တွင် ပဲမြစ်ဖုဇီဝမြေသြဇာကို မဖြစ်မနေ ထည့်သွင်းအသုံးပြုသင့်ကြောင်း၊ ပဲမြစ်ဖုဇီဝမြေသြဇာနှင့် စိုက်ပျိုးခြင်းဖြင့် ရရှိနိုင်မည့် အကျိုးကျေးဇူးများ စသည်တို့ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ညွှန်ကြားရေးမှူးချုပ်နှင့် ACIAR မှ ရိုင်ဇိုဘီယမ်ကျွမ်းကျင်ပညာရှင် Mr. Greg Gembell တို့က သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။

ပဲစိုက်တောင်သူများအနေဖြင့် ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်လာစေရေးအတွက် အသုံးပြုသင့်သည့် ပဲမြစ်ဖုဇီဝမြေသြဇာကို ထုတ်လုပ်ကြရာတွင် အရည်အသွေးမြင့်မားစွာ ထုတ်လုပ်နိုင်စေရန်နှင့် အကျိုးရှိစွာ အသုံးပြုနိုင်ရန်ရည်ရွယ်၍ သင်တန်းကို ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကာ သင်တန်းတွင် ပဲမြစ်ဖုများမှ အကျိုးပြု ရိုင်ဇိုဘီယမ် ဘက်တီးရီးယားများကို မွေးမြူရယူခြင်း၊ ဘတ်တီးရီးယား မှန်ကန်ခြင်းရှိ/မရှိ စစ်ဆေးလေ့လာခြင်း၊ ပဲမြစ်ဖုဇီဝမြေသြဇာ ထုတ်လုပ်မှုအဆင့်ဆင့်တွင် အရည်အသွေးပြည့်မီ သောဘက်တီးရီးယားပါဝင်မှု စစ်ဆေးခြင်းနည်းလမ်းများ စသည်တို့ကို စာတွေ့လက်တွေ့ သင်ကြားပေးခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**


## မိဘအမည်မှန်

ထီးချိုင့်မြို့၊ မြတောင် (အထက) ပဥ္စမတန်းမှ မောင်စောဘိုဘိုအောင်နှင့် မစောအယ်(လ်)လာတို့၏ မိဘအမည်မှန်မှာ ဦးစောဆားဖ ၁၃/မတတ(နိုင်)၀၀၀၄၁၆နှင့် ဒေါ်တော်ခဲ ၅/အတန(နိုင်)၀၀၈၃၀၉ တို့ဖြစ်ပါကြောင်း။

ဦးစောဆားဖ-ဒေါ်တော်ခဲ

## မိခင်အမည်မှန်

ထီးချိုင့်မြို့၊ မြတောင်(အထက) နဝမတန်းမှ မောင်တိုးလင်းအောင်၊ ဆဋ္ဌမတန်းမှ မောင်တိုးတက်အောင်နှင့် ပထမတန်းမှ မောင်ဖွဲ့မာန်အောင်တို့၏ မိခင်အမည်မှန်မှာ ဒေါ်ထားထားဝင်း ၉/တကတ(နိုင်)၀၀၀၃၈၈ ဖြစ်ပါကြောင်း။

ဒေါ်ထားထားဝင်း

## တစ်ဦးတည်းဖြစ်ပါကြောင်း

မိတ္ထီလာမြို့နယ်၊ အလည်ရွာ၊ အထက တက္ကသိုလ်ဝင်တန်း(ခ)မှ မကေသွယ်အောင်၏ ဖခင် ဦးမြို့ခင်(ခ) ဦးမျိုးခင် ၇/ပတတ(နိုင်)၀၄၄၇၆၃မှာ တစ်ဦးတည်းဖြစ်ပါသည်။

## တစ်ဦးတည်းဖြစ်ပါကြောင်း

မိတ္ထီလာမြို့နယ်၊ အလည်ရွာ၊ အထက တက္ကသိုလ်ဝင်တန်း(ခ)မှ မနဒီလှိုင်းနှင့် သတ္တမတန်းမှ မအိရတနာတို့၏ဖခင် ဦးမိုးဦး(ခ)ဦးဇော်မိုးဦး ၉/မထလ(နိုင်)၂၁၃၄၀၄မှာ တစ်ဦးတည်းဖြစ်ပါသည်။

## တစ်ဦးတည်းဖြစ်ပါကြောင်း

မိတ္ထီလာမြို့နယ်၊ အလည်ရွာ၊ အထက တက္ကသိုလ်ဝင်တန်း(ခ)မှ မတင်နီလာ၏မိခင် ဒေါ်အေးသိန်း(ခ) ဒေါ်မဲတူ ၉/သစန(နိုင်)၁၉၂၅၈၉မှာ တစ်ဦးတည်းဖြစ်ပါသည်။

## အမည်ပြောင်း

ဦးချိုချိုမောင် ၇/ကတခ(နိုင်)၀၅၇၀၁၆၏သား ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ အထက (၁)နဝမတန်း(F)မှ မောင်စောရမင်းထူးအား စောရေလ်မင်းထူး ဟု ပြောင်းလဲခေါ်ပါရန်။**စောရေလ်မင်းထူး**

**အောင်ပြည့်စုံ**

**အိမ်ပြောင်း၊ အိမ်ရွှေ့လုပ်ငန်း မြို့တွင်း/နယ်ဝေးများအတွက် ဈေးနှုန်းချိုသာစွာဖြင့် Box ကား မျိုးစုံဖြင့် အလုပ်သမားစီစဉ်ပေးသည်။**

**09-250095114**
**09-421041338**
**09-73224763**

## ဖခင်အမည်မှန်

မိတ္ထီလာမြို့ အထက (၁) တက္ကသိုလ်ဝင်တန်း(L)မှ မဟန်စုလွင်၏ ဖခင်အမည်မှန်မှာ ဦးသန်းလွင်ထွေး ၉/မထလ(နိုင်)၀၀၄၃၃၉ ဖြစ်ပါသည်။

## ရောင်းမည်။

၈၅'×၁၂၅'ပေ၊
အကွက်အမှတ်(၁၈၉)၊
မင်္ဂလာဒုံဥယျာဉ်မြို့တော်။
(ပါမစ်မြေ) သိန်း(၃၅၀၀)
၀၉ - ၄၂၈ ၀၅၅ ၅၅၅
၀၉ - ၄၉၂ ၀၀၁ ၄၇

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၄)၊ အကွက်အမှတ်(၇)၊ ခဲလယ်တောင်ရပ်၊ ဦးပိုင်အမှတ် ၃၉၊ မြေယာအမှတ် ၆၇ ဒသမ ၆၈၊ ဧရိယာ ၀ဒသမ၁၄ဧကရှိ ဂရန်မြေကွက်နှင့် အကျိုးခံစားခွင့်များသည် မြို့မြေဂရန်မှုနံပါတ် ၃၂/၁၉၃၈/၁၉၃၉အရ ကျွန်မ ဒေါ်သီတာ(ခ)ဒေါ်သီတာဆွေ ၉/မမန(နိုင်)၀၁၇၁၆၆၊ ဒေါ်နီလာ(ခ)ဒေါ်နီလာဆွေ ၉/မမန(နိုင်)၀၁၆၅၃၇နှင့် ဒေါ်သီဂီရွှေ(ခ)ဒေါ်သီဂီဆွေ ၉/မမန(နိုင်)၀၁၆၅၃၆တို့ အမည်ပေါက်ပိုင်ဆိုင်ပါသည်။

သို့ရာတွင် ကျွန်မတို့ပိုင် အထက်ပါမြေကွက်၏ ဂရန်အားသက်ဆိုင်ရာဌာနများတွင် ဥပဒေနှင့်အညီ သက်တမ်းတိုးဆောင်ရွက်မည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထားများဖြင့် ပြင်ဦးလွင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်လယ်ယာ မြေစာရင်းဦးစီးဌာန ပြင်ဦးလွင်မြို့သို့ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်သီတာ(ခ)ဒေါ်သီတာဆွေ ၉/မမန(နိုင်)၀၁၇၁၆၆၊**
**ဒေါ်နီလာ(ခ)ဒေါ်နီလာဆွေ ၉/မမန(နိုင်)၀၁၆၅၃၇**
**ဒေါ်သီဂီရွှေ(ခ)ဒေါ်သီဂီဆွေ ၉/မမန(နိုင်)၀၁၆၅၃၆**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၁၃)ရပ်ကွက်၊ ဗိုလ်အောင်ကျော်လမ်း၊ အမှတ်(၂၉၆/ခ)ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်(သောင်ကြီးမြောက်-၆)၊ မြေကွက်အမှတ် ၂၆၉/ခ၊ ဧရိယာ(အလျား ၂၀'×၆၀')အကျယ်ရှိ ပါမစ်မြေအမျိုးအစားမြေကွက်နှင့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အားလုံးကို ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ရွှေရည်ခိုင်က ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသ ပေးချေဝယ်ယူထားပြီးဖြစ်၍ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူရှိပါက စာချုပ်စာတမ်း အထောက်အထားခိုင်လုံစွာဖြင့် ခုနစ်ရက်အတွင်း ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝင်းထွဋ်(အထက်တန်းရှေ့နေ)**
**စဉ်-၂၄၉၀၈**
**အမှတ် ၁၁၊ကြေးပန်းထိမ်တန်းလမ်း၊ ကန်/တောင်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၃၂၀၁၀၅၈**

## AMARAPURA URBANDEVELOPMENT PUBLIC LIMITED

## အမရပူရမြို့ပြဖွံ့ဖြိုးမှုအများနှင့်သက်ဆိုင်သောလီမိတက် ဖွဲ့စည်းတည်ထောင်ပြီးကြောင်းကြေညာခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ ကုမ္ပဏီမှတ်ပုံတင်ခွင့်ပြုချက်အမှတ်-၃၂၁၀/၂၀၁၇-၂၀၁၈(၁၁-၁၀-၂၀၁၇)ဖြင့် AMARAPURA URBANDEVELOPMENT PUBLIC LIMITEDအား အများနှင့်သက်ဆိုင်သောကုမ္ပဏီအဖြစ် ဖွဲ့စည်းတည်ထောင်ပြီးဖြစ်ပါသည်။

၎င်းအများနှင့်သက်ဆိုင်သောကုမ္ပဏီသည်- နိုင်ငံတော်၏မြို့ပြနှင့် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးတွင် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်သည့် အများပိုင်စီးပွားရေးလုပ်ငန်း အဖွဲ့အစည်းတစ်ခု ဖြစ်ပေါ်လာစေရန်။

- မြို့ပြနှင့် အခြေခံအဆောက်အအုံများ တည်ဆောက်ခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းအသစ်များစွာဖော်ဆောင်ပေးနိုင်ရန်။
- နိုင်ငံတကာမှ ပညာရှင်များ ခန့်အပ်လုပ်ဆောင်ခြင်း၊ အဆင့်မြင့်နည်းပညာများအသုံးပြုခြင်းဖြင့် နိုင်ငံတကာအဆင့်မီအရည်အသွေးများ ရရှိစေရန်နှင့် ပြည်တွင်းမှဝန်ထမ်းများ အတွေ့အကြုံ၊ နည်းပညာများရရှိစေရန်၊ မိမိလုပ်ငန်းခွင် အပါအဝင် ထိစပ်ဝန်းကျင်ရှိသော ဒေသများ၏သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်တို့အား ပိုမိုတိုးတက်ကောင်းမွန်စေရန်၊ နမူနာကောင်းများ ဖန်တီးနိုင်စေရန်။
- ရင်းနှီးမြှုပ်နှံရန် လူအများယုံကြည်စိတ်ချရသော စီးပွားရေးအဖွဲ့အစည်းတစ်ခုဖြစ်လာစေရန် ရည်ရွယ်၍ အများနှင့်သက်ဆိုင်သောကုမ္ပဏီကို ဖွဲ့စည်းတည်ထောင်ထားခြင်းဖြစ်ပါသည်။

လုပ်ငန်းစတင်ဆောင်ရွက်ခွင့်လက်မှတ် (Certificate of Commencement of Business)ရရှိသည့်အခါ ရင်းနှီးမြှုပ်နှံရန် စိတ်ပါဝင်စားသည့် ပြည်သူများသို့ အစုရှယ်ယာတစ်စုလျှင် ကျပ် ၁၀၀၀၀/-(ကျပ်တစ်သောင်းတိတိ)ဖြင့် ဖိတ်ခေါ်ရောင်းချသွားမည်ဖြစ်ပါသည်။

**AMARAPURA URBANDEVELOPMENT PUBLICLIMITED**
**လိပ်စာ-အမှတ်(၁၇/၁၀)၊ မြစန္ဒာလမ်းနှင့် ၂၇ လမ်းထောင့်၊ ၆၂×၆၃ လမ်းကြား၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး**
**ဖုန်း-၀၉-၇၇၇၇၇၅၀၀၀**

NEW Product

လူကြီးမင်း၏ လိုအပ်ချက်ကို ယူပီဂျီမှ ဖြည့်ဆည်းပေးလိုက်ပါပြီ . . .

ပေါင်ဒါပတ်တီးများ အသုံးပြု၍ ဆေးအဖတ်လိုက်ကွာခြင်း၊ အယ်ကာလီများကြောင့် အဖြူရောင်အကွက်များဖြစ်ပေါ်ခြင်း၊ ဖုန်ကဲ့သို့ အမှုန်များထွက်ခြင်းတို့မဖြစ်ရေးအတွက် ယူပီဂျီမှ အသစ်ထပ်မံထွက်ရှိသော ပစ္စည်းသစ်နှစ်မျိုးက တာဝန်ယူလိုက်ပါပြီ . . .

## Hi–Bond Sealer (PBS11100)

ထူးခြားသောအရည်အသွေးရှိသည့် ရေဆေးအခြေခံဆီလာဖြစ်သည်။ Cementitious Skim Cote မျက်နှာပြင်၊ ကွန်ကရစ်နှင့် အင်္ဂတေအတွင်း၊ အပြင်မျက်နှာပြင်များပေါ်တွင် အသုံးပြုနိုင်သည်။

ဂုဏ်သတ္တိ

- အပေါ်ဆုံးသုတ်ဆေးလွှာကို စွဲကပ်အားကောင်းစေသည်။
- အယ်ကာလီ၊ ရေငွေ့၊ အရောင်လွင့်ခြင်းတို့မှ ကာကွယ်ပေးသည်။
- အမှုန့်ဖွာထွက်နေသော မျက်နှာပြင်ကိုစွဲကပ်အားကောင်းစေသည်။
- ပတ်ဝန်းကျင်ကို အန္တရာယ်ရှိစေသော ဘက်တီးရီးယားပေါက်ဖွားခြင်း၊ ကာဗွန်နေးရှင်းဖြစ်ခြင်းတို့မှ ကာကွယ်ပေးသည်။
- ပြဒါးနှင့် မာကျူရီပါဝင်မှုမရှိပါ။




♦ ၁လီတာဝယ်ယူတိုင်းအတွက် လူမှုရေးရန်ပုံငွေ (CSR) တွင် ၁၀၀ကျပ် ထည့်ဝင်လှူဒါန်းပါမည်။

UPG
SMART
SkimCote
For Exterior Use
SPS 11010




ဂုဏ်သတ္တိ

- ကွန်ကရစ်မျက်နှာပြင်ပေါ်တွင် စွဲကပ်မှုအားအလွန်ကောင်းခြင်း
- မျက်နှာပြင် ညီညာမှုရှိခြင်း
- ကော်ပတ်စားရန်လွယ်ကူခြင်း
- ပြင်ပသုံးရန်အထူးသင့်လျော်ခြင်း

ပြင်ပသုံး ပတ်တီးမှုန့်

အရည်အသွေးကောင်းမွန်သော Cementitious Skim Cote ကို ကွန်ကရစ်နှင့် အင်္ဂတေ အတွင်း၊ အပြင် မျက်နှာပြင်များပေါ်တွင် အချောကိုင်ရန် အသုံးပြုနိုင်သည်။

UPG UNITED PAINTS GROUP CO., LTD.
ISO 9001:2008 ISO 14001:2004 OHSAS 18001:2007

No. 174/ 188, 2nd Floor, Bo Myat Tun Street, Shwe Gabar Tower (II), Pazundaung Township, Yangon, Myanmar.
Tel: 95-1-200535, 299432 Fax: 95-1-299605
web site : www.upgpaint.com
email : info@upgpaint.com
facebook.com/upgpaint




## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်(နေပြည်တော်)၊ မဏိရတနာကျောက်စိမ်းခန်းမအနီးတွင် ကားရပ်ကွင်းအကျယ်(၃)ဧကခန့် ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) **လုပ်ငန်းအမျိုးအစား** - ကားရပ်ကွင်းအကျယ် (၃)ဧကခန့် ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ရန်

(ခ) **တင်ဒါပိတ်မည့်ရက်** - ၆-၁၁-၂၀၁၇ရက်၊ ၁၆:၀၀နာရီ

(ဂ) **တင်ဒါရောင်းချမည့်နေရာ** - မဏိရတနာကျောက်စိမ်းခန်းမ၊ အုပ်ချုပ်ရေးမှူးရုံး၊ နေပြည်တော်

၂။ ဈေးနှုန်းတင်သွင်းလွှာပုံစံနှင့် စည်းကမ်းချက်များကို မဏိရတနာကျောက်စိမ်းခန်းမ၊ အုပ်ချုပ်ရေးမှူးရုံးတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

**မှတ်ချက်** - အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၃၂၃၈၁၊ ၀၆၇-၄၃၂၃၈၄ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်**

## ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်းသို့ အလှူငွေလှူဒါန်းခြင်း



တောင်ဥက္ကလာပမြို့နယ်၊ (၁၁)ရပ်ကွက်၊ ၁၂ လမ်း၊ အမှတ် ၄၆၄နေ မိခင်ကြီး ဒေါ်တင်ညွန့်မိသားတစ်စုမှ ကွယ်လွန်သူမိဘများနှင့် ကွယ်လွန်သူ သား ဦးကြည်ဟန် ကွယ်လွန်ခြင်း(၄)နှစ်ပြည့်အားရည်စူး၍ ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်းသို့ အလှူငွေကျပ် ၁၀ သိန်းလှူဒါန်းရာ အုပ်ချုပ်ရေးမှူး ဦးပြုံးနှင့် သူနာပြုအုပ်ဒေါ်မြင့်မေတို့မှ လက်ခံယူပါသည်။

## မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း (MICPA) ၏ CPD ဟောပြောပွဲ

မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း (MICPA) ၏ CPD ဟောပြောပွဲကို CIMA မှ Executive Vice President Academics Dr.Noel Tagoe မှ "Winning Business Strategy" ခေါင်းစဉ်ဖြင့် ၂၀၁၇ခုနှစ် နိုဝင်ဘာ ၁၂ရက် (တနင်္ဂနွေနေ့) တွင် နံနက် ၈း၀၀ နာရီမှ မွန်းတည့် ၁၂း၀၀နာရီထိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ရန်ကုန်သင်တန်းကျောင်းရှိ ဟောပြောပွဲခန်းမတွင် ဟောပြောဆွေးနွေးပေးမည်ဖြစ်ပါသည်။ အဆိုပါဟောပြောပွဲသို့ စိတ်ပါဝင်စားသူမည်သူမဆို မှတ်ပုံတင်ကြေးပေးသွင်း၍ တက်ရောက်နိုင်ပြီး လက်မှတ်ရပြည်သူ့စာရင်းကိုင်များအနေဖြင့် CPD နာရီထောက်ခံချက် (လေးနာရီ) ရရှိမည်ဖြစ်ပါသည်။ အဆိုပါဟောပြောပွဲသို့ တက်ရောက်လိုသူများအနေဖြင့် ဟောပြောပွဲရက်မတိုင်မီ ရုံးချိန်အတွင်း ၁၀-၁၁-၂၀၁၇ရက် (သောကြာနေ့)နောက်ဆုံးထားပြီး ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ရန်ကုန်သင်တန်းကျောင်း၊ အလုံမြို့နယ်၊ သခင်မြပန်းခြံလမ်း၊ အမှတ် ၁/၁၉ ပထမထပ်ရှိ အသင်းရုံးခန်းသို့ လာရောက်ပြီး မှတ်ပုံတင်ကြေးပေးသွင်း၍ တက်ရောက်နိုင်ပါကြောင်းနှင့် နယ်မှလာရောက်မည့်သူများအနေဖြင့် အသင်းရုံးခန်းသို့ ကြိုတင်ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း၊ ဟောပြောပွဲကျင်းပသည့်ရက်တွင် မှတ်ပုံတင်ကြေးပေးသွင်း၍ တက်ရောက်ခြင်းကို (လုံးဝ)လက်ခံမည်မဟုတ်ကြောင်း၊ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၃၁၇၁၈၁၄၉ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

## တင်ဒါအောင်မြင်သည့်ကုမ္ပဏီများအား အသိပေးအကြောင်းကြားခြင်း

၇-၉-၂၀၁၇ရက်စွဲပါ မန္တလေးသတင်းစာနှင့် ၈-၉-၂၀၁၇ရက်စွဲပါ မြန်မာ့အလင်း၊ ကြေးမုံနှင့် ရတနာပုံသတင်းစာတို့တွင် ကြေညာထားသော မန္တလေးတိုင်းဒေသကြီး ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနမှ ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် တင်ဒါခေါ်ယူရာတွင် Lot(1) 25th Group Co.,Ltd, Lot (2) Royal Steel Palace Co.,Ltd, Lot(3) Four For All Co.,Ltd, Lot(4) စိုးမိုးသူ (မော်တာ)ရောင်းဝယ်ရေးကုမ္ပဏီ၊ Lot (5) ကုဋေကျော်ကုမ္ပဏီ၊ Lot(6) အောင်ခေတ်သစ်ကုမ္ပဏီ၊ Lot (7) မြေလတ်သစ္စာကုမ္ပဏီ၊Lot (8) မုဒုံမောင်မောင်ကုမ္ပဏီ စသည့် ကုမ္ပဏီများအား ၂၄-၁၀-၂၀၁၇ရက်တွင် ကျင်းပသော တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့မှ စိစစ်ရွေးချယ်တင်ဒါအောင်မြင်ကြောင်း ကြေညာအပ်ပါသည်။

ညွှန်ကြားရေးမှူးရုံး၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ၇၃လမ်းနှင့် သဇင်လမ်းထောင့်၊ ကြော်ငြာသင်ပုန်းတွင်လည်း ကြေညာထားပါသည်။ တင်ဒါအောင်မြင်သည့် ကုမ္ပဏီများသည် တစ်ပတ်အတွင်း လာရောက်စာချုပ်ချုပ်ဆို၍ လုပ်ငန်းစတင်ဆောင်ရွက်ရန်ဖြစ်ပါသည်။ တစ်ပတ်အတွင်း စာချုပ်လာရောက်မချုပ်ဆိုပါက ဒုတိယအောင်မြင်သည့် ကုမ္ပဏီအား ရွေးချယ်ဆောင်ရွက်စေမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**တင်ဒါရွေးချယ်စိစစ်ရေးအဖွဲ့**

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**
**ရန်ကုန်တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာန**
**တင်ဒါအမှတ်စဉ်(၁)/(၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်)**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်ခွင့်ပြုရန်ပုံငွေဖြင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် အသုံးပြုရန် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန အသိအမှတ်ပြုဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် မြို့နယ်များသို့အရောက် ဝယ်ယူလိုပါသဖြင့် တင်ဒါပေးသွင်းနိုင်ပါကြောင်း လိုင်စင်ရဆေးကုမ္ပဏီများအား ဖိတ်ခေါ်ကြေညာအပ်ပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂-၁၀-၂၀၁၇ရက်(တနင်္လာနေ့) နံနက် ၁၀း၀၀နာရီ

**တင်ဒါပိတ်မည့်ရက်** - ၁-၁၁-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄း၀၀နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် ဆေးဝါးစာရင်းအသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံး အမှတ် ၅၂၀၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ ဗဟန်းမြို့နယ် ဖုန်း-၀၁-၅၄၄၂၈၀၊ ၀၉-၇၆၅၁၅၁၂၇၀တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**ရန်ကုန်တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာန**

## CLAIMS DAY NOTICE

## M.V VIKING CHANCE VOY:NO(9)

Consignees of cargo carried by M.V VIKING CHANCE VOY:No(9) are here by notified that the vessel will arrive on about 29-10-2017 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့်တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

- ၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

**ပျောက်ဆုံးကြောင်း** ဒေါ်သက်သက်ဝင်း၏ Passport နံပါတ် MA 707300 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဖုန်း-၀၉-၅၁၄၉၈၂၀ သို့ ဆက်သွယ်အကြောင်းကြားပေးပါရန်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**
**ပြည်တွင်းအခွန်များဦးစီးဌာန**
**လျှောက်လွှာခေါ်ယူခြင်း**
**ကြော်ငြာစာအမှတ် ၁/၂၀၁၇**
**၁၃၇၉ ခုနှစ် တန်ဆောင်မုန်းလဆန်း ၅ ရက်**
**(၂၀၁၇ ခုနှစ် အောက်တိုဘာ ၂၄ ရက်)**

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနတွင် လစ်လပ်လျက်ရှိသည့် ရုံးအကူ/စာပို့ရာထူး (၃၀) နေရာအတွက် လျှောက်လွှာတင်သွင်းနိုင်ပါသည်။

၂။ လျှောက်ထားသူသည်-
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ၃၀-၁၁-၂၀၁၇ ရက်တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက်(၃၀) ထက်မကျော်လွန်သူဖြစ်ရမည်။
(ဂ) အနည်းဆုံးတက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။
(ဃ) ကျန်းမာရေးကောင်းမွန်သူဖြစ်ပြီး နေရာဒေသမရွေးသွားရောက်တာဝန်ထမ်းဆောင်နိုင်ရမည်။

၃။ လျှောက်လွှာတွင် အောက်ပါအချက်များကို ပြည့်စုံစွာဖော်ပြရမည်-
(က) လျှောက်ထားသူ၏ အမည်နှင့်နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်
(ခ) မွေးသက္ကရာဇ်
(ဂ) လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ
(ဃ) ပညာအရည်အချင်း၊ အောင်မြင်သည့်ခုနှစ်နှင့် အောင်မြင်ခဲ့သည့်ကျောင်း၊ တက္ကသိုလ်
(င) မိဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်နှင့်၎င်းတို့၏အလုပ်အကိုင်
(စ) ဆက်သွယ်ရန်လိပ်စာအပြည့်အစုံနှင့်ဖုန်းနံပါတ်
(ဆ) အမြဲတမ်းနေရပ်လိပ်စာအပြည့်အစုံ

၄။ လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်းများပူးတွဲပါရှိရမည်-
(က) နှစ်လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၂)ပုံ
(ခ) အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ၊ ဘွဲ့လက်မှတ်မိတ္တူ
(ဂ) အလုပ်သမားမှတ်ပုံတင်မိတ္တူ
(ဃ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ
(င) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်မူရင်း
(စ) သက်ဆိုင်ရာပြည်သူ့ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း

၅။ လျှောက်လွှာကို ပြည်တွင်းအခွန်များဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ် ၄၆၊ နေပြည်တော်သို့ ၂၄-၁၁-၂၀၁၇ရက် နောက်ဆုံးထား၍ ပေးပို့လျှောက်ထားရမည်။ လျှောက်လွှာပိတ်ရက်ထက်ကျော်လွန်ပေးပို့လာသော၊ စည်းကမ်းချက်နှင့်မကိုက်ညီသော လျှောက်လွှာများကို လက်ခံမည်မဟုတ်ပါ။

၆။ ရေးဖြေစာမေးပွဲအား ၈-၁၂-၂၀၁၇ရက်တွင် နေပြည်တော်၌ ကျင်းပပြုလုပ်မည်ဖြစ်ပြီး **အထွေထွေဗဟုသုတ** ဖြေဆိုရမည်။ ရေးဖြေစာမေးပွဲအောင်မြင်သူများကိုသာ လူတွေ့စစ်ဆေးခြင်းဆောင်ရွက်မည်ဖြစ်ပါသည်။

၇။ ဖြေဆိုခွင့်ကတ်ပြားများအား ၇-၁၂-၂၀၁၇ ရက်တွင် ပြည်တွင်းအခွန်များဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ် ၄၆၊ နေပြည်တော်တွင် ထုတ်ပေးမည်ဖြစ်ပါသည်။

၈။ အသေးစိတ်သိရှိလိုပါက ပြည်တွင်းအခွန်များဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ် ၄၆၊ နေပြည်တော်သို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ် ၀၆၇-၄၃၀၀၁၂ သို့ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။ **ပြည်တွင်းအခွန်များဦးစီးဌာန**

## ဖခင်အမည်မှန်

မော်လမြိုင်မြို့၊ အမက(မူလွန်)၊ (သရက်ကုန်း)၊ သူငယ်တန်း(KG)မှ မလင်းပပစိုး၏ ဖခင်အမည်မှန်မှာ ဦးတိုးပွား ၁၀/မဒန(နိုင်)၂၆၂၆၄၇ ဖြစ်ပါကြောင်း။ **ဦးတိုးပွား**

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နယ်၊ ဘုန်းဘွဲ့ကျေးရွာ၊ အထက (ခွဲ) အဋ္ဌမတန်းမှ မအိအိငြိမ်း၏ဖခင်ဦးဝင်းထွန်း၏ အမည်မှန်မှာ ဦးညွန့်လင်း ၅/ဝလန(နိုင်)၀၁၀၉၅၇ ဖြစ်ပါကြောင်း။ **ဦးညွန့်လင်း**

## ဖခင်အမည်မှန်

ကန့်ဘလူမြို့နယ်၊ အထက(ဇီးကုန်း)မှ တက္ကသိုလ်ဝင်တန်းကို ခုံအမှတ် စဇ-၁၁၀၁ ဖြင့်အောင်မြင်ခဲ့သော မောင်စိုးငြိမ်းထိုက်၏ဖခင်အမည်မှန်မှာ ဦးမြင့်စိုး ၅/ကဘလ(နိုင်)၀၇၇၆၆၇ ဖြစ်ပါကြောင်း။ **ဦးမြင့်စိုး**

## ဖခင်အမည်မှန်

ဒီပဲယင်းမြို့နယ်၊ နဂါးတွင်း-အထက (ခွဲ) နဝမတန်း (ခရေ) မှ မသိမ့်ထက်မွန်၏ ဖခင်အမည်မှန်မှာ ဦးဘိုသန် ၅/ဒပယ(နိုင်)၀၂၄၂၅၁ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

အရာတော်မြို့နယ်၊ တမာပင်ကျေးရွာနေ မောင်ကျော်ဖြိုးထွန်း၏ ဖခင်အမည်မှန်မှာဦးညွန့်ဦး ၅/အရတ(နိုင်)၀၂၂၉၆၉ ဖြစ်ပါကြောင်း။

## အမည်မှန်

အရာတော်မြို့နယ်၊ ဝါးတောမကျေးရွာအုပ်စု၊ တမာပင်ကျေးရွာနေ ဦးညိုဦး၏အမည်မှန်မှာ ဦးညွန့်ဦး ၅/အရတ(နိုင်)၀၂၂၉၆၉ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မုံရွာမြို့နယ်၊ အထက မုံရွေး-ကြေးမုံ နဝမတန်းမှ စိုင်းမွမ်းစင့်၏ ဖခင်အမည်မှန်မှာ ဦးကောစန်လ ၁၃/ကဟန(နိုင်)၀၀၃၉၁၉ ဖြစ်ပါကြောင်း။

# လှွတ်တော်အဆောက်အအုံအား ဒရုန်းဖြင့် ဓာတ်ပုံရိုက်ကူးရန် စီစဉ်သူများအား သက်ဆိုင်ရာမှ ခေါ်ယူမေးမြန်းစုံစမ်း



**နေပြည်တော် အောက်တိုဘာ ၂၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အရေးကြီးနေရာတစ်ခုဖြစ်သည့် လွှတ်တော်အဆောက်အအုံများအား ခွင့်ပြုချက်မရှိဘဲ ဒရုန်းဖြင့် ရိုက်ကူးရန် တူရကီနိုင်ငံ အခြေစိုက် စင်ကာပူရုံးခွဲ TRT သတင်းဌာနက ဆောင်ရွက်ခဲ့သည့်အတွက် သက်ဆိုင်ရာက ခေါ်ယူမေးမြန်းလျက်ရှိကြောင်း သိရသည်။

တူရကီနိုင်ငံအခြေစိုက် စင်ကာပူရုံးခွဲ TRT သတင်းဌာနမှ စင်ကာပူနိုင်ငံသား LAU HON MENG ၊ မလေးရှားနိုင်ငံသူ MOK CHOY LIN ၊ စကားပြန် မောင်အောင်နိုင်စိုး(ခ)ရာကွတ် ၊ ယာဉ်မောင်း ဦးလှတင် ပါဝင်သောအဖွဲ့သည် ယနေ့ နံနက် ၉ နာရီ မိနစ် ၅၀ ခန့်တွင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ရုံးအမှတ်(၂၇) အနီး၌ ဒရုန်းတစ်စင်းအား လွှတ်တင်နေကြောင်း ဆက်သွယ်အကြောင်းကြားချက်အရ ရဲမှူး ဆန်းအောင် ဦးဆောင်သောအဖွဲ့က သွားရောက်စစ်ဆေးရာ ၎င်းတို့ လေးဦးနှင့်အတူ MAVIC အမျိုးအစား ဒရုန်းခဲရောင်နှင့် Remote Control အား တွေ့ရှိရသည်။ **(ယာပုံ)**

ကနဦးစစ်ဆေးချက်များအရ မြန်မာနိုင်ငံ၏ရှုခင်းများ၊ လှပသော အဆောက်အအုံများ၊ ဘုရားစေတီနှင့် လွှတ်တော်အဆောက်အအုံများကို ရိုက်ကူးခြင်းဖြစ်ကြောင်း၊ လွှတ်တော်အဆောက်အအုံအား ရိုက်ကူးရန် ဒရုန်းကို လွှတ်တင်စဉ် လှည့်ကင်းအဖွဲ့မှ စစ်ဆေးခံရခြင်းဖြစ်ကြောင်း သိရသည်။

ယင်းကိစ္စနှင့် ပတ်သက်၍ နိုင်ငံခြားရေးဝန်ကြီးဌာနမှ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသံရုံးနှင့် မလေးရှားသံရုံးများသို့ အကြောင်းကြားထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# ငှက်တစ်ကောင်ကဲ့သို့ ပျံသန်းမှုကိုခံစားနိုင်သော Indoor Skydiving

**ရန်ကုန် အောက်တိုဘာ ၂၇**

ဝေဟင်ထဲတွင် ငှက်တစ်ကောင်ကဲ့သို့ ပျံသန်းနိုင်သော စိတ်ခံစားမှုအရသာကြောင့် ရန်ကုန်မြို့တွင် ပထမဆုံးဖွင့်လှစ်ခဲ့သည့် Indoor Skydiving သို့ ပြည်သူများ တစ်နေ့တခြား ပျော်ရွှင်စွာကစားသူများ တိုးပွားများပြားလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ရဲ့ Indoor Skydiving ဖွင့်လှစ်ရတဲ့ အဓိကရည်ရွယ်ချက်ကတော့ အလွတ်ခုန်၊ လေထီးခုန်အဖွဲ့တွေ တန်းမြှင့်လေ့ကျင့်ဖို့ရယ်။ ဒါ့အပြင် ပြည်သူလူထုတွေကိုလည်း

*စာမျက်နှာ ၅ ကော်လံ ၁*

## ဘောလုံးပွဲစဉ်များ တိုက်ရိုက်ထုတ်လွှင့်ပြသမည်

**နေပြည်တော် အောက်တိုဘာ ၂၇**

MNL Max Cement (2017) League ပြိုင်ပွဲ၏ နောက်ဆုံးပွဲစဉ်များအဖြစ် ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့တွင် ရှမ်းယူနိုက်တက်အသင်းနှင့် ဟံသာဝတီယူနိုက်တက် အသင်းတို့ကလည်းကောင်း၊ ရန်ကုန်မြို့တွင် ရန်ကုန်ယူနိုက်တက်အသင်းနှင့် ချင်းယူနိုက်တက်အသင်းတို့က လည်းကောင်း အောက်တိုဘာ ၂၉ ရက် မွန်းလွဲ ၃ နာရီတွင် တစ်ပြိုင်တည်း ကျင်းပသွားမည်ဖြစ်သည်။

တောင်ကြီးမြို့တွင် ယှဉ်ပြိုင်မည့် ရှမ်းယူနိုက်တက်အသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမှုကို MRTV နှင့် MRTV Digital Sport Channel တို့တွင် ယင်းနေ့ မွန်းလွဲ ၂ နာရီ ၄၅ မိနစ်မှ စတင်၍ တိုက်ရိုက်ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# တန်ဆောင်တိုင်ပွဲတော် အထူးအစီအစဉ် မဟာဗန္ဓုလပန်းခြံတွင် ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၇**

ရန်ကုန်မြို့၏ တန်ဆောင်တိုင်ပွဲတော်ကို အထူးအစီအစဉ်များဖြင့် ကျောက်တံတားမြို့နယ် မဟာဗန္ဓုလပန်းခြံတွင် နိုဝင်ဘာ ၂ ရက်မှ ၃ ရက်အထိ နှစ်ရက်တိုင်တိုင် စည်ကားစွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ပွဲတော်ကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ညွှန်ကြားမှု၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာန၏ ပံ့ပိုးမှုတို့ဖြင့် ပရီမီယာကော်ဖီမစ်ကုမ္ပဏီက စီစဉ်ကျင်းပသွားမည်ဖြစ်သည်။

ယခုအခါ ပြင်ဆင်မှုများအနေဖြင့် မဟာဗန္ဓုလပန်းခြံ မြို့တော်ခန်းမအရှေ့ဘက်ဝင်ပေါက်အဝတွင် မီးမုခ်ဦးဖြင့် တည်ဆောက်လျက်ရှိပြီး ရောင်စုံမီးများဖြင့် အလှဆင်သွားမည်ဟု သိရသည်။ အတွင်းဘက်လွတ်လပ်ရေးကျောက်တိုင်ရှေ့တွင် မီးအလှပေါင်းမိုးသဏ္ဍာန်ဖြင့် တည်ဆောက်လျက်ရှိသည်ကို တွေ့ရသည်။ ထို့အပြင် အပြင်တံတိုင်းများတွင်လည်း

*စာမျက်နှာ ၅ ကော်လံ ၅*

# UEHRD သို့ အများပြည်သူ လှူဒါန်းနိုင်ရန် ဘဏ်စာရင်းအသစ်များ အသိပေးကြေညာခြင်း

၁။ ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာထောက်ထားမှုအကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) ကော်မတီသို့ အများပြည်သူများ၏ အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ရေးအတွက် နေပြည်တော်၊ မြန်မာ့စီးပွားရေးဘဏ်ငွေစာရင်းအမှတ် EDU 600002 (US $ account: Myanmar Economic Bank, Bank Branch: Nay Pyi Taw, Account Number: EDU 600002) နှင့် နေပြည်တော် မြန်မာ့စီးပွားရေးဘဏ် ငွေစာရင်းအမှတ် CF 003434 (Myanmar Kyat Account: Myanmar Economic Bank, Bank Branch: Nay Pyi Taw, Account Number CF-003434) တို့ ဖွင့်လှစ်ထားရှိကြောင်း ၂၁-၁၀-၂၀၁၇ ရက်နေ့ထုတ် သတင်းစာများတွင် ဖော်ပြအသိပေးခဲ့ပါသည်။

၂။ ယခုအခါ ပြည်သူများ အလွယ်တကူ လက်လှမ်းမီလှူဒါန်းနိုင်စေရန်အတွက် UEHRD သို့ ဘဏ်စာရင်းအသစ်များ ဖွင့်လှစ်ထားရှိပြီးဖြစ်ရာ ပူးတွဲပါ ဘဏ်စာရင်းအသစ်များသို့ ပြောင်းလဲထည့်ဝင်လှူဒါန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာထောက်ထားမှုအကူအညီ**
**အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်းကော်မတီ**

| စဉ် | ဖွင့်လှစ်သည့်ဘဏ်အမည် | စာရင်းရှင် စာရင်းအမှတ် (Myanmar Kyat Account) | နိုင်ငံခြားငွေစာရင်းအမှတ် (US $ Account) |
|---|---|---|---|
| ၁ | ကမ္ဘောဇဘဏ် | 034 103 034 017 85901 | 206 109 206 015 42701 |
| ၂ | CB ဘဏ် | 009 310 040 000 0183 | 009 310 120 000 1007 |
| ၃ | AYA ဘဏ် | 000 110 501 002 2168 | 000 110 503 000 0135 |
| ၄ | မြန်မာ့စီးပွားရေးဘဏ် (နေပြည်တော်) | CF - 003638 | EDU - 400001 |

